The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ


စီးပွားရေးသတင်းဂျာနယ်

VOL. 20, NO. 21 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 13, 2020

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးရာဌာန ယူနန်ပြည်နယ် အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရတို့အကြား အွန်လိုင်းဆွေးနွေးပွဲသို့ တက်ရောက်

စာမျက်နှာ - ၃





## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး နိုင်ငံတော် အရေးပေါ် ရိက္ခာဆန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မျှတစွာ ရောင်းချနိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

စာမျက်နှာ - ၁၈



## မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ အကောင်အထည်ဖော်မည်

စာမျက်နှာ - ၂၀

## တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများ တင်ပို့မည့် ကုမ္ပဏီ ၄၃ ခုကို တရုတ်နိုင်ငံဘက်မှ အရည်အသွေးကြီးကြပ်စစ်ဆေးရေးဆိုင်ရာအချက်များ လက်ခံအသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၁၈


တောင်သူစီးပွားတိုးတက်ဖို့ "မဟာမင်း" ကို သုံးကြစို့...
မဟာမင်း
အရည်အသွေးက သေချာ ဈေးနှုန်းကလည်း ချိုသာ
ဦးကြီးတို့ရဲ့ ကောရာဇာ....
ကောရာဇာ
ကောရာဇာ ကုမ္ပဏီလီမိတက်
ကာဆူဒါဝင်
အမှတ် ၂၄၊ မြို့တော်ဂေါက်ကွင်းအိမ်ယာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၅၅၅၅၇၈၆၁၊ ၀၉ ၄၅၅၅၅၅၇၈၆၂၊ ၀၉ ၄၅၅၅၅၅၇၈၆၃

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးရာဌာန ယူနန်ပြည်နယ် အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရတို့အကြား အွန်လိုင်းဆွေးနွေးပွဲသို့ တက်ရောက်

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဌာန ယူနန်ပြည်နယ်အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့အကြား အွန်လိုင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲပထမပိုင်းအစီအစဉ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သော သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖတ်ကြားရာ ယနေ့ဆွေးနွေးပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အခြေခံပြီးဆောင်ရွက်သည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်နေရသည့် ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အစိုးရလုပ်ငန်းဆောင်တာများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် E-Government လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကပ်ရောဂါကာလစိန်ခေါ်မှုများ၊ အခက်အခဲများကို အခွင့်အလမ်းများအဖြစ် အသုံးချလျက် အစိုးရဌာနများ၏ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ် ပလက်ဖောင်းသို့ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းများ၊ ပြည်သူများအနေဖြင့် e-commerce စနစ်ကို အချိန်မီလက်လှမ်းမီ အသုံးပြုဆောင်ရွက်နိုင်ရေးကိုလည်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အတူ လူနေမှုဘဝများ ပုံမှန်လည်ပတ်နိုင်ရေးဟူသည့် ကပ်ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သည့် New Normal အနေအထားတွင် အီလက်ထရောနစ်နည်းပညာ၊ ဒစ်ဂျစ်တယ် ပလက်ဖောင်းတို့သည် အချိန်ကိုက် ပေါ်ပေါက်လာသည့် ထွက်ပေါက်တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို E-commerce စနစ်ကို တိုးမြှင့်အသုံးပြုခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အရှိန်မပျက် ဆက်လက်လည်ပတ်နိုင်မည်ဖြစ်သလို ကုန်ကျစရိတ်များကို ချွေတာလျှော့ချနိုင်ခြင်း၊ ငွေကြေးကိုင်တွယ်စီမံခန့်ခွဲရန် ပိုမိုလွယ်ကူခြင်း၊ ဈေးကွက်ပိုမိုရရှိလာနိုင်ခြင်း၊ အချိန်နှင့် လူအင်အားအသုံးပြုရမှုများ လျော့နည်းစေခြင်း စသည့် အကျိုးတရားများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ယူနန်ပြည်နယ်အစိုးရတို့အကြား ကျင်းပပြုလုပ်သည့် ယနေ့ဆွေးနွေးပွဲမှသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း နှစ်နိုင်ငံအကြား ဒစ်ဂျစ်တယ်ခြေလှမ်းသစ်တစ်ရပ်ကို တက်လှမ်းနိုင်ကြပါစေကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများအား e-commerce စနစ်ဖြင့် ပေါင်းစည်းမြှင့်တင်နိုင်ကြပါစေကြောင်း၊ ကပ်ရောဂါ၏စိန်ခေါ်မှုကို အတူတကွ ကျော်လွှားပြီး နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာစေမည့် လုပ်ငန်းစဉ်အသစ်များကို ကျယ်ကျယ်ပြန့်ပြန့်ဖော် ဆောင်နိုင်ကြပါစေကြောင်း တိုက်တွန်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။



စာမျက်နှာ ၄ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅၂) ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သော စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူစေရေး (Ease of Doing Business)၊ ဈေးကွက်အတွင်း မျှတသောယှဉ်ပြိုင်မှုဖြစ်ပေါ်စေရေး၊ စားသုံးသူအကာအကွယ်ပေးရေး၊ အလုပ်အကိုင် ဖန်တီးပေးရေးနှင့် မူပိုင်ခွင့်ကာကွယ်မှုမြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် လိုအပ်သည့် ဖြေလျှော့မှုများကို စနစ်တကျ ဆောင်ရွက်ပေးခြင်း၊ ဥပဒေစည်းမျဉ်းများကို ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန် မွမ်းမံပြင်ဆင်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်မည့် အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကိုလည်း မဟာဗျူဟာကျသော နေရာများတွင် တည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပို့ကုန်ကဏ္ဍတွင် စတုတ္ထတစ်နှစ်တာကာလအတွင်း ၁၆ ဘီလီယံကျော်တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ရှိသည့်အတွက် ကုန်သွယ်မှုလိုငွေမှာ လည်း သိသာ စွာကျဆင်းလာခဲ့ကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် နည်းပညာ၊ သက်သာသော ချေးငွေ၊ ကောင်းမွန်သော အခြေခံအဆောက်အဦ စသည်တို့ ပံ့ပိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်



စာမျက်နှာ (၁၃)သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
မင်းအောင်အေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်၊
သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၄၄၈ ၀၄၇၁၃၂)
မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
မြင့်ဇော်မိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၀၇၄၉)

**ကွန်ပျူတာ**
အိမွန်မွန်သူ၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တင်ပို့မှု ယခင်တစ်ပတ်ထက်လျော့နည်း

ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၈ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၅၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ တင်ပို့မှုများအနေဖြင့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၁၄၂၀ ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၁၀၀ နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၄၀ ခန့်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၂၀၀၀ ကျော်လျော့နည်း တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၇၃၀၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန်ချိန် ၁၄၀နီးပါး တင်ပို့နိုင်သဖြင့် စုစုပေါင်း ဆန်ကွဲတန်ချိန် ၇၄၄၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၄ သန်း တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၂၃၀၀ ခန့်ပိုမိုခဲ့သည်။ ဇွန် ၂၈ ရက်မှ ဇူလိုင်၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၃ သန်း တန်ဖိုး ရှိ ဆန်တန်ချိန် ၁၄၄၈၀ ခန့် တင်ပို့နိုင်ခဲ့သည်။ တင်ပို့ မှုအနေ ဖြင့် အီးယူနိုင်ငံများသို့ ဆန်တန်ချိန် ၆၆၄၀ ခန့်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၅၈၄၀ နီးပါးနှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့်နှိုင်းယှဉ်လျှင် ၃၇၀၀ ခန့် လျော့နည်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတန်ချိန် ၁၃၂၀၀ နီးပါး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈၉ သန်းရှိကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၈၀၈၀ ခန့်နှင့် အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၅၁၂၀ နီးပါးတင်ပို့နိုင်သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၇၉၀ ကျော် လျော့နည်း တင်ပို့နိုင်ခဲ့သည်။

ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်း တန်ချိန် ၃၆၆၂၀ ခန့် တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၄၅၀၀ ခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# မအူပင်မြို့နယ်တွင် ဆန်၊ စပါးဈေး အကျဘက်သို့ ဦးတည်

မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိပြီး ယခင်နှစ်က မိုးစပါး ၁၄၁၂၇၈ ဧက စိုက်ပျိုးရိတ်သိမ်းဆောင်ရွက်နိုင်ခဲ့သည်။ ယခုနှစ်တွင် မိုးစပါး ၇၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးရန် အနည်းငယ်သာလိုကြောင်း စက်ပိုင်များထံမှ သိရှိရသည်။

ယခုအခါ မိုးစပါး သီးထပ်ရင် တင်း ၁၀၀ လျှင် ကျပ် ၅၈၀၀၀၀၊ ရက် ၉၀ စပါးတင်း ၁၀၀ လျှင်ကျပ် ၆၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှ အနိမ့်စတစ်အိတ်လျှင်ကျပ် ၁၉၅၀၀ဖြင့် ဈေးကျနေသည်။ပေါ်ဆန်းစပါးဈေးမှာကျပ် ၉၀၀၀၀၀ ဝန်းကျင်နှင့် အရောင်းအဝယ်ဖြစ်နေပြီး ပေါ်ဆန်းတစ်အိတ်လျှင်ကျပ် ၃၅၀၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ကာ ရန်ကုန်ဘုရင့်နောင်တွင် ဈေးကျနေသဖြင့် မအူပင်ဆန်စပါးဈေးကွက်ကိုသာ အားထားနေရကြောင်း ဝင်းသီဂီဆန်စက်၊ စိန်သီဟဆန်စက်၊ ရွှေလဝန်းဆန်စက်၊ စိုးမိသားစုဆန်စက်နှင့် ကျော်ပဒေသာ ဆန်စက်များမှစက်ပိုင်များ၏ ပြောကြားချက်အရ သိရှိရသည်။

**CONSUMER-MT**

# ဧရာဝတီတိုင်းအတွင်း ဆန်၊ စပါးဈေးကွက် ဈေးအနည်းငယ်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက် အရောင်းအဝယ်အေးလျက်ရှိပြီး မြို့နယ်အချို့တွင် ဧည့်မထ မိုး/နွေ ဆန်၊ စပါး ဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း တိုင်းဆန်စပါးသတင်းများမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခင်အပတ်က ပေါ်ဆန်းစပါး ၄၆ ပေါင်၊ တင်း ၁၀၀ ကို ကျပ် ၇၈၅၀၀၀ ဈေးမှ ယခုဈေးကျပ် ၇၇၀၀၀၀ဖြစ်သွားသည့်အတွက် စပါးတင်း ၁၀၀ကို ကျပ် ၁၅၀၀၀ ခန့် ဈေးနှုန်းကျဆင်းလျက်ရှိပြီး ဖျာပုံခရိုင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ယခင်မိုးဧည့်မထ စပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၆၀၇၀၀၀/ ၆၅၃၀၀၀ ဈေးမှ ယခုဈေး ကျပ် ၅၈၈၀၀၀/၆၃၄၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ကို ကျပ် ၁၉၀၀၀ ဈေးနှုန်းကျဆင်းခဲ့သည်။ မိုးဆန်တစ်အိတ် ယခင် ကျပ် ၂၆၀၀၀/ ၂၇၀၀၀ မှ ယခု ကျပ် ၂၅၀၀၀/ ၂၆၀၀၀ ဖြစ်သွား၍ ဆန် တစ်အိတ်ကို ကျပ် ၁၀၀၀ ဈေးနှုန်းကျဆင်းခဲ့သည်။

အဆိုပါ မြို့နယ်များတွင် ယခင် ဧည့်မထနွေစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၆၁၆၀၀၀/ ၆၂၅၀၀၀ ဈေးမှ ယခုဈေး ကျပ် ၅၉၈၀၀၀/ ၆၀၇၀၀၀ဈေးနှုန်းကျဆင်းပြီး စပါးတင်း၁၀၀ ကို ကျပ်၁၈၀၀၀ နှင့် ဆန်တစ်အိတ်ကို ကျပ်၂၄၅၀၀ မှ ကျပ် ၂၄၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ဈေးနှုန်းကျဆင်းပြီး အခြား မြို့နယ်များတွင်လည်း ဈေးနှုန်း အနည်းငယ်ကျဆင်းမှုရှိကြောင်း တိုင်းဆန်စပါးသတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန. . . မှအဆက်

ဆက်လက်ပြီး မြန်မာနိုင်ငံဘက်မှ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က လည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံတကာရေးရာဌာန (IDCPC) မှ ဝန်ကြီးMr. Song Tao၊ တရုတ်ကွန်မြူနစ်ပါတီဗဟို ကော်မတီမှ ဒုတိယဝန်ကြီး Mr. Guo Yezhou၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Chen Hai တို့ကလည်းကောင်း အမှာစကားများ ပြောကြားခဲ့ကြသည်။

ဆွေးနွေးပွဲကို နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်များ အကောင်အထည်ဖော်ရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေအောက် စွမ်းဆောင်မှု အတွေ့အကြုံဆွေးနွေးရန်၊ ဒေသနှစ်ရပ် လက်တွေ့ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်၊ နှစ်နိုင်ငံနှင့် ဒေသနှစ်ခုအကြား BRI နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံလူမှုစီးပွား လျင်မြန်စွာနာလန်ထူရန်၊ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား Digital economy၊ E-commerce၊ ဆင်းရဲမှုလျှော့ချရေး စသောနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အွန်လိုင်းဆွေးနွေးပွဲသို့မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင်များတက်ရောက်ခဲ့ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ ယူနန်ပြည်နယ်အစိုးရ နိုင်ငံခြားရေးရုံးမှ ကိုယ်စားလှယ်များ၊ ယူနန်ပြည်နယ်အစိုးရ ကုန်သွယ်ရေးဦးစီးဌာန၊ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးကော်မရှင်၊ ဆင်းရဲမှုပပျောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ Alibaba ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ညနေ ၄ နာရီတွင် ဆွေးနွေးပွဲပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၀-၇-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၂၆ | ၅၂၆ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၁၀ | ၅၁၀ | □ | ၄၄၈ | ၄၄၈ | □ | ၃၇၈ | ၃၇၈ | □ | ၄၃၈ | ၄၂၈ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၉၁ | ၄၉၁ | □ | ၄၃၆ | ၄၃၆ | □ | ၃၄၈ | ၃၄၈ | □ | ၃၇၁ | ၃၇၁ | □ |
| ပေါင်းဆန် | ၅၃၂ | ၅၃၂ | □ | - | - | - | ၃၇၃ | ၃၇၃ | □ | ၄၅၃ | ၄၅၃ | □ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၁၀-၇-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ - ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၉၀၀ | □ | ၂၄၀၀၀ | □ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၅၅၀၀ | □ | ၇၆၂၀ | □ | ၃၆၀၀၀ | □ |
| ပဲခူး | ၅၉၈၀ | △ | ၂၄၅၀၀ | △ | ၇၂၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၂၀၀၀ | △ | ၁၃၀၀၀ | □ | ၄၃၀၀၀ | □ |
| စစ်တွေ | ၅၃၀၀ | □ | ၂၃၀၀၀ | □ | ၈၅၀၀ | □ | ၄၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၂၀၀ | □ | ၂၈၀၀၀ | △ | - | - | ၄၄၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၆၀၀ | △ | ၂၄၃၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၈၀၀၀ | △ | - | - | ၅၁၀၀၀ | △ |
| မကွေး | ၇၀၀၀ | □ | ၃၄၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| မော်လမြိုင် | ၅၆၀၀ | △ | ၂၇၀၀၀ | □ | ၈၃၀၀ | □ | ၃၆၀၀၀ | □ |
| လှိုင်ကော် | ၈၃၁၀ | □ | ၃၇၀၀၀ | □ | - | - | ၆၃၀၀၀ | □ |
| မြိတ် | ၆၂၅၀ | □ | ၂၆၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၆၅၀၀ | ▽ | ၂၅၅၀၀ | □ | - | - | ၃၂၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃-၇-၂၀၂၀မှ ၉-၇-၂၀၂၀ရက်နေ့အထိ Online CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 389 | 8 | - | - | - | 397 |
| | Form AANZ | 9 | - | - | - | - | 9 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 87 | 4 | - | - | - | 91 |
| | Form AJ | 20 | 1 | - | - | - | 21 |
| | Form AK | 131 | 10 | - | - | - | 141 |
| | Form CHINA | 1 | - | - | - | - | 1 |
| | Form D | - | - | - | - | - | - |
| | Form DFTP | 4 | - | - | - | - | 4 |
| | Form E | 106 | 15 | - | - | - | 121 |
| | Form Korea | 13 | 1 | - | - | - | 14 |
| | E Form D | 131 | - | - | - | - | 131 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 891 | 39 | - | - | - | 930 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၇-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု | ၃/၇ | ၁၀/၇ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၆၄၁ | ၁၆၀၀ | ▼ | ၁၅၅၀ | ၁၅၈၃ | ▲ | ၁၅၀၀ | ၁၅၀၀ | ■ | ၁၅၅၀ | ၁၅၅၀ | ■ |
| ပဲစင်းငုံ | ၁၃၄၇ | ၁၃၃၀ | ▼ | ၁၂၆၇ | ၁၂၅၀ | ▼ | ၁၂၆၅ | ၁၂၅၅ | ▼ | ၁၂၈၅ | ၁၂၈၅ | ■ |
| ပဲတီစိမ်း | ၁၈၃၀ | ၁၈၃၀ | ■ | ၁၈၄၉ | ၁၈၈၄ | ▲ | ၁၆၉၅ | ၁၇၆၃ | ▲ | ၁၈၁၅ | ၁၈၁၅ | ■ |
| ကုလားပဲရိုးရိုး | ၁၇၀၀ | ၁၇၀၀ | ■ | ၁၂၈၄ | ၁၂၉၃ | ▲ | ၁၂၈၄ | ၁၂၈၉ | ▲ | ၁၂၃၅ | ၁၂၅၀ | ▲ |
| ပဲလွန်းဖြူ | ၁၇၈၀ | - | | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၈၈၉ | ၉၂၄ | ▲ | ၈၃၂ | ၈၁၆ | ▼ | ၈၇၀ | ၈၇၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၇.၆.၂၀၂၀)ထိ | ယခုတစ်ပတ် (၄.၇.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၄.၇.၂၀၂၀) ထိ |
| မတ်ပဲ | ၃၃၀၄၇၃ | ၁၂၈၇၅ | ၃၄၃၃၄၈ |
| ပဲတီစိမ်း | ၁၀၄၂၃၉ | ၄၅၀၀ | ၁၀၈၇၃၉ |
| ပဲစင်းငုံ | ၁၅၂၈၁ | ၁၃၇၁ | ၁၆၆၅၂ |
| ကုလားပဲ | ၉၅၂၄ | ၃၉၀ | ၉၉၁၄ |
| ပဲလွန်းဖြူ | ၁၉၈၈၁ | ၃၁၃ | ၂၀၁၉၄ |
| မြေထောက်ပဲ | ၁၅၃၆၅ | ၁၂၇၂ | ၁၆၆၃၇ |

# ပြည်ဈေးကွက်တွင် မြေပဲဆန်များ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြည်ဒေသတွင် ယခုအပတ်မြေပဲဆန်အဖြူမှာ ဈေးငြိမ်နေသော်လည်း မြေပဲဆန်အနီမှာ ဈေးအနည်းငယ်ကျလာသည်။

ယခုအချိန်တွင် မိုးမြေပဲများစိုက်ပျိုးချိန်ဖြစ်၍ ပြည်ခရိုင်တွင် ၂၇၆၃၉ ဧကစိုက်ပျိုးပြီးဖြစ်သည်။ တစ်ရက်လျှင် အိတ် ၁၀၀ လောက် အဝင်ရှိနေသည်။ မြေပဲဆန်အနီမှာဈေးကျသော်လည်း လုပ်ငန်းရှင်များအဝယ်ရှိ၍ တစ်ရက်လျှင်အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်သလို မြေပဲဆန်အဖြူမှာလည်း တစ်နေ့လျှင် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုအပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ)တစ်ပိဿာလျှင် ၂၄၅၀-၂၅၀၀ ကျပ် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၂၅၅၀ ဖြစ်ပြီး လုံးဆန် (အဖြူ)တစ်ပိဿာလျှင်ကျပ် ၂၈၀၀-၂၉၀၀နှင့် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၉၀၀ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

# ပခုက္ကူကုန်စည်ဒိုင်တွင် ပဲတီစိမ်းသေး အရောင်းအဝယ်ဖြစ်နေ

ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသမှထွက်ရှိသော ပဲစင်းငုံ၊ ကုလားပဲ၊ ထောပြူ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ နှမ်း၊ မြေပဲ၊ ပြောင်းဖူးစေ့နှင့် အခြားသီးနှံမျိုးစုံ ဥပုသ်နေ့မှလွဲ၍ ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။ ယခု တစ်ပတ် ပခုက္ကူကုန်စည်ဒိုင်သို့ အညာဒေသထွက် သီးနှံတစ်မျိုးဖြစ်သည့် ပဲတီစိမ်းသေးမှာတစ်တင်းလျှင် ကျပ် ၃၃၁၀၀ ဈေးဖြင့် စတင် အရောင်းအဝယ်ဖြစ်နေခဲ့သည်။

ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၄၀၀၊ ပဲစင်းငုံနီတစ်တင်းလျှင်ကျပ် ၂၅၃၀၀ ဖြင့် အိတ် ၁၀၀၊ ကုလားပဲသုံးမျိုးဖြစ်သည့် ကုလားပဲဝါ(HL) တစ်တင်းလျှင် ကျပ် ၂၂၉၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး (929 )တစ်တင်းလျှင်ကျပ် ၂၄၀၀၀ဖြင့် အိတ် ၅၀ ၊ ကုလားပဲဖြူ (V2)တစ်တင်းလျှင် ကျပ် ၂၄၀၀၀ဖြင့် အိတ် ၅၀ ၊ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၆၉၀၀ ဖြင့် အိတ် ၅၀၊ ထောဖြူကျွန်းတစ်တင်းလျှင် ၁၆၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့(CP)တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ် ၃၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်းကုန်စည်ဒိုင်မှ သိရှိရသည်။

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် ပဲတီစိမ်း၊ ပြောင်းဖူးစေ့၊ နှမ်းဖြူသန့် အရောင်းအဝယ် လှိုင်လှိုင်ဖြစ်နေသည်။ ယခုတစ်ပတ် ပဲတီစိမ်းဈေးမှာတစ်တင်းလျှင် ကျပ် ၃၂၀၀၀ မှ ၃၄၀၀၀ ဖြင့် အိတ် ၂၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၉၂၀၀ ဖြင့် အိတ် ၁၀၀၀၊ နှမ်းဖြူသန့်တစ်တင်းလျှင် ကျပ် ၃၄၀၀၀ -၃၇၀၀၀ ဖြင့် အိတ် ၅၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဟင်္သာတမတ်ပဲဈေး အနည်းငယ်တက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် ဇူလိုင်ပထမပတ်က တစ်တင်းလျှင်ကျပ် ၃၁၅၀၀ ဈေးပေါက်ခဲ့သော မတ်ပဲသည်ဇူလိုင် ၉ ရက်တွင်ကျပ်၃၁၉၀၀ ဖြင့်အိတ် ၁၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်သီတင်းပတ်ထက် ဈေးအနည်းငယ် မြင့်တက်ခဲ့သည်။ ပဲတီစိမ်း (ဆီပြောင်) နှင့်ပဲတီစိမ်း(ဝါးခယ်မ) ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်ပြီး တစ်တင်းလျှင်ကျပ်၃၅၅၀၀ မှကျပ် ၃၆၀၀၀အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကာ အရည်အသွေးကောင်းလျှင်ကောင်းသလို ဈေးရလျက်ရှိသည်။

ပဲလွန်းနီတစ်တင်းလျှင်ကျပ် ၂၉၀၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၀၀၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၁၀၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၂၀၀ ဈေးကျဆင်းခဲ့သည်။ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင်ကျပ် ၉၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၅၀၀ မြင့်တက်ခဲ့သည်။ ဆန်ကွဲ(၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင်ကျပ်၁၆၅၀၀၊ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၅၅၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။ **မောင်မောင်မြတ်ခိုင်**



# ရေနံချောင်း၌ ပဲတီစိမ်း အထွက်ကောင်းမွန်ပြီး ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ပဲတီစိမ်းများ ဆွတ်ခူးနေကြပြီဖြစ်ရာ အထွက်ကောင်းမွန်ပြီး ဈေးကောင်းရလျက်ရှိကြောင်း ရေနံချောင်းမြို့နယ်တောင်သူများထံက သိရသည်။

"ကျွန်တော်တို့ လက်ရှိပဲတီစိမ်းတွေက ရိတ်သိမ်းပြီးစီးနေတာတွေလည်း ရှိတယ်။ အချို့တောင်သူတွေကတော့ ယခုမှ ဆွတ်ခူးကြတာပါ။ ရေသွင်းပဲတွေပါ။ ဈေးအနေနဲ့ ပဲတီစိမ်းတစ်တင်းကျပ် ၃၅၀၀၀၊ ကျပ် ၃၈၀၀၀ ရှိပြီး ပဲအနေအထားပေါ် မူတည်ပြီး ရောင်းရတယ်"ဟု ရှားတစ်ပင်ကျေးရွာ ဒေသခံအမျိုးသားတစ်ဦးကပြောသည်။

မေလကုန်ရက်ပိုင်း ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်သာရရှိခဲ့ပြီး ယခုပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးကောင်းရခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိဈေးကွက်အနေအထားအရ ရေနံချောင်းမြို့နယ်ထွက် ပဲတီစိမ်းကို ပဲပင်ပေါက်လုပ်ငန်းနှင့်ခွဲခြမ်းစက်များက အဓိကဝယ်ယူလျက်ရှိကြောင်းသိရသည်။ ယခုနှစ် ပဲတီစိမ်းကို ဧက ၁၂၉၄၅ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

# ပြည်ပဲမျိုးစုံ ဈေးကွက်တွင် ဗိုလ်ကိုတ်နှင့် စားတော်ပဲဈေးကောင်းရနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင် ယခုတစ်ပတ် ပြည်ပဝယ်လက်ပဲများ ဈေးငြိမ်နေပြီး လက်လီလက်ကား ဝယ်ယူနေခြင်းကြောင့် ပဲအချို့ ဈေးမြင့်တက်လာခဲ့ကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲသီးနှံမှာ ဈေးငြိမ်နေပြီး တစ်တင်းကျပ် ၃၁၅၀၀ဖြင့် ရန်ကုန်ဝယ်လက်ဝယ်ယူသည့်ရက်တွင် အိတ် ၂၀၀/၃၀၀ကျော် ရောင်းချခဲ့ကြရကြောင်းသိရသည်။

ပဲဝင်ရောက်မှုသိပ်မရှိသော်လည်း လက်ကျန်ပဲများရှိခဲ့၍ ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ကြပြီး နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြား အရောင်းအဝယ်ဖြစ်ခဲ့သည်။ မတ်ပဲသီးနှံမှာ ယခင်နှစ်ဈေးနှင့်ယှဉ်လျှင် ဈေးကောင်းရနေသည်။

**ပဲကြီး**

ပဲကြီးသီးနှံမှာ နေ့စဉ် အရောင်းအဝယ်ဖြစ်ပြီး ပဲဝင်ရောက်မှုလည်း နေ့စဉ်ရှိသလို လှော်ပဲများလည်း ရှိနေသည့်အတွက် ပဲကြော်ဖိုဝယ်လက်သမား အဝယ်ရှိသလောက် ရောင်းချနိုင်ခဲ့သည်။

တစ်ရက်အိတ် ၂၀၀ ကျော်၊ ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးနှုန်းများမှာ (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၅၀၀၀ တို့ဖြင့် အသီးသီး ရောင်းဝယ်နေခဲ့ကြသည်။ ပဲကြီးသီးနှံမှာ ယခုနှစ်တွင် ကျပ်သုံးသောင်းအောက် လျော့နည်းနေကာ ဈေးအေးခဲ့သည့် သီးနှံဖြစ်ခဲ့သည်။

**ဗိုလ်ကိုတ်**

ဗိုလ်ကိုတ်ပဲသီးနှံအနေဖြင့် လက်လီ/လက်ကား အဝယ်ရှိခြင်းကြောင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေသည်။ လက်လီပုံမှန်ဝယ်ယူမှုအနေဖြင့် အိတ်၂၀/၃၀ကျော် ရောင်းဝယ်ခဲ့ကြရသလို ရန်ကုန်ဝယ်လက်လက်ကားဝယ်ယူသည့်အခါ အိတ် ၅၀ကျော်၊ ၁၀၀နီးပါးရောင်းချခဲ့ကြရကြောင်း သိရသည်။ ပဲဈေးအနေဖြင့် တစ်တင်းကျပ် ၂၈၀၀၀ ဖြင့် ယခင်အပတ်ထက် ဈေးပိုရလာခဲ့သည်။

**စားတော်ပဲ**

စားတော်ပဲသီးနှံမှာ ဈေးကွက်တွင် ဈေးအမြင့်ဆုံးရနေကြောင်း သိရသည်။ နှစ်စဉ်လိုလို ဈေးကောင်းရသည့် သီးနှံဖြစ်ခဲ့ပြီး ဒေသတွင်း လက်လီသမားများ အဓိကဝယ်ယူမှုရှိကြသည်။

တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်သမားများလည်း ဝယ်ယူခဲ့ကြပြီး ပဲဈေးမှာ တစ်တင်းကျပ် ၄၂၀၀၀ ထိ ဈေးအမြင့်ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်းသိရသည်။ **ခင်ဆွေဝင်း(ပြည်)**

# ကိုဗစ်၊ ယှဉ်ပြိုင်မှု ပေါ်လစီနှင့် ဘေးကျပ် နံကျပ်

**သိန်းမြင့်ဝေ**

ယခုအခါ အစိုးရများသည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ၏ ရိုက်ခတ်မှုများကို ကြိုးစားထိန်းချုပ်ရန် အစီအမံအမျိုးမျိုးကို လုပ်ဆောင်လျက်ရှိသည်။ ဗိုင်းရပ်စ်ပိုးသည် တစ်ကမ္ဘာလုံးကို ဒုက္ခပေးနေပါသည်။ လူပေါင်းသိန်းချီ သေဆုံးနေသည်။ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE) နှင့် စားသောက်ကုန်စည်များပြတ်လပ်ခြင်း၊ ထုတ်လုပ်မှုကွင်းဆက်များ (Supply chains) ပြတ်တောက်ခြင်း၊ စီးပွားရေးလုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်း စသည်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ စီးပွားရေးလုပ်ငန်းအားလုံး မပြိုလဲရေးအတွက် ရုန်းကန်နေကြရသည်။ အဆင့်မြင့်ဌာနဆိုင်ရာများ၏ စီးပွားရေးလုပ်ငန်းများအပေါ် ထိန်းကျောင်းမှုများလည်း လျော့ရဲလာသည်။ အထူးသဖြင့် လုပ်ငန်းယှဉ်ပြိုင်မှုကို ထိန်းချုပ်သော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့နေရသည်။ ထိုကဲ့သို့ ဖြေလျှော့ခြင်းကြောင့် ထုတ်လုပ်မှုကွင်းဆက်များ ကောင်းမွန်လာနိုင်ပြီး ပြန်လည်ဖွင့်လှစ်စ လက်လီအရောင်းဆိုင် များလည်း အဆင်ပြေလာမည်ဟု မျှော်လင့်ပါသည်။

## ယှဉ်ပြိုင်မှုဥပဒေဆိုသည်မှာ

အမေရိကန်နိုင်ငံတွင် ယှဉ်ပြိုင်မှုဥပဒေ (Competition law) ကို လက်ဝါးကြီးအုပ်လုပ်ငန်းတိုက်ဖျက်သော ဥပဒေ (Anti-trust law) ဟုခေါ်ဆိုသည်။ ယှဉ်ပြိုင်မှုဥပဒေသည် တစ်ဦးတည်း လက်ဝါးကြီးအုပ်ချုပ်ကိုင်လိုသော၊ မောင်ပိုင်စီးသော စီးပွားရေးလုပ်ဆောင်ချက်များကို ထိန်းချုပ်ပါသည်။ ထိုကဲ့သို့ ထိန်းချုပ်ပြီး ဈေးကွက်ယှဉ်ပြိုင်မှုကို ထိန်းသိမ်းပေးပါသည်။ လက်ဝါးကြီးအုပ်သော လုပ်ဆောင်ချက်များ (Anti-competitive activities) တွင် ဝယ်ယူသောဈေးနှုန်း သို့မဟုတ် ရောင်းချသောဈေးနှုန်းကို ထိန်းချုပ်ရန် စီးပွားရေးလုပ်ငန်းများအကြား သဘောတူထားခြင်း (ဥပမာ-အခြားလုပ်ငန်းများကို ထိခိုက်စေရန်ဈေးနှုန်းလျှော့၍ ရောင်းချခြင်း)၊ ဈေးကွက်ဝေစုကို ခွဲဝေရယူထားခြင်း၊ ကုန်ကြမ်းရရှိနိုင်သော နေရာများကို ညှိနှိုင်းချုပ်ကိုင်ထားခြင်း၊ ထုတ်လုပ်မှုကို ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချထုတ်လုပ်ခြင်း၊ ဖောက်သည်များကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းများကို ခွဲခြားဆက်ဆံခြင်းတို့ အကျုံးဝင်သည်။ ဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်သော အထင်ရှားဆုံးအဖွဲ့အစည်း (Anti-competitive entity)မှာ Cartel ဟူသော ထုတ်လုပ်ရောင်းချသူများ အသင်းအဖွဲ့ဖြစ်သည်။ အဆိုပါ ထုတ်လုပ်ရောင်းချသူများသည် လုပ်ငန်းအချင်းချင်း မပြိုင်ဆိုင်ဘဲ ပူးတွဲဆောင်ရွက်ကြသည်။ ထိုကဲ့သို့ မပြိုင်ဆိုင်ဘဲ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဈေးကွက်ကို ထိန်းချုပ်ပြီး စိုးမိုးခြယ်လှယ်ရန် ရည်ရွယ်ပါသည်။ ၎င်းတို့သည် အခြားလုပ်ငန်းပြိုင်ဘက် အနည်းငယ်သာရှိပြီး လူနည်းစုချုပ်ကိုင်သောလုပ်ငန်း (Oligopolies) ကို ဖွဲ့စည်းကြသည်။ ထို့ပြင် ၎င်းတို့သည် အခြားလုပ်ငန်းပြိုင်ဘက် မရှိသော လူတစ်ဦးတည်းကသာ ချုပ်ကိုင်သည့်လုပ်ငန်း သို့မဟုတ် လက်ဝါးကြီးအုပ်လုပ်ငန်း(Monopolies)ကို ဖွဲ့စည်းကြသည်။ ထိရောက်သောယှဉ်ပြိုင်မှုဥပဒေသည် ကောင်း မွန်သော ရောင်းဝယ်ရေးပတ်ဝန်းကျင် (Good trading Environment) နှင့် ကောင်းမွန်သော စားသုံးသူကာကွယ်ရေးဝါဒ (Good Consumerism) အတွက် မရှိမဖြစ် လိုအပ်ပါသည်။

## ယှဉ်ပြိုင်မှုဥပဒေကို ဖြေလျှော့ရခြင်းအကြောင်းရင်း

ဗြိတိန်နိုင်ငံတွင် ၁၉၉၈ ခုနှစ် ယှဉ်ပြိုင်မှု အက်ဥပဒေ (Competition Act 1998) သည် စီးပွားရေးလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုကို ထိန်းကျောင်းသည့် အဓိကဥပဒေဖြစ်သည်။ စီးပွားရေး၊ စွမ်းအင်နှင့် စက်မှုဆိုင်ရာ မဟာဗျူဟာ ဝန်ကြီးဌာနသည် ယှဉ်ပြိုင်မှုနည်းဥပဒေများ (Competition rules) ကို ဖြေလျှော့နိုင်သော အာဏာရှိသည်။ ထို့ကြောင့် ဝန်ကြီးဌာနသည် ယှဉ်ပြိုင်မှုစည်းမျဉ်းစည်းကမ်းများ ယာယီဖြေလျှော့သည့်အမိန့် (Public Policy Exclusion Orders) ထုတ်ပြန်ကြေညာပြီး ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့သည်။ ယင်းအမိန့်ကို အတိုကောက်အားဖြင့် PPE orders ဟု ခေါ်ဆိုသည်။ ထို့ပြင် ၁၉၉၈ ခုနှစ် ယှဉ်ပြိုင်မှုအက်ဥပဒေကို အဓိကတာဝန်ယူ အကောင်အထည်ဖော်သော ဌာနမှာ ယှဉ်ပြိုင်မှုနှင့် ဈေးကွက်အာဏာပိုင်အဖွဲ့ (Competition and Markets Authority-CMA) ဖြစ်သည်။ CMA သည် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာရှိသောအဖွဲ့အစည်း ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စီးပွားရေးလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် ယှဉ်ပြိုင်မှုနှင့် ဆန့်ကျင်နေပြီး ဥပဒေနှင့် မညီညွတ်ကြောင်း တွေ့မြင်နိုင်သည်။ သို့သော်လည်း COVID - 19 ၏ရိုက်ခတ်မှု ဖြစ်ပေါ်နေသော စီးပွားရေးအကျပ်အတည်းကို ကုစားရန်အတွက် အစိုးရသည် ယှဉ်ပြိုင်မှုပေါ်လစီကို တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးပါသည်။ အထူးသဖြင့် ထုတ်လုပ်မှုကွင်းဆက် ပြတ်တောက်ခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ချိန်ခွင်လျှာ မညီခြင်းတို့ကို အရေးပါသော စီးပွားရေးလုပ်ငန်းများက ပူးပေါင်းလက်တွဲ ဖြေရှင်းရန်ရည်ရွယ်ပါသည်။ ယာယီဖြေရှင်းနည်း (Temporary Fix) ဖြစ်သော PPE orders တွင် အဓိကကျသော လုပ်ငန်းစုငါးခုကို ဖြေလျှော့ပေးပါသည်။ ၎င်းတို့မှာ စားသောက်ကုန်လုပ်ငန်း (Groceries)၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း (Dairy produce)၊ ရေလက်ကြား သယ်ယူပို့ဆောင်ရေးလုပ်ငန်း (Solent maritime crossings)၊ ဆေးဝါးလုပ်ငန်းနှင့် သီးခြားကျန်းမာရေးဝန်ဆောင်မှုပေးသောလုပ်ငန်းများ ဖြစ်သည်။

ထိုကဲ့သို့ အစိုးရ၏ဈေးကွက်ကို ဝင်ရောက်ထိန်းကျောင်းခြင်းက သတ်မှတ်ထားသော လုပ်ငန်းများ၏ လုပ်ဆောင်ချက်နှင့် အမူအကျင့်များ ကောင်းမွန်လာနိုင်သည်။ လုပ်ငန်းများကြား စီးပွားရေးသတင်းအချက်အလက် ဖလှယ်သည့် သဘောတူညီချက်များ (Agreements on commercial information) ဖြေလျှော့ခြင်း သို့မဟုတ် ကုန်လက်ကျန် မည်မျှရှိသည်ဟူသော ကိန်းဂဏန်းများ (Data on stock levels)ဖလှယ်ခြင်းကို ခွင့်ပြုထားပါသည်။ ထို့ပြင် ဈေးဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း လုပ်ငန်းရှင်များကြား ပူးပေါင်းဆောင်ရွက်ခြင်းကို ခွင့်ပြုပေး ပါသည်။ တစ်နည်းအားဖြင့် ကုန်ပစ္စည်းသိုလှောင်ရုံ (Distribution depots) နှင့် ကုန်တင်ယာဉ် (Delivery vans) ဆိုင်ရာ သတင်းအချက်အလက်မျှဝေခြင်းကိုလည်း လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပြုထားသည်။ အထူးသဖြင့် စူပါမားကက်ကြီးများ (Supermarkets) ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးခွင့်ပြုထားသည်။ Supermarket များ အတူတကွ လက်တွဲလုပ်ဆောင်ခြင်းက ပြည်တွင်းဈေးကွက်တည်ငြိမ်မှုကို ဖြစ်စေရန် ရည်ရွယ်ပါသည်။

## ပေါ်လစီဖြေလျှော့ခြင်း၏နောက်ဆက်တွဲများ

ယှဉ်ပြိုင်မှုပေါ်လစီကို ဖြေလျှော့ပြီး စီးပွားရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခွင့်ပြုခြင်းနှင့် မှန်ကန်သော လမ်းကြောင်းအတိုင်း လျှောက်လှမ်းစေခြင်းသည် အစွန်းနှစ်ဖက်ကို ညှိနှိုင်းပေးရသော ရှုပ်ထွေးသည့် လုပ်ဆောင်ချက် (Complex balancing act) ဖြစ်သည်။ ဗိုင်းရပ်စ်ပိုးကြောင့် ရပ်ဆိုင်းထားရသော စီးပွားရေး လုပ်ငန်းများ ပြန်လည်စတင်ခြင်းသည် အန္တရာယ်အလွန်ကြီးမားပါသည်။ စားဝတ်နေရေးစသည့် အခက်အခဲများကြောင့် လုပ်ငန်းများကို ပြန်လည်စတင်ခွင့်ပြုခဲ့သော်လည်း ပိုမိုဆိုးရွားသည့် ပြဿနာများလည်း ဖြစ်လာနိုင်သည်ကို သတိပြုရပါသည်။

လုပ်ငန်းများ၏ ပြိုင်ဆိုင်မှုကန့်သတ်ချက်များကို ဖြေလျှော့ပေးရသော်လည်း အကျိုးဆက်အနေဖြင့် လက်ဝါးကြီးအုပ်လုပ်ငန်းများ ပိုမိုကြီးထွားလာဖွယ်ရှိသည်။ လက်ဝါးကြီးအုပ်လုပ်ငန်းများကြောင့် ကုန်သွယ်မှု ပတ်ဝန်းကျင်ကို ထိခိုက်ခြင်း၊ လုပ်ငန်းငယ်များ ဈေးကွက်အတွင်းမှ ထွက်ခွာသွားရခြင်း၊ စားသုံးသူကာကွယ်ရေးကို ခြိမ်းခြောက်လာခြင်းနှင့် ယှဉ်ပြိုင်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ခက်ခဲခြင်းတို့ကို ဖြစ်စေနိုင်သည်။

PPE order များသည် ကုမ္ပဏီများအား ဥပဒေနှင့် မညီညွတ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်ခွင့်ပြုသည့် အထူးအခွင့်အရေး (Free pass) ပေးခြင်း မဟုတ်ကြောင်း၊ ဈေးကွက်ကို စောင့်ကြည့်စစ်ဆေးရန် သီးသန့်ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ (Taskforce) ကို ဖွဲ့စည်းထားကြောင်း၊ ဥပဒေကို ဖြေလျှော့ထားသော်လည်း လက်ဝါးကြီးအုပ်လုပ်ငန်းများ၏ အပြုအမူကို ဥပဒေနှင့်ငြိစွန်းမှုရှိ၊ မရှိ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း CMA က လမ်းညွှန်ချက်ထုတ်ပြန်ထားသည်။ အထူးသဖြင့် COVID-19 ၏ ဆိုးကျိုးများ (Adverse consequences) မှ စားသုံးသူများကို ကာကွယ်ရန် ရည်ရွယ်ကြောင်း၊ အကျပ်အတည်းကာလအတွင်း ခေါင်းပုံဖြတ် အမြတ်ကြီးစားခြင်းကို သည်းခံခွင့်လွှတ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းငယ်များ လုပ်ငန်းလောကမှ ထွက်ခွာသွားစေရန် ပူးပေါင်းကြံစည်ခြင်းနှင့် ဈေးနှုန်း မြှင့်တင်ရောင်းချခြင်းကဲ့သို့သော အမူအကျင့်များကို အရေးယူမည်ဖြစ်ကြောင်း CMA က ပြောကြားသည်။

**စာမျက်နှာ ၂၂ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၉ .၇ . ၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ငံရ(ပ်)ဆိပ်ကမ်း | -MT .AU GEMINI | စားသုံးဆီ ၄၇၀၀ တန်ချ |
| အလုံဆိပ်ကမ်း(၃) | -HAN THAR | Steel Bars ၆၄၁၇ တန်ချ |
| စက်မှုဆိပ်ကမ်း(၃) | -PRESIDIO | ကုန်သေတ္တာ ဂဂ၆တင် ၃ဂ၇ ချ |
| စက်မှုဆိပ်ကမ်း(၄) | -MCC MERGUI | ကုန်သေတ္တာ ဂ၀၉တင် ၄ဂ၅ ချ |
| ဆူးလေဆိပ်ကမ်း(၂) | -JUTHA PATTHAMA | Urea(In Bulk)၁၆၁၆ တန်ချ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | -MANATEE | ကုန်သေတ္တာ ဂ၁၆တင် ၅၇၄ချ |
| MIPLဆိပ်ကမ်း | -ELPIDA GR | Steel & Equipment ၃၁၁၀၀ တန်ချ |
| သီလဝါဆိပ်ကမ်း(၃) | -SOFIA K | G/C&Urea ၁၀၉၇ဂ ချ |
| သီလဝါဆိပ်ကမ်း(၄) | -SEACON NINGBO | Coal(In Bulk) ၃၀၀၀၀ တန်ချ |
| သီလဝါဆိပ်ကမ်း(၅) | -SKY GLOBE | Steel Product ၃၁၀၀၀ တန်ချ |
| WILMAR JETTY | -TAI PING SHAN | Coal(In Bulk) ၃၁၅၀၀ တန်ချ |
| သီလဝါစက်မှုဆိပ်ကမ်း(၁) | -KUO TAI | ကုန်သေတ္တာ ၃၂တင် ၁၆၅ ချ |
| သီလဝါစက်မှုဆိပ်ကမ်း(၂) | -HTK NEPTUNE | Coal(In Bulk) ၂၇၅၀၀ တန်ချ |
| APEX JETTY | -MT.VERITY | MOGAS (92 Ron ) ဂ၄၇၀ တန်ချ |
| ELITE JETTY | -MT.ANGEL NO 11 | Diesel Oil ၁၄ဂ၀၀ တန်ချ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GLOBAL HARMONY | Coal(In Bulk) ၂ဂ၀၀၀တန်ချရန် | INDONESIA | ၉.၇.၂၀၂၀ |
| GREENTEC | Clinker(In Bulk) ၂၆၀၀၀ တန်ချရန် | INDONESIA | ၁၀.၇.၂၀၂၀ |
| INABA | Steel ၁၅၁၄၇ တန်ချရန် | INDIA | ၁၀.၇.၂၀၂၀ |
| VICKING OCEAN | Units Vehicle (RO/RO)၁၇၉ ချရန် | JAPAN | ၁၂.၇.၂၀၂၀ |
| INFINITY K | Urea ၂၀၀၀၀ တန်ချရန် | SAUDI ARABIA | ၁၅.၇.၂၀၂၀ |
| MODERN LINK | Units Vehicle (RO/RO) ၆၂၃ ချရန် | JAPAN | ၁၆.၇.၂၀၂၀ |
| GREAT 6 | ဂျုံတန်ချိန် ၁၀၀၀၀ တန်ချရန် | USA | ဂ.ဂ.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ALS SUZURAN | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀.၇.၂၀၂၀ |
| TIC VDAY | SINGAPORE | အလုံဆိပ်ကမ်း | ၁၀.၇.၂၀၂၀ |
| AS SERENA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၇.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၇.၂၀၂၀ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၇.၂၀၂၀ |
| OLIVIA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၀.၇.၂၀၂၀ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၇.၂၀၂၀ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁.၇.၂၀၂၀ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၇.၂၀၂၀ |
| FILO TIMO | SINGAPORE | စက်မှု/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၉.၇.၂၀၂၀ |
| TRIESTE TRADER | SINGAPORE | စက်မှု/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၃၀.၇.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.BELUGA PACIFIC | Diesel Oil 16097 တန်ချရန် | - | ၉.၇.၂၀၂၀ |
| MT.THERESA PISCES | P.OiL (In Bulk) 13600 တန်ချရန် | - | ၁၀.၇.၂၀၂၀ |
| MT.GOLAR KEWIN | LNG 65000 တန်ချရန် | SINGAPORE | ၁၀.၇.၂၀၂၀ |
| MT.GLORY STAR | MOGAS (92 Ron)15000တန်ချရန် | SINGAPORE | ၁၀.၇.၂၀၂၀ |
| MT.RM 2 | P.Oil (In Bulk )5000 တန်ချရန် | INDONESIA | ၁၀.၇.၂၀၂၀ |
| MT.AS SOVER GIEN | Mogas(92 Ron) 13000တန်ချရန် | SINGAPORE | ၁၀.၇.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16000တန်ချရန် | SINGAPORE | ၁၁.၇.၂၀၂၀ |
| MT.ANGEL NO 2 | Diesel Oil 12000တန်ချရန် | SINGAPORE | ၁၁.၇.၂၀၂၀ |
| MT.PANGNIU | MOGAS(92 Ron) 26000တန်ချရန် | SINGAPORE | ၁၁.၇.၂၀၂၀ |
| MT.YU HAI | MOGAS(92 Ron)18000တန်ချရန် | SINGAPORE | ၁၂.၇.၂၀၂၀ |
| MT.HAWKS | Mogas ( 92 Ron) 7500 တန်ချရန် | SINGAPORE | ၁၄.၇.၂၀၂၀ |
| MT.AU VIRGO | P.Oil (In Bulk )4300တန်ချရန် | INDONESIA | ၁၄.၇.၂၀၂၀ |
| MT.VL - 21 | P.OiL(In Bulk)4900 တန်ချရန် | INDONESIA | ၁၇.၇.၂၀၂၀ |

## ကြက်သွန်

# ပြည်ကြက်သွန်နီ အရည်အသွေးပေါ်မူတည်၍ ဈေးကွာဟချက်ရှိ

ယခုအပတ်အတွင်း ပြည်ချင်းဈေးကွက် ဝင်ရောက်မှုရှိသော ကြက်သွန်နီများမှာ အောင်လံ၊ သရက်ဘက်မှ အရည်အသွေးအနည်းငယ်ညံ့သဖြင့် ပိသာ ၃၀ ဝင်အိတ်၁၀၀-၁၅၀ ခန့်သာတစ်ပတ်အတွင်း ဝင်ရောက်မှုရှိနေပြီး ပခုက္ကူ ရေနံချောင်းဘက်မှ အရည်အသွေးပိုကောင်းသဖြင့် ပိသာ ၃၀ ဝင်အိတ် ၂၀၀-၃၀၀ခန့်ကို တစ်ပတ်အတွင်း ဝင်ရောက်မှုရှိနေကြောင်းသိရသည်။

အရောင်းအဝယ်အနေဖြင့် စားသုံးသူများမှ ဝင်ငွေ/ထွက်ငွေပေါ် မူတည်ပြီး ချိန်ဆသုံးစွဲနေရသူများရှိသဖြင့် အရည်အသွေးပေါ် မူတည်ပြီး ဝယ်ယူသုံးစွဲသည့်အတွက် ဝင်ရောက်မှု၏ ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ဈေးနှုန်းမှာ ပြည်ပွဲရုံများတွင် အောင်လံ၊ သရက်စများမှာ တစ်ပိသာလျှင် ကျပ် ၄၀၀-၄၅၀ခန့်ရှိပြီး ပခုက္ကူ ရေနံချောင်းအစများမှာ တစ်ပိသာကိုကျပ် ၅၀၀-၅၅၀ခန့်ဖြင့် ရောင်းဝယ်မှုရှိကာ လက်လီဈေးအသေးများတွင် (ကြီး/ လတ်/ သေး)ကျပ် ၇၅၀-၇၀၀/၆၅၀-၆၀၀/၅၅၀-၅၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ပြည်ကြက်သွန်ဖြူ ဈေးအနည်းငယ်ပြန်တက်လာ

ယခုတစ်ပတ် ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်ဝင်ရောက်မှု ပုံမှန်ဝင်ရောက်နေတာ တွေ့ရသည်။ ကြက်သွန်ဖြူစိုက်ပျိုးထွက်ရှိရာ ရှမ်းပြည်နယ်ဒေသတွင် နယ်ဒေသစုံတို့မှ အဝယ်များနေခြင်းကြောင့် ကြက်သွန်ဖြူဈေးမှာ အနည်းငယ် ပြန်တက်လာသည်။

ပြည်ပွဲရုံများတွင် ယခုအပတ်ကြက်သွန်ဖြူဈေးနှုန်းမှာ ရှမ်းစတစ်ပိသာလျှင် ကျပ် ၂၂၀၀၊၂၃၀၀ နှင့် ကြူကုတ်စမှာ ကျပ်၁၆၀၀၊၁၇၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ ဒေသတွင်း လက်လီဈေးများတွင် ရှမ်းစတစ်ပိသာလျှင် ၂၈၀၀၊၃၀၀၀ ကျပ်နှင့် ကြူကုတ်စတစ်ပိသာလျှင် ကျပ် ၁၈၀၀၊၂၀၀၀ ဈေးတို့ဖြင့် ရောင်းချနေသည်။

ကြက်သွန်ဖြူဥတစ်လုံးဈေးမှာ တစ်ပိသာလျှင်ကျပ် ၃၅၀၀ဈေး တို့ဖြင့် ရောင်းချနေပြီး အုတ်ဖိုမြို့နယ်တွင်းမှ စိုက်ပျိုးထွက်ရှိသော ကြက်သွန်ဖြူ ဥတစ်လုံးများဖြစ်ကြောင်း ဈေးကွက်အတွင်းမှသိရှိရသည်။

**နီနီဝင်း(ပြည်)**

## ပြောင်း

# ကယားပြောင်းဈေးကွက် အနည်းငယ်အေး

ကယားပြည်နယ်ဒေသအတွင်း အဓိကစိုက်ပျိုးထွက်ရှိသော လယ်ယာထုတ်ကုန်သီးနှံများအနက် ပြောင်းသီးနှံသည် ပြည်နယ်အတွင်း ဒုတိယအနေဖြင့် တောင်သူကြီးများ အများဆုံးအားထား စိုက်ပျိုးသော သီးနှံဖြစ်သည်။ ဒေသမှ ထွက်ရှိသော ပြောင်းကို ရန်ကုန်သို့ တင်ပို့မှုရှိပြီး ပြောင်းဈေးနှုန်းမှာ ယခုအပတ်တွင် အနည်းငယ်နိမ့်ဆင်းလာသည်။

ဇူလိုင်လပထမပတ်တွင် တစ်ပိသာလျှင်ကျပ် ၅၃၀ဖြစ်ပြီး ယခုရက်ပိုင်းတွင် ပြောင်း တစ်ပိသာလျှင် ကျပ် ၄၉၀ ဈေးပေါက်ပြီး ပြည်နယ်အတွင်း အရောင်းအဝယ်အနည်းငယ်အေးနေကြောင်း ပြောင်းကုန်သည်တစ်ဦးထံမှ သိရှိရသည်။

**အေးအေးမော်(ကယား)**

## နှမ်း

# အရောင်းအဝယ်ဖြစ်နေသည့် ပြည်နှမ်း

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်တွင် မိုးနှမ်းစိုက်ဧကမှာ ၄၃၂၅၅ ဧကစိုက်ပျိုးပြီးဖြစ်၍ မိုးနှမ်းများစိုက်ပျိုးချိန်ဖြစ်သည့်အတွက် ပြည်ဈေးကွက်တွင် အရောင်းအဝယ်အနည်းငယ်သာဖြစ်ကာ နှမ်းဈေးမှာ ဈေးကျလာသည်ကို တွေ့ရသည်။ နှမ်းနီမှာအဝင်မရှိသော်လည်း ဆီစက်လုပ်ငန်းရှင်များကြောင့် လှော်နှမ်းများဖြင့် တစ်ရက်လျှင် အိတ် ၄၀-၅၀ ခန့် အရောင်းအဝယ်ဖြစ်သလို နှမ်းနက်မှာပြည်ဒေသတစ်ဝိုက်ရှိ ကျေးရွာများမှ အိတ်အနည်းငယ်သာဝင်ရောက်မှုရှိသည့်အတွက် အောင်လံနှင့်မန္တလေးဘက်မှ နေ့စဉ်အဝယ်ရှိ၍ အိတ် ၅၀-၁၀၀ ခန့်အရောင်းအဝယ်ဖြစ်နေသည်။

ယခုအပတ်နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၈၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၄၀၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း(ပြည်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကုန်စည်စီးထွက်မှုနှင့် ဈေးကွက်အခြေအနေ

ယခုတစ်ပတ်အတွင်း မုံရွာမြို့နယ်တွင် ရွှေဘိုပေါ်ဆန်းတစ်ပြည် ကျပ် ၂၄၀၀၊ ရောမင်း (ဥသျှစ်ကြီး) တစ်ပြည် ကျပ် ၂၄၀၀၊ ဝန်ကြီးရောတစ်ပြည် ကျပ် ၂၂၀၀ ဈေးဖြင့်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီလက်လီဈေးမှာ(ကြီး)တစ်ပိသာ ကျပ် ၆၀၀၊ (သေး)တစ်ပိသာ ကျပ် ၄၅၀ဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ပုံမှန်ရှိသည်။

ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) ခွာပြီးသား (အမြောင်းကြီး)တစ်ပိသာ ကျပ် ၄၈၀၀၊ (အသေး)တစ်ပိသာ ကျပ် ၄၀၀၀၊ ရှမ်းကြက်သွန်ဖြူ(ကြူကုပ်)တစ်ပိသာ ကျပ် ၂၅၀၀-၂၈၀၀ ဈေးရှိသည်။ ချင်း တစ်ပိသာ ၂၆၀၀-၃၂၀၀ ကျပ်၊ ငရုတ်သီးခြောက် တစ်ပိသာ ကျပ် ၃၂၀၀ မှ ၄၈၀၀၊ အားလူးတစ်ပိသာ ကျပ် ၁၀၀၀ နှင့် ခရမ်းချဉ်သီး တစ်ပိသာ ကျပ် ၁၂၀၀ ဈေးရှိပြီး ခရမ်းချဉ်သီးဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းခဲ့သည်။

စစ်ကိုင်းတိုင်းအတွင်းမှ ဇွန်လအတွင်း ဆန်စီးထွက်မှုအခြေအနေမှာ ရန်ကုန်သို့ အိတ်ရေ ၉၀၀၀၀ ကျော်၊ မန္တလေးသို့ အိတ်ရေ ၁၂၀၀၀၀ ကျော်၊ ကချင်သို့ အိတ်ရေ ၁၈၀၀၀ ကျော်၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၃၀၀၀ခန့်၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၂၃၀၀၀ ကျော်၊ မကွေးသို့ အိတ်ရေ၂၀၀၀ခန့်၊ ချင်းသို့ အိတ်ရေ ၁၂၀၀၀ ကျော်၊ နေပြည်တော်သို့ အိတ်ရေ ၃၅၀၀၀ ခန့်၊ တန်ချိန်ပေါင်း ၁၆၀၀၀ ကျော် စီးထွက်ခဲ့ကြောင်း သိရှိရသည်။

**နှင်းပန်းဖြူ(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

## နန္ဒင်း

# ယီမင်၊အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ နန္ဒင်းတင်ပို့

ဇွန် ၂၈ရက်မှဇူလိုင် ၄ ရက်သီတင်းပတ်အတွင်း နန္ဒင်း ၃၂၄ ဒသမ ၄၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့သည်။ ယခုတစ်ပတ် ယီမင်နိုင်ငံသို့ ၄၀ ဒသမ ၄၉၅ တန်၊ အိန္ဒိယနိုင်ငံသို့ ၂၂၈ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သို့ ၅၆ တန်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က နန္ဒင်းတန် ၃၅၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၅ ဒသမ ၅၀၅ တန် တင်ပို့မှုလျော့နည်းခဲ့သည်။ နန္ဒင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၅၀ ဝန်းကျင်ရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နန္ဒင်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၈၀၂၁ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း**(DOT)

## ချင်း

# ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ လေးသိန်းကျော် ဝင်ငွေရ

ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်သီတင်းပတ်အတွင်းချင်း ၁၆၁၃ ဒသမ ၃၁၁တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၄၃၈ တန်၊ စင်ကာပူနိုင်ငံသို့ ၁၆၂ ဒသမ ၀၀၆ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၁၃ ဒသမ ၃၀၅ တန်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က ချင်း၁၇၁၇ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၀၃ ဒသမ ၆၈၉ တန်တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ ချင်းစိုတစ်တန် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၂၀၀၊ ချင်းခြောက်တစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်နှင့် အော်ဂဲနစ်ချင်းခြောက်က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၄၅၀-၁၅၀၀ ဝန်းကျင်ထိရရှိခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်ချင်း တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၆၁၄၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း**(DOT)

# အရောင်းအဝယ်ပုံမှန်ဖြင့် ဈေးငြိမ်နေသည့် ပြည်ချင်းဈေးကွက်

ပြည်ချင်းပွဲရုံများတွင် ချင်းဥမများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဈေးငြိမ်နေသည်။ ဘင်္ဂလားဒေ့ရှ်မှ အဝယ်ရှိနေခြင်းကြောင့် ချင်းဈေးကွက် အရောင်းအဝယ်ဖြစ်နေသည်။

ယခုတစ်ပတ်ချင်းဈေးမှာ ပွဲရုံဈေးတစ်ပိသာလျှင်ကျပ် ၂၅၀၀ ဈေးနှင့် လက်လီဈေးမှာ ကျပ် ၃၀၀၀၊၃၂၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ခါးလှီးချင်းဖတ် တစ်ပိသာဈေးကျပ် ၃၂၀၀ ဖြင့် ရောင်းချနေပြီး တစ်ပတ်တွင်း ချင်းအိတ် ပိသာ ၃၀ဝင်အိတ် ၁၀၅ အိတ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**ဝင်းဝင်းခိုင်(ပြည်)**

## မန်ကျည်း

# မန်ကျည်းတင်ပို့မှု ယခင်တစ်ပတ်ထက်ပိုမို

ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက် သီတင်းပတ်အတွင်း မန်ကျည်းတန် ၅၀ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း ၂၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် မန်ကျည်း ၂၅ တန် ပိုမိုတင်ပို့ခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၀၀၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း**(DOT)

# အဝယ်လိုက်လာသည့် ပြည်မန်ကျည်းမှည့်

ပြည်ပွဲရုံများတွင် ယခုတစ်ပတ်အတွင်း မန်ကျည်းမှည့်အဝယ်လိုက်လာသည်။ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ အဝယ်ရှိနေသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်အသားပွဲရုံဈေး တစ်ပိသာလျှင်ကျပ် ၃၃၀၀ နှင့် အစေ့ပါ(ကတုံး) Exportဈေး ကျပ် ၁၉၀၀ တို့ဖြစ်သည်။ လက်လီဈေး အသားဈေး တစ်ပိသာလျှင် ကျပ် ၃၅၀၀၊၃၈၀၀ ဈေးတို့ဖြင့် ရောင်းချနေသည်။ ပိသာ ၃၀/၅၀ ဝင် မန်ကျည်းစေ့တစ်အိတ်လျှင်ကျပ် ၂၀၅၀၀ ဖြင့် ရန်ကုန်ဝယ်လက်တို့မှ အဝယ်ရှိနေပြီး Exportရှိကြောင်း မန်ကျည်းလှောင်လက်တစ်ဦးထံမှ သိရသည်။

**နီနီဝင်း (ပြည်)**

# ကုန်စည်ပြပွဲနှင့် အထွေထွေခွင့်ပြုမိန့်

**ညီညီအောင်**

အကောက်ခွန်ဦးစီးဌာန၏ ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်က ထုတ်ပြန်ခဲ့သော ရုံးတွင်းအမိန့်စာအမှတ် ၃၈/၉၈ သည် သက်တမ်းအားဖြင့် အနှစ် ၂၀ ကျော်ရှိလာပြီဖြစ်သည့်အတွက် တချို့သော လုပ်ထုံးလုပ်နည်းများမှာ ခေတ်နဲ့ လျော်ညီစွာ ပြောင်းလဲကျင့်သုံးခဲ့ရသည်များလည်း ရှိသည်။ အကောက်ခွန်ရုံးတွင်း အမိန့်စာထုတ်သည့် နောက်နှစ်လခန့်အကြာ ၁၉၉၈ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက "မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ"ကို ထုတ်ပြန်ခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနကပင် ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ပြန်လည်ပြင်ဆင်ထုတ်ပြန်ခဲ့သည်။

## ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ပြည်တွင်းကုန်စည်ပြပွဲများ ကျင်းပသည်ဖြစ်စေ၊ ပြည်ပနိုင်ငံတွင် ပြုလုပ်သည့် ကုန်စည်ပြပွဲများတွင် သွားရောက်ပြသသည်ဖြစ်စေ ဦးဆောင်ကျင်းပသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပြပွဲစီစဉ်ဆောင်ရွက်သူများ(Organizers) အနေဖြင့် ပြပွဲကျင်းပခွင့်တောင်းခံခြင်း (ပွဲမိန့်)၊ တင်ပို့ခွင့်၊ တင်သွင်းခွင့် တောင်းခံခြင်း (အထွေထွေ ခွင့်ပြုမိန့်) နှင့် တင်သွင်းခြင်း၊ တင်ပို့ခြင်းစသည့် လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်တတ်ရန် ရည်ရွယ်ပါသည်။မူလကထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများကိုအခြေခံပြီး နိုင်ငံတော်၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနှင့် ဈေးကွက်သစ်များချဲ့ထွင် လုပ်ကိုင်နိုင်ရေးအတွက် ထပ်မံရည်ရွယ်၍ ယခုအမိန့်စာသစ်ကို ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

## ခွင့်ပြုချက်တောင်းခံခြင်း

မြန်မာနိုင်ငံ၌ ပြည်တွင်း ကုန်စည်ပြပွဲများနှင့် ပြည်ပကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ရာတွင်ဖြစ်စေ၊ ပြည်တွင်းဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ (သမဝါယမအသင်း၊သံရုံး၊ကုမ္ပဏီ)ကျင်းပပြုလုပ်ခွင့်၊ ပြည်ပသို့ သွားရောက်ပြသခွင့်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်များ တောင်းခံရမည်ဖြစ်ပြီး ခွင့်ပြုချက်ရမှသာ ဆောင်ရွက်လုပ်ကိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲအမျိုးမျိုး ကျင်းပဆောင်ရွက်လျက်ရှိရာ အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားသည်-

၁။ ပြည်ပမှ တစ်နိုင်ငံချင်း လာရောက်ပြသသော ကုန်စည်ပြပွဲ။

၂။ ပြည်ပမှ နိုင်ငံစုံလာရောက်ပြသသော ကုန်စည်ပြပွဲ။

၃။ ပြည်တွင်းနှင့် ပြည်ပ ပေါင်းစပ်ပြသသော ကုန်စည်ပြပွဲ။

၄။ ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းရှင်များ စုပေါင်းပြသသော ကုန်စည်ပြပွဲ။

အမှတ်စဉ်(၁)မှ(၃)အထိ ပြည်ပမှလာရောက် ပြသသော ကုန်စည်ပြပွဲများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ခွင့်ပြုမိန့် (Open General Licence)တောင်းခံကြရန် ဖြစ်သည်။ အမှတ်စဉ်(၄)တွင် ဖော်ပြထားသော ပြည်တွင်းကုန်စည်ပြပွဲများကိုမူ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များထံတွင် ခွင့်ပြုမိန့်တောင်းခံကြရန်ဖြစ်သည်။ ပြပွဲကျင်းပပြီးမှသာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တာဝန်ယူ ကျင်းပခဲ့သည့်ကုမ္ပဏီ(သို့မဟုတ်)အဖွဲ့အစည်းတို့က အစီရင်ခံစာအကျဉ်းချုပ် ပြုစုတင်ပြရန်ဖြစ်သည်။

## ခွင့်ပြုမိန့်ထုတ်ပေးခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အထွေထွေခွင့်ပြုမိန့် ထုတ်ပေးရာတွင် ကုန်စည်ပြပွဲများဆိုင်ရာ ကြီးကြပ်မှုကော်မတီကိုပါ တစ်ခါတည်းဖွဲ့စည်းကာ ခွင့်ပြုမိန့်တွင် ထည့်သွင်းဖော်ပြပေးပါသည်။

## မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်း

### ကုန်ပစ္စည်းများ တင်သွင်းခွင့် လျှောက်ထားခြင်း

ပြည်တွင်းကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ယေဘုယျအားဖြင့် (Drawback System) စနစ်ဖြင့် တင်သွင်းခွင့်ပြုသည်။ ပြည်တွင်း၌ ပြန်လည်ရောင်းချခွင့်မပြုပါ။ ၁၉၉၈ ခုနှစ်ပတ်ဝန်းကျင် လွန်ခဲ့သော အနှစ် ၂၀ ကျော်က ကုန်စည်ပြပွဲများကို မည်သည့်စနစ်ဖြင့် တင်ပို့၊ တင်သွင်းရမည်ကို တိတိပပ သတ်မှတ်ခဲ့ခြင်းမရှိသေးပါ။ အကောက်ခွန်ဦးစီးဌာနတွင်သာ Temporary Exportation & Re-importation လုပ်ထုံးလုပ်နည်းဖြင့် ပြည်ပကုန်စည်ပြပွဲများကိုလည်းကောင်း Temporary Importation & Re-exportation လုပ်ထုံးလုပ်နည်းဖြင့် ပြည်တွင်းကုန်စည်ပြပွဲများကိုလည်းကောင်း သတ်မှတ်ထားသည်။ ထိုစဉ်က ပြပွဲကိုအကြောင်းပြု၍ စီးပွားဖြစ် တင်သွင်းရောင်းချခြင်းများ မပြုလုပ်နိုင်ရန်၊ တင်သွင်းလာသည့် ပစ္စည်းများကို ပြန်လည်ယူဆောင်သွားသည့်စနစ် Drawback System ကို ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ကုန်စည်ပြပွဲကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ကုန်စည်ပြပွဲ ခင်းကျင်းရန်အတွက် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို အကြိမ်ကြိမ် အလီလီ တင်သွင်းခွင့်မပြုဘဲ တစ်ကြိမ်တည်းဖြင့်ကုန်စည်ပြပွဲ မကျင်းပမီ အနည်းဆုံး တစ်လကြိုတင် တင်ပြလျှောက်ထားရမည်။

အချို့သော ပြည်တွင်းရှိပြပွဲစီစဉ်သူ (Event Organizer)ကုမ္ပဏီ၊ အဖွဲ့အစည်းတို့သည် OGL လိုင်စင်လျှောက်ရာတွင် တစ်လ ကြိုတင်လျှောက်ထားရန် သိထားပါသည်။ ကြိုတင်လည်း လျှောက်ထားကြသည်။ သို့သော် လာရောက်ခင်းကျင်းပြသမည့် နိုင်ငံမှ ဆိုင်တချို့က မူလကကြိုတင်ပေးပို့ထားသော Invoice/PackingList ပါအချက်အလက်များကို ပြန်လည်ပြင်ဆင်သော Invoice/Packing List များကို ထပ်ပို့လာပါသည်။ ထိုကဲ့သို့ မကြာခဏ အကြိမ်ကြိမ်ပြင်ဆင်ခြင်းကို ခွင့်မပြုကြောင်း တစ်ကြိမ်တည်းဖြင့် အပြီးသတ်ပေးပို့ရန်အတွက် လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ထားခြင်းဖြစ်သည်။ လက်တွေ့တွင် ကုန်ပစ္စည်းလာရောက်ခင်းကျင်းပြသမည့် ပစ္စည်းပိုင်ရှင်တို့မှာ ထိုင်းလိပ်စာပေးထားပြီး ပစ္စည်းမှာလည်း ထိုင်းနိုင်ငံထုတ်ဖြစ်သည်။ မိမိတို့မှာ ထိုင်းနိုင်ငံက ပစ္စည်းများလာလိမ့်မည်ဟုထင်နေသည်။ သို့သော် ပစ္စည်းပိုင်ရှင်တို့မှာ ဟောင်ကောင်ကုန်စည်ပြပွဲ ရောက်နေပြီး ဟောင်ကောင်မှတစ်ဆင့် ရောက်လာကြသည်။ ဟောင်ကောင်ပွဲမသွားခင်က ခန့်မှန်းပေးပို့ထားကြသော Invoice/Packing List တို့မှာ ဟောင်ကောင်ပွဲအပြီး လက်ကျန်၊ ပစ္စည်းအမယ် စသည်တို့ မကိုက်တော့ချေ။ သို့အတွက် ထပ်မံပြောင်းလဲပြင်ဆင်ရခြင်းဖြစ်သည်ကို တွေ့ရသည်။ ထိုကဲ့သို့သော အတွေ့အကြုံများကြောင့်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ပြပွဲပစ္စည်းနှင့်ပတ်သက်၍ ကုန်ရောင်းစာရင်း/ထုပ်ပိုးစာရင်းတွင် ကြေညာထားသည်ထက် ပို၍တင်သွင်းလာခြင်းကို လက်မခံဘဲ လျော့နည်းတင်သွင်းခြင်းကိုမူ ဖြေလျှော့ခွင့်ပြုထားခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြပွဲတွင် ခင်းကျင်းပြသမည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ သင့်လျော်သည့်အမျိုးအစား၊ သင့်လျော်သည့် အရေအတွက်ကိုသာ ခွင့်ပြုမည်ဖြစ်သည်။ တချို့သော ပြပွဲစီစဉ်သူများသည် ကုန်စည်ပြပွဲနှင့်ပတ်သက်သည့်ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် ကုန်စည်ပြပွဲလာရောက်ပြသသည်နှင့်မတူအောင်ပင် များပြားလွန်းလှသည်။ ကုန်သေတ္တာတစ်လုံးနီးပါး သယ်ယူပြသကြသည်ကို တွေ့ရသည်။ ပြပွဲပြသမည့်လုပ်ငန်းရှင်များ ကုန်သေတ္တာတစ်လုံးအတွင်း စုပေါင်းထည့်သွင်း (Consolidated Cargo) လာသည်ဆိုလျှင် ကိစ္စမရှိသော်လည်း တစ်ဦးတည်း တစ်ယောက်တည်းက အမယ်တစ်မျိုးတည်းကို ပမာဏအများကြီး တင်သွင်းလာသည်ဆိုလျှင် မသင့်လျော်သော အရေအတွက်ဖြစ်သည့်အတွက် အထွေထွေ ခွင့်ပြုမိန့် ထုတ်ပေးမည်မဟုတ်သည်ကို ဆိုလိုသည်။

## တင်သွင်းခွင့်ပြုခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် တင်သွင်းခွင့် လျှောက်ထားသည့် ပစ္စည်းများအား သတ်မှတ်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး သင့်လျော်သည့် ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်များကိုသာ တင်သွင်းခွင့်ပြုမည် ဖြစ်သည်။ သတ်မှတ်သော စည်းမျဉ်းစည်းကမ်းဆိုသည်မှာ နိုင်ငံတော်က အခါအားလျော်စွာ ကန့်သတ်၊ တားမြစ်၊ ပိတ်ပင်ထားသော ပစ္စည်းများပါလာပါက ခွင့်ပြုမည်မဟုတ်ပေ။ ဥပမာ ဘီယာ၊ ဆင်စွယ်ဖြင့်ပြုလုပ်သော လက်ဝတ်ရတနာများ၊ ဆက်သွယ်ရေးကိရိယာများ၊ စသည်တို့ကို တင်သွင်းခွင့်ပြုမည် မဟုတ်ပါ။ အကယ်၍ ပြရုံသက်သက်တင်သွင်းလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

## တင်သွင်းခြင်း

ကုန်စည်ပြပွဲ ခင်းကျင်းပြသရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းခွင့်ပြုထားသော အမျိုးအစားနှင့် အရေအတွက် အတိုင်းသာ တင်သွင်းရမည်ဖြစ်သည်။ အထွေထွေခွင့်ပြုမိန့် လျှောက်ထားစဉ်က လျှပ်စစ် မီးပူအလုံး၄၀ ဟုဖော်ပြလျှောက်ထား၍ ခွင့်ပြုမိန့် (OGL) ကျပြီးဖြစ်သည်။ အမှန်တကယ် ပြပွဲသို့ တင်သွင်းလာသည်မှာ လျှပ်စစ်ပန်ကာ အလုံး ၅၀ တင်သွင်းလာခြင်းကို ခွင့်မပြုဟုဆိုလိုခြင်းဖြစ်သည်။ ပစ္စည်းအမယ်တူပြီး အရေအတွက် အနည်းငယ် ပိုမိုတင်သွင်းလာပါက ပြပွဲကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ကိုရယူကာ သွင်းကုန်လိုင်စင်ကြေးပေးဆောင်ပြီး သွင်းကုန်လိုင်စင် လျှောက်ထားရယူနိုင်သည်။ အရေအတွက် အများကြီးတင်သွင်းမှုကို ခွင့်ပြုမည်မဟုတ်ပေ။

တင်သွင်းလာသော ပြပွဲကုန်ပစ္စည်းများကို ပြပွဲမကျင်းပမီတင်သွင်းရမည်ဖြစ်သည်။ သို့သော် သင်္ဘော၊ လေယာဉ်၊ နယ်စပ်ဖြတ်ကျော်ကိစ္စများတွင် တစ်ခါတစ်ရံ အခန့်မသင့်လျှင် အနည်းငယ်ကြန့်ကြာတတ်သဖြင့် ပြပွဲကာလအတွင်းရောက်ရှိလာလျှင်ပင် လက်ခံပေးပါသည်။ ပြပွဲပြီးမှ ရောက်ရှိလာခြင်းကိုမူ လုံးဝလက်မခံပါ။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသမည့်ပစ္စည်းသည် မော်တော်ယာဉ်ဖြစ်ပါက အခြားပစ္စည်းများနှင့်ရောနှောတင်သွင်းခွင့်လျှောက်ထားခြင်းလက်မခံပါ။ သီးခြားခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။

## သွင်းကုန်လိုင်စင်ကြေး

ကုန်စည်ပြပွဲ ကျင်းပရန် တင်သွင်းလာသော ပြပွဲပစ္စည်းများအပေါ်တွင် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုသည်။

## ရောင်းချခြင်း

ကုန်စည်ပြပွဲ၌ ရောင်းချလိုပါက ရောင်းချလိုသည့်ကုန်ပစ္စည်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုမိန့်များ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုမိန့်ရရှိမှသာ ရောင်းချခွင့်ရှိသည်။

အမှန်မှာ ပစ္စည်းအမယ်တိုင်းကို မဆိုလိုပါ။ တချို့သော ပြပွဲပစ္စည်းများမှာ OGL လျှောက်ထားစဉ်က ပြသရုံသက်သက် တင်သွင်းခြင်းဖြစ်ပြီး ပြန်လည်တင်ပို့မည်ဖြစ်ကြောင်း (Re-export) ဝန်ခံချက်ဖြင့် တင်သွင်းလာခြင်းဖြစ်သည်။ အဆိုပါပစ္စည်းများကို ပြပွဲတွင်လာရောက် ဝယ်ယူသည့်အခါ ပြပွဲကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ရမှသာ ရောင်းချခွင့်ရှိကြောင်း ဆိုလိုပါသည်။ အကယ်၍ ခွင့်ပြုချက်မရပါ မူလခွင့်ပြုချက်အတိုင်း ပြန်လည်တင်ပို့ရမည်ဖြစ်သည်။

## အခွန်အခများ ပေးသွင်းခြင်း

ပြပွဲတွင် ပစ္စည်းများ ရောင်းချရပါက အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနတို့၏တည်ဆဲအမိန့်တို့ဖြင့် ကောက်ခံလျက်ရှိသော သွင်းကုန်လိုင်စင်ကြေး၊ အကောက်ခွန်၊ ကုန်သွယ်ခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို သတ်မှတ်နှုန်းထားများအတိုင်းပေးသွင်းရမည်ဖြစ်သည်။ ဤနေရာတွင် သွင်းကုန်လိုင်စင်ကြေးဆိုသည်မှာ OGL စာရင်းတွင်မပါဝင်ဘဲ ပြပွဲရောက်မှ ပြပွဲကော်မတီ၏ ခွင့်ပြုချက်ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထား၍ ပေးသွင်းရသော လိုင်စင်ကြေးကိုဆိုလိုပါသည်။

## ကင်းလွတ်ခွင့်တောင်းခံခြင်း

ပြပွဲပြသသူများသည် ကင်းလွတ်ခွင့်တောင်းခံလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနသို့ လျှောက်ထားနိုင်သည်။ ဆိုလိုသည်မှာ တချို့သော ကုန်စည်ပြပွဲများသည် အာဆီယံနိုင်ငံအတွင်း ခင်းကျင်းပြသသောပွဲများဖြစ်သဖြင့် များသောအားဖြင့် ရောင်းချရလျှင် အကောက်ခွန်လျှော့ပေါ့နှုန်းခံစားလိုကြသည်။ ထိုအခါ အကောက်ခွန်လျှော့ပေါ့နှုန်း (CEPT/ATIGA) ခံစားလိုကြောင်း ပြပွဲကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရသည်။ ပြပွဲကြီးကြပ်ရေးကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများပါဝင်သဖြင့် ထောက်ခံစာရရှိရေး ဆောင်ရွက်ပေးသည်။ ထောက်ခံစာရမှသာ အကောက်ခွန်ဦးစီးဌာနသို့ အကောက်ခွန်နှုန်းလျှော့ပေါ့ခံစားရရှိရေးအတွက် ဆက်လက်လျှောက်ထားရန်ဖြစ်သည်။

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တန်ချိန်၁၃၀၀၀၀ကျော်ဝင်

ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၉၁၁၇၂၃ တန်ဖိုးရှိ ဓာတ်ဆီ ၅၄၄၄၆ဒသမ ၆၆ တန်နှင့် အမေရိကန်ဒေါ်လာ ၂၆၁၁၄၂၁၅ တန်ဖိုးရှိ ဒီဇယ် ၇၅၈၂၁ ဒသမ ၂၈ တန်၊ စုစုပေါင်းဒီဇယ်၊ ဓာတ်ဆီ ၁၃၀၂၆၇ ဒသမ ၉၄ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဒီဇယ် ၈၀၆၇၄ ဒသမ ၃၅ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၄၈၅၃ ဒသမ ၀၇ တန် တင်သွင်းမှုလျော့နည်းခဲ့ပြီး ဓာတ်ဆီမှာ ယခင်သီတင်းပတ်က တင်သွင်းမှုမရှိခဲ့ဘဲ ယခုတစ်ပတ်မှပြန်လည်တင်သွင်းခြင်းဖြစ်ကြောင်းသိရသည်။

နယ်စပ်စခန်းဖြစ်တဲ့မြိတ်ကုန်သွယ်ရေးစခန်းမှအမေရိကန်ဒေါ်လာ၄၅၉၀၂၆ တန်ဖိုးရှိ ဒီဇယ် ၂၇၅၂ ဒသမ ၆၆ တန်နှင့် အမေရိကန်ဒေါ်လာ ၂၀၅၄၁၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၅၈၇ ဒသမ ၇၂ တန် ၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၀၂၄၀ တန်ဖိုးရှိဓာတ်ဆီ ၆၁၁ ဒသမ ၈၇ တန်နှင့် အမေရိကန်ဒေါ်လာ ၉၁၉၆၂ တန်ဖိုးရှိ ဒီဇယ် ၃၅၇ ဒသမ ၄၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**သီတာဝင်း**(DOT)

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချလျက်ရှိသော ကုန်ဈေးနှုန်းများ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇူလိုင် ၁ ရက် မှ ဇူလိုင် ၇ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၄၀၀ မှ ၇၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၄၀၀ မှ ၈၀၀အတွင်း၊ အာလူး (ပိဿာ) ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၀၀၀ မှ ၂၂၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၅၀၀ မှ ၂၀၀၀ အတွင်း၊ မုန်ညင်း (ထုပ်)ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ)ကျပ် ၂၀၀၀ မှ ၃၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၁၄၀၀မှ ၁၈၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၂၅၀၀ မှ ၄၆၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၅၀ မှ ၂၀၀ အတွင်း၊ ရုံးပတီသီး (တောင့်) ကျပ် ၈ မှ ၁၃ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၂၀ မှ ၂၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ် ၅၀ မှ ၁၇၀ အတွင်း၊ သံပရာသီး(လုံး) ကျပ် ၂၀ မှ ၅၀ အတွင်း၊ ပဲသီး (စီး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ ဖရဲသီး(လုံး)(ကြီး)ကျပ် ၄၀၀၀၊ ဖရဲသီး(လုံး)(လတ်)ကျပ် ၃၅၀၀၊ ဖရဲသီး(လုံး)(သေး)ကျပ် ၃၀၀၀ ဖြစ်ကြောင်းသိရှိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX 10-7-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 38.91 | -0.71 | -1.79 |
| Brent Crude Futr (USD/bbl) | 41.73 | -0.61 | -1.46 |
| Gasoline Rbob Fut (Cent/gal) | 125.53 | -1.52 | -1.22 |
| Natural Gas Futr (USD/MMBtu) | 1.76 | -0.02 | -1.24 |
| Heating Oil Futr (Cent/gal) | 120.93 | -1.46 | -1.19 |

## ကမ္ဘာ့ရွှေဈေးနှုန်း ထပ်မံမြင့်တက်နေသော်လည်း မြန်မာ့ရွှေဈေးနှုန်း တည်ငြိမ်လျက်ရှိ

ကမ္ဘာ့ရွှေဈေးနှုန်း ထပ်မံမြင့်တက်နေသော်လည်း မြန်မာ့ရွှေဈေးမှာ တည်ငြိမ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ပြည်တွင်းရွှေဈေးမှာ လက်ရှိတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၃၅၀၀ ရှိနေပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၈၁၃ အထိ စံချိန်တင် ရောက်ရှိနေသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်၌ ရွှေဆိုင်အများစု ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သော်လည်း ကျောင်းဖွင့်ရာသီ ရောက်ရှိခြင်း၊ လယ်ယာလုပ်ငန်းခွင် ဆင်းသည့်အချိန်ဖြစ်ခြင်းတို့ကြောင့် ရွှေအဝယ်ထက် အရောင်းသာ များနေကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

“လောလောဆယ်က အရောင်းများတယ်။ အားလုံးက ငွေလိုနေတဲ့ အချိန်ဖြစ်တယ်။ လုပ်ငန်းတွေက အကုန်လုံး ပြန်စတဲ့အခါကျတော့ လာပြန်ရောင်းတာတွေများတယ်။ တချို့ဆိုင်တွေဆိုရင် တစ်နေ့ကို ခြောက်ပိဿာလောက်အထိ လာပြန်ရောင်းတာတွေရှိတယ်”ဟု ၎င်းက ပြောသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဆိုင် တစ်သောင်းကျော်ရှိပြီး ယခင်က တစ်နေ့လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရသည်။

**ပန်းဆု**

## ပြည်တွင်း ငွေလဲနှုန်း ကျဆင်းနေဆဲ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဝယ်ယူမှုများ ဆက်တိုက်ပြုလုပ်နေသော်လည်း ပြည်တွင်းငွေလဲနှုန်းမှာ ကျဆင်းနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခု ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ ရက်တွင် ဗဟိုဘဏ်သည် နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် အမေရိကန်ဒေါ်လာ ၃၈၀၀၀၀၀ ကို ၁၃၆၉ ဒသမ ၆ ကျပ်ဖြင့် လည်းကောင်း၊ ဇူလိုင် ၈ ရက်တွင် အမေရိကန်ဒေါ်လာ ၃၈၀၀၀၀၀ ကို ၁၃၆၇ ဒသမ ၅ ကျပ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၀ ကို ၁၃၆၆ ဒသမ ၅ ကျပ်ဖြင့်လည်းကောင်း ဝယ်ယူခဲ့သည်။

“ဒေါ်လာဈေးနှုန်း ကျဆင်းခြင်းဟာ အမေရိကန် ဘဏ်တွေနဲ့ အရှေ့တောင်အာရှဘဏ်တွေက ဒေါ်လာအတိုးနှုန်း လျှော့ချနေတာတွေရယ်ကြောင့် ဖြစ်ပါတယ်”ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောသည်။

လက်ရှိ ပြည်တွင်းငွေလဲနှုန်းမှာ ဇူလိုင် ၇ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၃၇၁၊ ဝယ်ဈေး ကျပ် ၁၃၆၉ ရှိပြီး ဇူလိုင် ၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ကျပ် ၁၃၇၄၊ ဝယ်ဈေး ကျပ် ၁၃၇၀ ရှိခဲ့ကာ ဇူလိုင် ၉ ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ကျပ် ၁၃၇၁၊ ဝယ်ဈေး ကျပ် ၁၃၆၈ ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**ပန်းဆု**

## စာရင်းဝင်ကုမ္ပဏီ ခြောက်ခုအထိ ဖြစ်လာသော်လည်း စတော့ရှယ်ယာ ရောင်းဝယ်မှု သိသာစွာမြင့်တက်လာခြင်းမရှိသေး

ရန်ကုန်စတော့ အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ခြောက်ခုအထိ ဖြစ်လာသော်လည်း ရှယ်ယာအရောင်းအဝယ် သိသာစွာ မြင့်တက်လာခြင်း မရှိသေးဘဲ ပြီးခဲ့သည့် ဇွန်လတွင် ကျပ် ၁ ဒသမ ၃ ဘီလီယံကျော်သာ အရောင်းအဝယ် ဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ လစဉ်အရောင်းအဝယ်ဖြစ်မှုစာရင်းများအရ သိရသည်။

မေလတွင် ရန်ကုန်စတော့အိတ်ချိန်း၌ ခြောက်ခုမြောက် စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့သည့် Ever Flow River (EFR) အများပိုင်ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာများကို မေ ၂၈ ရက်တွင် စတင်ရောင်းချရာ အရောင်းအဝယ်ဖြစ်မှုသည် ယင်းလတွင် ကျပ် ၁ ဒသမ ၂ ဘီလီယံကျော် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဇွန်လတစ်လလုံးအတွက် EFR ကုမ္ပဏီ၏ အစုရှယ်ယာများ အရောင်းအဝယ် ပြုလုပ်ခဲ့သော်လည်း ထူးခြားသိသာသော အရောင်းအဝယ် မြင့်တက်မှု မရှိခဲ့ဘဲ ကျပ် ၁ ဒသမ ၃ ဘီလီယံကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လတွင် FMI ကုမ္ပဏီဖြင့် စတင်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်းသည် လက်ရှိအချိန်တွင် စာရင်းဝင်ကုမ္ပဏီ ခြောက်ခုဖြင့် နေ့စဉ် အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ အဆိုပါ First Myanmar Investment (FMI) ကုမ္ပဏီသည် ရှယ်ယာ ၂၇၁ သိန်းကျော် မတည်ငွေကျပ် ၃၁၁၇၉၇ သန်း၊ Thilawa SEZ Holidings Public (MTSH) ကုမ္ပဏီသည် စာရင်းဝင်ရှယ်ယာ ၃၈၉ သိန်းကျော် မ တည်ငွေကျပ် ၁၅၅၇၁၇ သန်း၊ Myanmar Citizens Bank (MCB) သည် အစုရှယ်ယာ ၁၀၄ သိန်းကျော်နှင့် မတည်ငွေကျပ် ၈၅၂၈၈ သန်း ၊ First Private Bank (FPB) သည် အစုရှယ်ယာပေါင်း ၂၄ သိန်းကျော် မ တည်ငွေကျပ် ၅၅၆၂၀ သန်းနှင့် TMH Telecom Public (TMH) သည် အစုရှယ်ယာ ၁၂၈ သိန်းကျော်မှ ကျပ် ၃၇၁၈၇ သန်းဖြင့် အရောင်းအဝယ် ပြုလုပ်နေပြီး ဆဋ္ဌမမြောက် စာရင်းဝင် ကုမ္ပဏီဖြစ်လာသည့် Ever Flow River (EFR) ကုမ္ပဏီသည် အစုရှယ်ယာပေါင်း ၁၉၉၇၇၂၂၃ စု ရှိပြီး မတည်ရင်းနှီးငွေကျပ် ၁၃၆၃၈၅၉၉၀၀၀ ရှိသည်။

**ပန်းဆု**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-July | 18.07 | 2039.36 | 1590.40 | 6054.17 | 808.00 |
| 7-July | 18.15 | 2036.05 | 1594.15 | 6127.78 | 816.00 |
| 8-July | 18.33 | 2058.75 | 1601.64 | 6165.25 | 840.00 |
| 9-July | 18.78 | 2107.90 | 1638.45 | 6278.75 | 848.00 |
| 10-July | 18.57 | 2125.32 | 1636.25 | 6244.15 | 814.00 |

## Currency Exchange Rate

July 10, 2020

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.44 |
| BDT Bangladesh Taka | 84.57 |
| CAD Canada Dollars | 1.36 |
| CNY China Yuan Renminbi | 7.01 |
| EUR Euro | 0.89 |
| H KDHong Kong Dollars | 7.75 |
| I NR India Rupees | 75.26 |
| I DR Indonesia Rupiahs | 14468.27 |
| JPY Japan Yen | 106.92 |
| MYR Malaysia | 4.27 |
| PKR Pakistan Rupees | 166.19 |
| PHP Philippines Pesos | 49.52 |
| RUB Russia Rubles | 71.07 |
| SGD Singapore Dollars | 1.39 |
| KRW South Korea Won | 1204.78 |
| LKR Sri Lanka Rupe | 185.88 |
| THB Thailand Baht | 31.35 |
| GBP United Kingdom Pounds | 0.79 |
| VND VietnamDon | 23140.48 |

*Source:xe.com*

## World Gold Price

July- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1798 | 1779 | 1779 |
| 7 | 1799 | 1785 | 1785 |
| 8 | 1810 | 1796 | 1795 |
| 9 | 1827 | 1815 | 1815 |
| 10 | 1801 | 1799 | 1800 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-7.-2020 | 1221.00 | 1221.00 |
| 7-7-2020 | 1223.00 | 1222.70 |
| 8-7- 2020 | 1224.00 | 1224.50 |
| 9-7- 2020 | 1227.50 | 1227.50 |
| 10-7- 2020 | 1229.50 | 1229.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 7.03 | 31.08 | 84.89 | 74.77 |
| 7 | 7.02 | 31.09 | 84.83 | 74.85 |
| 8 | 7.01 | 31.28 | 84.82 | 74.97 |
| 9 | 6.98 | 31.17 | 84.40 | 75.01 |
| 10 | 7.01 | 31.35 | 84.57 | 75.26 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ကျော်ဝင်

ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၄၉၃၀၅ တန်ဖိုးရှိ ဘိလပ်မြေ ၂၇၄၄၀ ဒသမ ၁၂ တန်ကို ပင်လယ်ရေကြောင်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ နှင့် အင်ဒိုနီးရှားနိုင်ငံမှ ၂၇၃၄၀ ဒသမ ၁၂ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၂၀၀ ဒသမ ၄၀ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၂၇၂၃၉ ဒသမ ၇၂ တန် ပိုမိုတင်သွင်းခဲ့သည်။

ဇွန် ၂၇ ရက် မှ ဇူလိုင် ၃ ရက်အတွင်း နယ်စပ်မှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၅၀၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၂၂၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၆၃၂၀ ကျော် အဝင်ပိုခဲ့ သည်။ ထို့ကြောင့် ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှပါ ဘိလပ်မြေ အဝင်ပိုခဲ့သည်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ဆင်မြန်မာဘိလပ်မြေဈေးငြိမ်နေသော်လည်း ကြံ့နှစ်ကောင်(နီ)က ကျပ်၁၅၀ ဈေးမြင့်လာကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာကျပ် ၅၉၀၀၊ ကြံ့တစ်ကောင်(ပြာ) ကျပ် ၅၂၀၀၊ ကြံ့နှစ်ကောင်(နီ)ကျပ် ၅၃၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် အပါချီနှင့် နဂါးက ကျပ် ၂၀၀ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း)ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ကမ္ဘောဇကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၂၀၀၊ ကျားခေါင်းကျပ် ၆၂၀၀၊ နဂါး ကျပ် ၄၆၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီကျပ် ၄၇၀၀၊ ကြံ့ ကျပ်၄၇၀၀၊ ကမ္ဘောဇ ကျပ် ၅၅၀၀၊ ဘလူဒိုင်းမွန်း ကျပ် ၅၂၀၀၊ အယ်လ်ဖာကျပ် ၄၇၀၀နှင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းပုံမှန်ရှိကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။ ယခုတစ်ပတ် အေသုံးလုံးကကျပ် ၃၀၀၊ ခရောင်း(၅၂၅)က ကျပ် ၂၀၀၊ ခရောင်း(၄၂၅)ကကျပ် ၄၀၀ ဈေးမြင့်ခဲ့ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၃၀၀၊ ခရောင်း(၅၂၅) ကျပ် ၄၉၀၀၊ ခရောင်း (၄၂၅) ကျပ် ၄၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၃၀၀၀၀ ကျော်ဝင်

ဇွန် ၂၈ရက်မှ ဇူလိုင် ၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၇၇၀၇၁၈ တန်ဖိုးရှိ မြေဩဇာ၃၁၁၉၄ ဒသမ၁၀ တန်ကိုပင်လယ်ရေကြောင်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၂၇၀၅၄ ဒသမ ၄၆ တန်၊ ဂျပန်နိုင်ငံမှ ၁၀၉ ဒသမ ၄ တန်၊ မလေးရှားနိုင်ငံမှ ၁၉၈ တန်၊ နော်ဝေနိုင်ငံမှ ၂၇၄ ဒသမ ၇၄ တန်၊ ထိုင်းနိုင်ငံမှ ၁၂၃၃ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၁၉၂၄ ဒသမ ၅ တန်နှင့် ဗီယက်နမ်နိုင်ငံမှတန်ချိန် ၄၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့်အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား (၄၆%)၊ စူပါဖော့စဖိတ်၊ ရွှေကောမတ်၊ ကွန်ပေါင်း(ရွှေပျား)(၁၅း၆း၉)၊ ယူရီးယား (Grow Up)၊ အော်ဂဲနစ်(ရွှေတောင်တန်း)၊ အော်ဂဲနစ် (Genki)၊ ဖလော်ရီလာ၊ ကွန် ပေါင်း (၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၀း၁၀း၁၀)၊ ကွန်ပေါင်း (၁၅း၉း၂၀)၊ ကွန်ပေါင်း (၁၆း၁၆း၈)၊ ကွန်ပေါင်း(ဩ)(၁၈း၁၂း၁၆)၊ ကွန်ပေါင်း(MC)(၂၅း၇း၇)၊ ကွန်ပေါင်း (၁၃း၁၃း၂၁)နှင့် ကွန်ပေါင်း(အာမို)(ပိုလာ)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာ၁၂၀၁၉ ဒသမ ၇၇ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၉၁၇၄ ဒသမ ၃၃ တန်ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇွန်၂၇ရက်မှ ဇူလိုင် ၃ ရက်အထိ နယ်စပ်မှ မြေဩဇာအဝင်မှာ တန်ချိန် ၂၂၀၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန် ၁၆၃၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၅၇၀၀ ကျော်အဝင်ပိုခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းရောနယ်စပ်လမ်းပါ မြေဩဇာ အဝင်ပိုခဲ့သည်။

ပြည်တွင်းဈေးကွက်များဖြစ်သည့် တောင်ကြီးတွင် အရောင်းပုံမှန်ရှိပြီး မန္တလေး၊ မကွေးနှင့်မော်လမြိုင်တို့၌ အရောင်းပါးကြောင်း သိရသည်။

**မန္တလေးဈေးကွက်၌** ယခုအချိန်စိုက်ပျိုးရာသီ မရောက်သေးသောကြောင့် အရောင်းပါးကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး)က ကျပ် ၃၀၀၊ တီစူပါ(၄၆%)က ကျပ် ၇၀၀၊ ပိုတက်က ကျပ် ၆၀၀ ဈေးကျပြီး ယူရီးယား(ရွှေတောင်) ကပစ္စည်းပြတ်ကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၅၃၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၃၅၀၀၊ တီစူပါ(၄၆%-တရုတ်)ကျပ် ၂၁၀၀၀၊ မြားသီးစုံကျပ် ၁၇၆၀၀၊ ပန်းသီးစုံကျပ်၁၇၆၀၀၊ အာမို(၁၀း၁၀း၅) ကျပ် ၁၈၃၀၀၊ အာမို (၁၅း၁၅း၁၅) ကျပ်၃၉၃၀၀၊ ပိုတက် ကျပ် ၂၅၄၀၀၊ မြားကမ္ဘာကျပ် ၁၇၆၀၀၊ မြား(၁၅း၇း၈) ကျပ် ၂၁၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မကွေးဈေးကွက်၌** ယခုတစ်ပတ်လည်း အရောင်းအဝယ်ပါးကြောင်း သိရသည်။ မြားကမ္ဘာ(၁၂း၁၃)ကကျပ် ၇၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး၊ ရွှေတောင်) ကကျပ် ၄၀၀ဈေးကျပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၃၉၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၆၃၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၁၉၄၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)ကျပ် ၂၄၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၁၅၀၀၊ တီစူပါက ကျပ် ၂၄၅၀၀၊ ဇာမနီကျပ် ၂၀၀၀၀၊ တက်တိုးကျပ် ၂၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး) တစ်မျိုးသာ ဈေးကျပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်သည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်)ကျပ် ၂၅၅၀၀၊ တီစူပါ ၂၀% (တရုတ်)ကျပ် ၁၆၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ် ၄၀၀၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၄၅၀၀၊ ပိုတက် (တရုတ်)ကျပ် ၂၇၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၆၀၀၀၊ မြားကမ္ဘာ ကျပ်၁၈၀၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင် လျော့ပြီး နို့မှုန့်အဝင်ပို

ဇွန် ၂၈ရက်မှ ဇူလိုင် ၄ ရက် အတွင်း အမေရိကန်ဒေါ်လာ ၁၃၅၇၉၅ တန်ဖိုးရှိနို့ဆီ ၁၃၃ ဒသမ ၂၁၆ တန်ကို ပင်လယ်ရေကြောင်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တင်သွင်းခဲ့သည့် တံဆိပ်များမှာ တီးပေါ့နှင့် Hawk တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီ၅၀၃ ဒသမ ၄၂၄ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၃၇၀ ဒသမ ၂၀၈ တန် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ အမေရိကန်ဒေါ်လာ ၇၉၁၀၉၀ တန်ဖိုးရှိ နို့မှုန့် ၂၅၂ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ်နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၄ ဒသမ ၈၄ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်လျော့ခဲ့ပြီး နို့မှုန့်အဝင်ပိုခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၆ မှ ၃/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၆ မှ ၂၆/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၁.၀၀ | (-) | ၁၁.၀၀ |
| ၂။ | လွယ်ဂျယ် | | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၂၇၀၀.၀၀ | ၄၂၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၃၅၀.၀၀ | - | (+) | ၅၃၅၀.၀၀ |
| ၈။ | မြိတ် | ၂၅၀၀.၀၀ | ၁၀.၀၀ | (+) | ၂၄၉၀.၀၀ |
| | စုစုပေါင်း | ၁၀၅၅၀.၀၀ | ၄၂၂၁.၀၀ | (+) | ၆၃၂၉.၀၀ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၆ မှ ၃/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၆ မှ ၂၆/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅၈၂.၅၅ | ၇၄၇.၀၀ | (+) | ၁၈၃၅.၅၅ |
| ၂။ | လွယ်ဂျယ် | ၃၂၆၇.၀၀ | ၁၄၂၂.၅၀ | (+) | ၁၈၄၄.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၃၈၀.၃၅ | ၁၁၁၃၇.၃၀ | (+) | ၁၂၄၃.၀၅ |
| ၄။ | ကန်ပိုက်တီ | ၇၂၅.၀၀ | ၆၂၄.၀၀ | (+) | ၁၀၁.၀၀ |
| ၅။ | မြဝတီ | ၃၀၇၂.၈၃ | ၂၄၀၇.၉၇ | (+) | ၆၅၄.၈၆ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၂၅.၀၀ | - | (+) | ၂၅.၀၀ |
| ၈။ | ရိုဒ် | - | - | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၂၀၅၂.၇၃ | ၁၆၃၄၈.၇၇ | (+) | ၅၇၀၃.၉၆ |

ခင်မိုးသူ

# ကိုဗစ်-၁၉ ရောဂါကြောင့် တရုတ်မက်ခရိုစီးပွားရေး မူဝါဒအပေါ် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေ

ခိုင်ဖူးဝေ(ဒေသတွင်း)

ကမ္ဘာတစ်ဝန်း ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ ရောဂါသည် ယခုချိန်ထိတိုင် ကျန်ရှိနေသေးရာ အဆုံးမသတ်နိုင်သေးသည့်အတွက် ရောဂါဖြစ်ပွားမှုများ ဒုတိယအကြိမ် ပြန်လည်ဖြစ်ပေါ်လာနိုင်ခြေများရှိလာနိုင်ပြီး လူမှုစီးပွားရေးလည်ပတ်မှုများတွင်သာမက နိုင်ငံတကာစီးပွားရေးစနစ်များကိုပါ ကြီးမားသော ထိုးနှက်မှုများ ဖြစ်စေပြီး ပိုမိုဆိုးရွားသော နိုင်ငံတကာ ပဋိပက္ခများလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။

ကိုဗစ်-၁၉ ရောဂါ ထိုးနှက်ဝင်ရောက်ချိန်ကတည်းက အမေရိကန်၊ ဥရောပနိုင်ငံများ၊ ဂျပန်၊ အင်္ဂလန်စသည့် နိုင်ငံများ၏ အဓိကကျသော စီးပွားရေးစနစ်သည် အချိန်တိုအတွင်း အဆက်မပြတ် လက်လွတ်ဆုံးရှုံးမှုများ ကြုံတွေ့နေရပြီး သက်ရောက်မှုအနေဖြင့် ယခင်မကြုံဖူးသေးသော ထူးကဲသည့် နည်းဥပဒေများဖြင့် တုံ့ပြန်ရင်ဆိုင်နေရပါတယ်။

တရုတ်နိုင်ငံအနေဖြင့် သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုပါက အမှန်တကယ် အကျိုးအမြတ်ရရှိရန်မှာ ကြီးမားသော ပြုပြင်ပြောင်းလဲမှုလမ်းစဉ်တစ်ခုအပေါ်တွင် မူတည်နေပြီး ထိုသို့ပြုပြင်ပြောင်းလဲမှသာလျှင် စီးပွားရေးသည် အကျပ်အတည်းမှ လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ တရုတ်အနေဖြင့် အတတ်နိုင်ဆုံး ထူးကဲကောင်းမွန်သော နည်းလမ်းများဖြင့် ငွေရေးကြေးရေးနှင့် သက်ဆိုင်သည့်မူဝါဒများကို အကောင်းဆုံး ပြင်ဆင်ထားရမည်ဖြစ်သည့်အပြင် မက်ခရိုစီးပွားရေး မူဝါဒ ပြုပြင်ပြောင်းလဲမှုများကိုလည်း တွန်းအားပေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အရောက်တွင် တရုတ်စီးပွားရေးတိုးတက်မှု၏ လမ်းကြောင်းသည် ကြီးမားသော ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဘဏ္ဍာရေးဝင်ငွေဖွဲ့စည်းပုံနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ဖွဲ့စည်းပုံတို့တွင် ပြောင်းပြန်လှန်ပစ်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်သို့ ရောက်သည့်အခါ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုများသည် လူမှုစီးပွားရေးလည်ပတ်မှုများအပေါ် ကြီးမားသောထိုးနှက်မှုကို ဖြစ်ပေါ်စေပါတယ်။ ကြီးမားသော ကြိုးစားအားထုတ်မှုနှင့်အတူ ရောဂါထိန်းချုပ်မှုများအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် တရုတ်နိုင်ငံအနေဖြင့် ဦးစွာ အောင်မြင်မှုများရှိနေသော်လည်း ပထမရာသီကာလတွင် စီးပွားရေးတိုးတက်မှုသည် ၆ ဒသမ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး နှစ်ပေါင်း ၄၀ ကြာ ပြုပြင်ပြောင်းလဲမှုကာလသမိုင်းတစ်လျှောက်တွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယရာသီကာလအဝင်တွင် စီးပွားရေးတိုးတက်မှုအခြေအနေသည် သိသိသာသာ ပြောင်းလဲလာခဲ့သော်လည်း ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ကမ္ဘာ့စီးပွားရေးအခြေအနေသည် ပြင်းထန်စွာ ကျဆင်းခဲ့ပြီး ကြီးမားသော ကုန်စည် ဈေးကွက်၏ ဆိုးရွားသောမတည်ငြိမ်မှု၏ စိတ်ပျက်ဖွယ်အခြေအနေများအပြင် စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးလုပ်ငန်းများအနေဖြင့် ယခင်က မကြုံစဖူးအန္တရာယ်များနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

လက်ရှိ တရုတ်နိုင်ငံ၏ အခြေခံလူမှုစီးပွားရေးကို အချိန်မီတည်ငြိမ်အောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း အန္တရာယ်များသည့် မမြင်နိုင်သည့် ဘေးဒုက္ခများ ရှိနေသေးပါတယ်။ ရောဂါဖြစ်ပွားကတည်းက အလုပ်သမားလျှော့ချမှုနှင့် လစာလျှော့ချမှုများ၏ ဖိအားများသည် လုပ်ငန်းများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်း စသည်များအပေါ် ပိုမိုများပြားသော ဖိအားများပေးလျက်ရှိပြီး အမေရိကန်ကဲ့သို့ အဓိကကျသော စီးပွားရေးစနစ်ကို စောင့်ဆိုင်းနေရမည်မဟုတ်ဘဲ ဘဏ္ဍာရေးမူဝါဒများကို ပိုမိုကြီးမားစွာ ကုစားဆောင်ရွက်ရမည် သို့မဟုတ် ကယ်တင်ရမှာ ဖြစ်ပါတယ်။ သို့မှသာ အစိုးရ၏ ဖိအားများကို ပြောင်းလဲလျော့ပါးစေနိုင်ပြီး နိုင်ငံတော်ဘဏ္ဍာရေးလိုငွေပြမှုကိုလည်း များပြားစွာ ဖုံးကွယ်သွားစေနိုင်မှာဖြစ်ပါတယ်။ သို့ရာတွင် ပြဿနာမှာ ယခုအခါ ရောဂါဖြစ်ပွားမှုများကို အပြီးတိုင် မရှင်းလင်းနိုင်သေးဘဲ ဒုတိယအကြိမ် ပြန်လည်ဖြစ်ပွားလာသည့် ဖိအားများရှိနေပြီး ကမ္ဘာ့စီးပွားရေးသည် ပြင်းထန်စွာကျဆင်းနေသည့်အပြင် ဘက်ပေါင်းစုံတွင် ကြီးမားသည့် အန္တရာယ်များ ကျရောက်နေသည့်အပြင် လူနေမှုစနစ်များ၏ ခံနိုင်စွမ်းကို ထိပါးလာသည်နှင့်တစ်ပြိုင်နက် လူမှုစီးပွားရေး၏ တည်ငြိမ်မှုသည်လည်း ပြင်းထန်သော ယိုယွင်းပျက်စီးမှုကိုခံရမည်ဖြစ်ပြီး ထိုအချိန်တွင် အစိုးရအနေဖြင့် မဖြစ်မနေ အရေးပေါ်ကယ်ဆယ်ရမှာဖြစ်ပါတယ်။ ဒါ့အတွက် လွန်စွာသတိဝီရိယရှိရမည့်အပြင် လုံလောက်စွာ ကြိုတင်ပြင်ဆင်ထားရမယ့် အခြေအနေဖြစ်နေပါတယ်။ ထူးကဲကောင်းမွန်သော မက်ခရိုစီးပွားရေးမူဝါဒများကို ယခုလတ်တလော ချက်ချင်းအသုံးပြုရန် မလိုအပ်သေးသော်လည်း ရှင်းရှင်းလင်းလင်း ကောင်းကောင်းမွန်မွန် ကြိုတင်ပြင်ဆင်ထားရန် မလိုအပ်ခြင်းမဟုတ်ပေ။

ဎင်းတွင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ငွေကြေးတို့၏ ဆက်နွှယ်မှုကို ရှုပ်ထွေးစေမယ့် အလွန်လေးနက်သော ပြဿနာများ ပါဝင်ပါတယ်။ ၁၉၉၅ ခုနှစ်တွင် အရအသုံး ခန့်မှန်းခြေဥပဒေ၊ ဗဟိုဘဏ်ဥပဒေ၊ ဘဏ်လုပ်ငန်းဥပဒေစသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့သော်လည်း အစိုးရနှင့်စီးပွားရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ငွေကြေးတို့နှင့် ပတ်သက်သော ဆက်နွှယ်မှုများကို ယခုအချိန်ထိ ပြန်လည်မွမ်းမံပြဋ္ဌာန်းရန် လိုအပ်နေသေးရာ လက်တွေ့ ဆောင်ရွက်သည့်အခါတွင်လည်း ဖုံးကွယ်ထားမှုများကို ကျော်လွှားထိုးဖောက်ရမည့် နည်းလမ်းများစွာရှိနေသေးပြီး အစိုးရ၏ ကြွေးမြီနှင့် ဘဏ္ဍာရေးလိုငွေပြမှုများကို အမှန်တကယ် ပေးဆောင်ရန် ခက်ခဲနေသေးသည့်အပြင် ပြည်သူ့ကွန်ဂရက်၏ လုပ်ဆောင်နိုင်စွမ်းကို ပြသရာတွင်လည်း အကျိုးသက်ရောက်မှုများ ဖြစ်စေပါတယ်။ ၂၀၁၅ မတိုင်မီ အရင်းအမြစ်ဝင်ငွေ အလွန်ကောင်းမွန်သည့် အခြေအနေ၌ မဖြစ်ပေါ်ဘဲ ဎင်းနောက်တွင် အခွန်ဘဏ္ဍာနှင့်အသုံးစရိတ်ကြား ကွဲလွဲမှုအရှိန်မြင့်တက်လာမှုနှင့်အတူ ပြဿနာသည် တဖြည်းဖြည်းပို၍ ဆိုးရွားလာခဲ့ပြီး မက်ခရိုစီးပွားရေးမူဝါဒအား အရေးပေါ် နက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများ ဆောလျင်စွာဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။

အချုပ်အားဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် တရုတ်လူမှုစီးပွားရေးကို ကြီးမားသော ထိုးနှက်မှုကြီးဖြစ်စေပြီး အဓိကကျသော စီးပွားရေးစနစ်များအနေဖြင့် ယခင်က မကြုံဖူးသေးသော အစိုးရ ထောက်ပံ့ရေးလုပ်ငန်းများကို လုပ်ဆောင်နေရပြီး တရုတ်မက်ခရိုစီးပွားရေးမူဝါဒအပေါ် နက်ရှိုင်းသော ပြောင်းလဲမှုများဖြစ်စေခြင်း၊ စနစ်ကျသော ယန္တရားများအပေါ် ရခဲလှသော အခွင့်အလမ်းများကို ဖြစ်ပေါ်စေပြီး ဎင်းတို့ကို လက်မလွတ်စေဘဲ အသုံးချ၍ နက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သင့်ပါကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

**တရုတ်မက်ခရိုစီးပွားရေးမူဝါဒအပေါ် နက်ရှိုင်းသော ပြောင်းလဲမှုများဖြစ်စေခြင်း၊ စနစ်ကျသော ယန္တရားများအပေါ် ရခဲလှသော အခွင့်အလမ်းများကို.....**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၇-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၅၀၀ | ၇၂၀၀ | ▽ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၈၀၀ | △ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၇၀၀၀ | ၇၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မကွေး | ၆၈၀၀ | ၆၈၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၆၂၀ | ၁၆၂၀ | □ |
| မုံရွာ | ၆၂၀၀ | ၆၅၀၀ | △ | ၆၀၀၀ | ၆၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| စစ်တွေ | ၈၅၀၀ | ၈၅၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၄၀၀ | ၂၄၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၁၀-၇-၂၀၂၀ US$/Ton

| အမျိုးအစား | ငွေနှစ်တုတ္ထပတ် | ဇူလိုင်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၆.၅၀ | ၆၉၆.၅၀ | △ |
| RBD P.Olein | ၆၁၉.၀၀ | ၆၉၃.၅၀ | △ |
| RBD P.Stearin | ၆၀၀.၀၀ | ၅၇၆.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၀-၇-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၉၆.၁၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၂၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၄၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၉၇.၈၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၈၃ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၈၆၅.၀၉၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၇-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၅၀ ဒေါ်လာနှင့် USD ဈေး ၁၅၉၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၀-၇-၂၀၂၀ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၉၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 20, No.21 Monday July 13 2020

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၁။ ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၃၈-ခ တွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်နေ့မှ (၆)လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်း အသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် တာဝန်ရှိပါသည်။

၃။ ၂၀၁၇ ခုနှစ်အတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့ခဲ့ပြီး ယနေ့အထိ ပို့ကုန်ရငွေ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏ သက်ဆိုင်ရာဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီ(၄၅၃)ခုရှိသည်ကို စိစစ်တွေ့ရှိရသဖြင့် အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၆၀)အတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းကြရန် နှိုးဆော်ခဲ့ပြီး ယင်းကာလအတွင်း ထည့်သွင်းရန် ပျက်ကွက်သည့် ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း အပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၇-၁-၂၀၂၀ ရက်နေ့မှစ၍ အသိပေးကြေညာခဲ့ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒသမအကြိမ်အဖြစ် ပို့ကုန်ရငွေ အပြည့်အဝပြန်လည်ဝင်ရောက်လာသော ကုမ္ပဏီ(၄)ခုစာရင်းနှင့် ကျန်ရှိသော ပို့ကုန်ရငွေအတွက် ငွေပြန်လည်ဝင်ရောက်မည်မဟုတ်ကြောင်း အထောက်အထားများနှင့်အတူ တင်ပြထားသော ကုမ္ပဏီ(၁)ခု၊ စုစုပေါင်းကုမ္ပဏီ(၅)ခုအား ပေးပို့လာခဲ့ပါသဖြင့် ပို့ကုန်ရငွေ ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ (၂၉၆)ခု ကျန်ရှိနေပါသည်။

၅။ အဆိုပါ ကုမ္ပဏီ(၂၉၆)ခု၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား (၃-၇-၂၀၂၀)ရက်နေ့မှ (၂-၇-၂၀၂၁)ရက်နေ့အထိ (၁)နှစ်ယာယီပိတ်သိမ်းပြီးဖြစ်ပါသဖြင့် ပို့ကုန်ရငွေအားလုံးကို မိမိတို့ ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ဆောလျင်စွာ ထည့်သွင်းကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။ (အသေးစိတ် ကုမ္ပဏီအမည်စာရင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website- www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၅၀ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့်ကုန်စည်များ တင်သွင်းမှုနှင့်ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက် ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၂-၁၀-၂၀၁၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၅ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(၂၀၁၅)ပါ အပိုဒ် ၇၄ တွင် **"သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့်ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရ"** ဟု သတ်မှတ်ထားပါသည်။

၂။ သို့ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ( ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) က ၂၀-၈-၂၀၁၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသည့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အထက်အပိုဒ် ၁ ပါ သတ်မှတ်ချက်အား **"သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းရန် တင်သွင်းလာသည့် ကုန်စည်များမှအပ ကျန်ကုန်စည်များအား ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်းမရှိစေရ"** ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ တင်သွင်းသောကုမ္ပဏီသည် သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံမှထုတ်ယူ၍ ပြည်တွင်းသုံးစွဲမှုအတွက်တင်သွင်းမည်ဆိုပါက လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရမည်။

၄။ အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းရန်အတွက်မဟုတ်ဘဲ ပြည်တွင်းသို့ တိုက်ရိုက်တင်သွင်းမှုနှင့်ပတ်သက်၍ လိုင်စင်လျှောက်ထားရန် လိုအပ်သော ကုန်စည်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်မရရှိဘဲ တင်သွင်းပြီး ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်။

( ပုံ )
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

---

# မန္တလေး မြေပဲဆန်စျေး အနည်းငယ် ကျဆင်းလာ

ယခုတစ်ပတ် မန္တလေးကုန်စည်ဒိုင်စျေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာမြေပဲဆန်မှာ လှောင်လက်သမားများနှင့်ဆီစက်သမားများသာအဝယ်ရှိနေခြင်းနှင့် တရုတ်စျေးကွက်စျေးအေးနေပြီး အရည်အသွေးနှင့်ဝယ်လိုအားပေါ်မူတည်၍ စျေးအနိမ့်၊ အမြင့်ရှိကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသော မြေပဲလုံးဆန်ဖြူ တစ်ပိဿာ စျေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၃၀၀၀ မှ ၃၁၀၀၊ ယခင်တစ်ပတ် ကျပ် ၃၀၀၀ မှ ၃၃၂၅၊ ယခင်လ ကျပ် ၃၀၀၀ မှ ၃၂၀၀၊ယခင်နှစ် ၃၄၀၀မှ ၃၆၀၀ကျပ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၇၅ ကျပ်၊ ယခင်လထက် ကျပ် ၅၀၊ ယခင်နှစ်ထက် ကျပ် ၃၀၀ မှ ၃၅၀ အထိ နိမ့်ကျလာသည်။

မြေပဲလုံးဆန်နီ တစ်ပိဿာ စျေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၃၀၀၀ မှ ကျပ်၃၁၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၀၀၀ မှ ၃၃၅၀၊ ယခင်လကျပ် ၃၁၅၀ မှ ၃၃၅၀၊ ယခင်နှစ် ကျပ် ၃၅၀၀ မှ ၃၈၀၀ ဖြစ်ခဲ့သည်။ယခင်တစ်ပတ်ထက်မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၅၀၊ယခင်လထက် ကျပ် ၅၀၊ ယခင်နှစ်ထက် ကျပ် ၄၀၀ မှ ၅၀၀ နိမ့်ကျလာသည်။

မြေပဲလုံးဆန်နီ(ရှမ်း)တစ်ပိဿာ စျေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၂၇၀၀ မှ ၂၈၀၀၊ယခင်တစ်ပတ် ကျပ် ၂၈၀၀၊ ယခင်လ ကျပ် ၂၈၀၀မှ ၂၈၅၀၊ ယခင်နှစ် ကျပ် ၂၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စျေးငြိမ်နေပြီး ယခင်လထက်ကျပ် ၅၀ နိမ့်ကျလာ၍ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင်စျေးငြိမ်နေသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

---

# ရောဝတီတိုင်း၌ မတ်ပဲစျေး အကျဘက်ဦးတည်

ဧရာဝတီတိုင်းဒေသကြီး မတ်ပဲစျေးနှုန်းသည် အကျဘက်သို့ ဦးတည်လျက်ရှိပြီး တစ်နေ့ချင်းစီတွင် ရာဂဏန်းမျှအတက်အကျရှိခဲ့သည်။ ဇူလိုင် ၁ ရက်တွင် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ရှိခဲ့ပြီး ဇူလိုင် ၂ ရက်တွင် အရောင်းအဝယ်ပေါ်မူတည်၍တစ်တင်းလျှင်ကျပ်၃၁၇၀၀-၃၁၈၀၀-၃၂၀၀၀ အသီးသီးရှိခဲ့သည်။ ဇူလိုင် ၃ ရက်တွင် ကျပ်၃၂၀၀၀ - ၃၂၁၀၀၊ ဇူလိုင် ၄ ရက်တွင် ကျပ် ၃၂၂၀၀ - ၃၁၈၀၀ ၊ ဇူလိုင် ၅ ရက်တွင် ကျပ် ၃၂၁၀၀ - ၃၂၀၀၀ စသည်ဖြင့် ရှိခဲ့ရာမှ ဇူလိုင် ၆ ရက်မှ စတင်ကာ ကျပ်၃၂၀၀၀ အောက်သို့ တဖြည်းဖြည်းပြန်လည်ရောက်ရှိသွားသည်။

ဇူလိုင် ၆ ရက်တွင် တစ်တင်းလျှင် ကျပ် ၃၁၅၀၀၊ ဇူလိုင် ၇ ရက်တွင် ကျပ် ၃၁၉၀၀ စသည်ဖြင့် အသီးသီးစျေးပေါက်ခဲ့သည်။

မြန်မာနိုင်ငံမှ မတ်ပဲအဓိက ဝယ်ယူလျက်ရှိသော အိန္ဒိယနိုင်ငံ၏ ပဲခွဲစက်လုပ်ငန်းရှင်များအသင်းက မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်သွင်းခွင့်ကာလကို ယခင်သတ်မှတ်ခဲ့သည့်အတိုင်း ၂၀၂၁ ခုနှစ် မတ်လသို့တိုးမြှင့်သတ်မှတ်ပေးရန် ၎င်းတို့၏အစိုးရထံတောင်းဆိုထားသောကြောင့် မတ်ပဲ တင်သွင်းခွင့်ကာလ ထပ်တိုးလာဖွယ်ရှိသော်လည်း ပြည်တွင်းမတ် ပဲစျေးနှုန်းမှာတည်ငြိမ်လျက်ရှိသည်။ ယခင်က မတ်ပဲစျေးအတက်ကို မျှော်ကာ အရောင်းမရှိဖြစ်ခဲ့သော်လည်း ယခုအခါလက်ရှိပေါက်စျေးဖြင့်အရောင်းအဝယ်အနည်းငယ်ပြန်လည် ဖြစ်ထွန်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်သွင်းမည့် လုပ်ငန်းရှင်များအား တင်သွင်းခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိသော်လည်း ဝယ်ယူမည့်စျေးနှုန်း ထုတ်ပြန်ခြင်းမရှိသေးကြောင်း၊ ပြည်တွင်းမတ်ပဲ စျေးနှုန်းသည်လည်း ယခင်သီတင်းပတ်ကာလအတိုင်း ဆက်လက် တည်ရှိနေကြောင်း သိရှိရသည်။

**ရောကုန်သွယ်မှုဗဟိုဌာန**

---

# မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်း အရောင်းသွက်နေ

မန္တလေးကုန်စည်ဒိုင်စျေးကွက်သို့ ကျောက်ဆည်ခရိုင်နှင့် ရွှေဘိုခရိုင်တို့မှ ပဲတီစိမ်းများ ဝင်ရောက်ကာ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ပဲတီစိမ်းများ စျေးကွက်ဝင်ရောက်မှုများပြီး တရုတ်နှင့် ရန်ကုန်စျေးကွက်တို့မှ ဝယ်လိုအားများနေခြင်းကြောင့် အရောင်းသွက်နေပြီး ပဲတီစိမ်းကို မန္တလေး - မူဆယ် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်စျေးကွက်သို့ ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်း(အညာ) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၉၅၀၀၀ မှ ၁၀၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၉၆၀၀၀၀မှ ၁၀၀၀၀၀၊ ယခင်လကျပ် ၉၆၀၀၀ မှ ၁၀၀၀၀၀၊ ယခင်နှစ် ကျပ် ၁၀၂၀၀၀ မှ ၁၀၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် ကာလတူနှိုင်းယှဉ်ပါက ပဲတီစိမ်းအညာ ကျပ် ၆၀၀၀၊ ယခင်လကာလတူနှိုင်းယှဉ်ပါက ကျပ် ၁၀၀၀ မှ ၆၀၀၀ စျေးမြင့်လာပြီး ယခင်နှစ်ကာလတူနှိုင်းယှဉ်ပါက ကျပ် ၄၀၀၀ ခန့် စျေးကျလာကြောင်း သိရသည်။

**ချောစုဝင်း**
**(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၅၁ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄. ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်စာရင်း ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများကို နှစ်စဉ်ပြန်လည်သုံးသပ်၍ အချို့သောကုန်စည်လိုင်းများကို လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်အဖြစ် ဖြေလျှော့ပြီး နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရေးတို့ကို ရည်ရွယ်လျက် တိရစ္ဆာန်အရှင်၊ ရှားပါးငါးမျိုးစိတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ ဆေးဖက်ဝင်အပင်၊ အမြစ်၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ကုန်ကြမ်းပစ္စည်း၊ ကန့်သတ်ဓာတုပစ္စည်း၊ ပေါက်ကွဲစေသောပစ္စည်းများ၊ ခေတ်မြေသြဇာ၊ ရှေးဟောင်းပစ္စည်းများအုပ်စုတွင် ပါဝင်သော HS Code 2017 Version အရ 6 digit ဖြင့် ကုန်စည်လိုင်း ( ၇၇၈ ) လိုင်း သို့မဟုတ် 10 digit ဖြင့် ကုန်စည်လိုင်း ( ၁၂၂၄ ) လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်စာရင်းအဖြစ် သတ်မှတ်ထုတ်ပြန်လိုက်သည်။

၂။ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအရ တင်ပို့ခွင့် ပိတ်ပင်တားမြစ်ထားသော ကုန်စည်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သီးခြားညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအရ တင်ပို့ခွင့်ပြုရန် သတ်မှတ်ထုတ်ပြန်ထားသော ကုန်စည်များနှင့်စပ်လျဉ်း၍လည်းကောင်း သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ အကျိုးဝင်မည်ဖြစ်ပြီး အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့သည့် လိုင်စင်မလိုသော ကုန်စည်လိုင်းများသည် ယခုအမိန့်ကြော်ငြာစာပါ 10 digit ဖြင့် ကုန်စည်လိုင်း ( ၁၂၂၄ ) လိုင်းတွင် အကျုံးဝင်ပါက ယင်းကုန်စည်လိုင်းများအတွက် ပို့ကုန်လိုင်စင်လျှောက်ထားခြင်းကို ဤအမိန့်ကြော်ငြာစာ စတင်အကျိုးသက်ရောက်သည့်နေ့မှ ရက်ပေါင်း ၉၀ ပြည့်မြောက်သည့်နေ့တွင် ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်သည်။

၄။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၈-၂-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( ပုံ )
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြစ်ကြီးနားမြို့ရှိ ကြက်သွန်နီဈေးကွက်အခြေအနေ

ကြက်သွန်နီကို မြန်မာနိုင်ငံတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် စားသုံးခြင်း၊ သရေစာအဖြစ်ကြော်၍ စားသုံးခြင်းတို့ရှိသည်ကို တွေ့ရပြီး ယခုမြစ်ကြီးနားဈေးကွက်ထဲတွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဈေးခန့်ရှိသည်ကိုတွေ့ရှိရသည်။

ကြက်သွန်နီကို မြန်မာနိုင်ငံတွင် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် များစွာစိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်ကိုတွေ့ရပြီး ပြည်တွင်းစားသုံးမှုပိုလျှံသည့် ကြက်သွန်နီများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။ ကချင်ပြည်နယ်အနေဖြင့် ကြက်သွန်နီကို အမြိတ်စားသုံးရန်သာ စိုက်ပျိုးကြသဖြင့် မိမိဒေသတွင် ကြက်သွန်နီစားသုံးမှု လိုအပ်ချက်အရ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သည့် အခြားတိုင်းဒေသကြီးများက ဝယ်ယူတင်သွင်း၍စားသုံးလျက်ရှိသည်ကိုတွေ့ရှိရသည်။

ယခုအချိန်တွင် မိုးရာသီဖြစ်သည့်အလျောက် ပုံမှန်စားသုံးသည့် မြို့ပေါ်ရှိစားသုံးသူများနှင့် စပါးစိုက်ပျိုးသည့် တောင်သူများ စပါးစိုက်ပျိုးရန် လုပ်ငန်းခွင်ဝင်ချိန်ဖြစ်၍ ကြက်သွန်နီသုံးစွဲမှုများရှိခြင်းကြောင့် မြစ်ကြီးနားမြို့၏ ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့်ရှိသည်ကို တွေ့ရသည်။

**ဌေးလှိုင်-မနောမြေကုန်သွယ်မှုဇုဟိုဌာန**

# အင်းခရမ်းချဉ်သီးများ ဈေးကောင်းရရှိနေ

ညောင်ရွှေပွဲရုံများမှ ခရမ်းချဉ်သီး(အင်းသီး)များသည် ယခုဇူလိုင်လ ပထမတစ်ပတ်အတွင်း အင်းလေးခရမ်းချဉ်(ပင်သစ်) တစ်တင်း ပိဿာ ၃၀ လျှင် ကျပ် ၂၂၀၀၀၊ ပုံမှန်တစ်တင်း (ပိဿာ ၃၀) လျှင် ကျပ် ၁၉၅၀၀ နှင့် ပင်ကျတစ်တင်း(ပိဿာ ၃၀)လျှင် ကျပ် ၁၅၀၀၀ပင်မှည့်တစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှုန်းရှိကြောင်း သိရသည်။

တင်ပို့ရောင်းချမှုအနေဖြင့် ရန်ကုန်မြို့သို့ နေ့စဉ် ၁၂ ဘီးကား ငါးစီးခန့်နှင့် မန္တလေးမြို့သို့ နေ့စဉ် ၁၂ ဘီးကား ကိုးစီးခန့်တင်ပို့ကြောင်းသိရသည်။ ယခုကာလတွင် အင်းခရမ်းချဉ်သီး အထွက်နည်းခြင်း၊ မြဝတီသီးနှင့် တရုတ်သီးများ ရန်ကုန်နှင့် မန္တလေးဈေးကွက်များသို့ ဝင်ရောက်မှုနည်းခြင်းတို့ကြောင့် ဝယ်လိုအားမြင့်တက်လာပြီး ဈေးကောင်းရရှိနေသည်။

ယခုသီတင်းပတ်တွင် ဒေသတွင်း လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ရှိပြီး ပြီးခဲ့သည့် ဇွန်လအတွင်းတွင် ညောင်ရွှေနှင့် အောင်ပန်းဈေးကွက်များမှ ခရမ်းချဉ်သီးများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အစရှိသည့်မြို့ကြီးများသို့ ပိဿာချိန် ၁၅ သိန်းခန့် တင်ပို့ခဲ့ကာ လက်ကားဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင်ကျပ် ၅၀၀ မှ ၇၀၀ ခန့်ရရှိကြောင်း ပွဲရုံများမှသိရသည်။

**စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဇုဟိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် စားတော်ပဲဈေး မြင့်တက်

မကွေးတိုင်း ဒေသကြီး အတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့အရောင်း အဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်တွင် ယခုတစ်ပတ် ဇူလိုင် ၈ ရက်တွင် စားတော်ပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်၊

ဇူလိုင် ၁ ရက်တွင် စားတော်ပဲ ပိဿာ ၂၀ တစ်တင်း လျှင် ကျပ် ၄၀၀၀၀ဖြင့် အရောင်း အဝယ်ဖြစ်ခဲ့သည်။ ကာလတူ နှိုင်းယှဉ်ပါက စားတော်ပဲပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးမြင့်တက်ကာ အရောင်းအဝယ် ဖြစ်လျက်ကြောင်းသိရှိရသည်။

**လှမိုးခိုင်**
**(ဖန်ခါးမြေ**
**ကုန်သွယ်မှုဇုဟိုဌာန)**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး . . . မှအဆက်

ရေရှည်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလနှင့် အလွန်ကာလများတွင်လည်း ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက်စေရန် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှု မြှင့်တင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းသည် စားသုံးသူ အကာအကွယ်ပေးရေး ဖြစ်ကြောင်း၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ကုန်အရည်အသွေးမြင့်မားစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကုန်ညွှန်းအမှတ်အသားများ စနစ်တကျ ဖော်ပြပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်သူ၊ စားသုံးသူ၊ ရောင်းဝယ်သူနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

ကိုဗစ်- ၁၉ အလွန်ကာလ၌ ရိက္ခာထုတ်လုပ်သည့်နိုင်ငံဖြစ်စေရေး ဆောင်ရွက်ရန် လမ်းညွှန်ထားသည့်အတွက် စိုက်ပျိုး မွေးမြူရေးကို အခြေခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုကောင်းမွန်ရန် လိုအပ်ကြောင်း၊ စီမံခန့်ခွဲမှုကောင်းမွန်စေရေးအတွက် အထက်အောက်အပြန်အလှန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုမှတစ်ဆင့် အကြံဉာဏ်ကောင်းများရရှိပြီး လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ပြည်ပသို့တင်ပို့သည့် မတ်ပဲ ဈေးပိုရလာ

ဇွန် ၂၉ ရက်မှ ဇူလိုင် ၄ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၂၈၇၅ ဒသမ ၂၅၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၆၀၅၆၇၂ ဒသမ ၅၃ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၁ နိုင်ငံရှိပြီး ဩစတြေးလျ၊ ကနေဒါ၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဂျပန်နှင့် ကာတာနိုင်ငံတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၁၀၃၂၂ ဒသမ ၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၉၇၃၀၇ ဒသမ ၇၉ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ ဂျပန်ဖြစ်၍ တန်ချိန် ၄ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၁၆၅၁၃ ဒသမ ၆၉၇၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၁၂၉၈၈၇ ဒသမ ၇၁ ဖြစ်ရာ ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃၆၃၈ ဒသမ ၄၄၂၊ တန်ဖိုး အမေ ရိကန်ဒေါ်လာ ၂၅၂၄၂၁၅ ဒသမ ၁၈ လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၇၃၅ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၇၄၆ ဖြစ်သောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၉ ဒေါ်လာပိုမိုခဲ့ကြောင်း သိရသည်။

**စန်းစန်းမော် (မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၈ အနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၆၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းထက် ၃၄ ဒသမ ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ အယ်လ်ဂျီးရီးယား၊ ဘယ်လ် ဂျီယံ၊ အီဂျစ်၊ ကင်ညာ၊ မာလာဝီ၊ ပိုလန်နှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၂ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဩစတြီးယား၊ ကနေဒါ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အိုက်စလန်နှင့် ဂျာမနီ စသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင်သုံးရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဇူလိုင် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၈ အနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၇ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သော ပါကစ္စတန်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂၆ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ နီပေါ၊ အန်ဒိုရာ၊ အီရန်၊ ကင်ညာ၊ မော်လတာ၊ မိုနာကိုနှင့် နိုင်ဂျီးရီးယား စသည့်နိုင်ငံများ အပါအဝင် ၅၃ နိုင်ငံတို့တွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်လျက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ စင်ကာပူ၊ ပြင်သစ်၊ ပီရူး၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီနှင့် နယူးဇီလန် စသည့်နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၇ ဒသမ ၉၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မလေးရှားနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၁ | ၀.၄၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၃ | ၀.၆၈ |
| ၃ | ထိုင်း | လီတာ | ၀.၉၄ | ၀.၇၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၅ | ၀.၅၃ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် International Rice Market Website ၌ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀% ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၆ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၀ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဒေါ်လာဖြင့်လည်းကောင်း၊ ၁၀၀ ရာခိုင်နှုန်း ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၂ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၆ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့် လည်းကောင်း၊ ၁၀၀ ရာခိုင်နှုန်းပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဖိလစ်ပိုင်အစိုးရ၏ အဓိက ဆန်တင်သွင်းနေသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု ပြန်လည် စတင်လာခြင်းကြောင့် ပြည်ပမှ ဆန်တန်ချိန်သုံးသိန်း တင်သွင်းမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ဇွန် ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။ ကမ္ဘာ့အကြီးဆုံး ဆန်ဝယ်လက်နိုင်ငံများတွင် ပါဝင်သည့် ဖိလစ်ပိုင်နိုင်ငံသည် တတိယသုံးလပတ်အတွင်း ရင်ဆိုင်ရမည့် ဆန်ရှားပါးရာသီ၌ ဆန်ရောင်းလိုအား အလုံအလောက်ရှိစေရန် အစိုးရချင်းချိတ်ဆက်မှုဖြင့် ဆန်တင်သွင်းရန် စီစဉ်ခဲ့သည်ကို သိရှိရသည်။ နိုင်ငံပိုင် လုပ်ငန်းဖြစ်သော ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကော်ပိုရေးရှင်း (PITC) က ၂၅ မှတ်ဆန်နှင့် ဆန်ဖြူလုံးရှည်တို့ကို ဝယ်ယူရန် တင်ဒါထုတ်ပြန်ခဲ့ပြီး အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာတို့က ဈေးပြိုင်ပေး ကမ်းလှမ်းခဲ့ကြသည်ကို သိရှိရသည်။

တင်ဒါသတ်မှတ်ချက် ကိုက်ညီမှုအရ မြန်မာနိုင်ငံက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး တစ်တန်လျှင် ၄၈၉ ဒသမ ၂၅ ဒေါ်လာနှုန်းဖြင့် တန်ချိန် ၃၃၀၀၀ နှင့် တစ်တန်လျှင် ၄၉၄ ဒသမ ၂၅ ဒေါ်လာနှုန်းဖြင့် တန်ချိန် ၄၂၀၀၀ ပေးသွင်းရန် ကမ်းလှမ်းခဲ့သည်ကို သိရှိရသည်။ ဗီယက်နမ် Vinafood 1 လုပ်ငန်းကလည်း တစ်တန်လျှင် ၄၉၇ ဒသမ ၃၀ ဒေါ်လာနှုန်းဖြင့် ဆန်တန်ချိန် ၃၀၀၀၀ ပေးသွင်းရေး စာချုပ်ကို အနိုင်ရရှိခဲ့ပြီး အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ အပါအဝင် အခြားကမ်းလှမ်း မှုများမှာ သတ်မှတ်ချက်နှင့်မကိုက်ညီ၍ ပယ်ချခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါဂယက် ရိုက်ခတ်မှုကြောင့် ဆန်ရောင်းလိုအား ပြတ်လပ်မည်ကို စိုးရိမ်ကာ ပြည်ပသို့ ဆန်တင်ပို့မှုကို ခေတ္တမျှ ရပ်ဆိုင်းထားခဲ့ပြီး မေလတွင် ဆန်တင်ပို့မှု ပြန်လည်စတင်ခဲ့သည်ကို သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဆန်လိုအပ်ချက်အနက် ၇ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ ပြည်ပမှ တင်သွင်းနေရပြီး ဆန်တင်သွင်းမှု စုစုပေါင်းအနက် ၉၀ ရာခိုင်နှုန်းမှာ အိမ်နီးချင်း ဗီယက်နမ်နိုင်ငံမှ တင်သွင်းနေခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုနှစ်လက်ကျန် ခြောက်လအတွင်း ဖိလစ်ပိုင်နိုင်ငံက တင်သွင်းရန် လိုအပ်နေသေးသည့် ဆန်များကို ပုဂ္ဂလိက ကဏ္ဍမှ တင်သွင်းခြင်းဖြင့် လုံလောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးအတွင်းဝန် ဝီလီယံဒါးက ပြောကြားခဲ့သည်ကို သိရှိရသည်။

အီတလီနိုင်ငံသည် တရုတ်နိုင်ငံသို့ အာဘိုရီယို (Arborio) နှင့် ကာနာရိုလီ (Carnaroli) ဆန်အမျိုးအစားနှစ်ခုကို တင်ပို့ခွင့်ရရှိမည့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း အီတလီနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက ထုတ်ပြန်ကြေညာခဲ့သည်ကို သိရှိရသည်။ အီတလီနိုင်ငံမှ အထူးထုတ်လုပ်ထားသည့် ဆန်နှစ်မျိုးကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရခြင်းမှာ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ ကောင်းမွန်မှုကို ပြသနေပြီး တရုတ်နိုင်ငံအတွင်း အီတလီအစားအသောက်များ ရေပန်းစားလာစေရန်လည်း အထောက်အကူဖြစ်စေနိုင်ကြောင်း သိရှိရသည်။

ယခုသဘောတူညီချက်မှာ တရုတ်အထွေထွေ အကောက်ခွန်ရုံးနှင့် အီတလီစိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် သစ်တောရေးရာမူဝါဒဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသော ကုန်စည်စစ်ဆေးခြင်းနှင့် ရောဂါထိန်းချုပ်ခြင်း လိုအပ်ချက်များဆိုင်ရာ ပရိုတိုကောကိုအခြေခံပြီး အီတလီဆန်များမှာ သတ်မှတ်ချက်နှင့် ကိုက်ညီသဖြင့် တရုတ်ဈေးကွက်သို့ တင်ပို့ခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ အီတလီ အစားအသောက်များတွင် ဆန်ကိုထည့်သွင်း အသုံးပြုခဲ့သည်မှာ ၁၅ ရာစုကတည်းက ဖြစ်သော်လည်း အာဘိုရီယိုနှင့် ကာနာရိုလီဆန်တို့၏သက်တမ်းမှာ နှစ် ၁၀၀ ဝန်းကျင်သာ ရှိသေးကြောင်း၊ ၎င်းတို့ကို အသား၊ ငါး၊ အသီးအရွက်တို့ ပါဝင်သော အီတာလျံသားပွဲမ်းထမင်း (risotto) ပြုလုပ်ရာတွင် အသုံးပြုကြောင်း သိရှိရသည်။

အီတလီနိုင်ငံရှိ တရုတ်သံရုံးက စာချုပ်ချုပ်ဆိုပြီးကြောင်း အတည်ပြုခဲ့ပြီး ယခုခွင့်ပြုမှုသည် တရုတ်နိုင်ငံတွင်းရှိ အီတလီစားသောက်ဆိုင်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း Business Strategies အတိုင်ပင်ခံလုပ်ငန်း၏ အကြီးအကဲ Silvana Ballotta က ပြောကြားခဲ့သည်ကို သိရှိရသည်။ အီတလီသည် ဥရောပတိုက်တွင် ဆန်ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သော်လည်း စပါးစိုက်ပျိုးသည့်မြေမှာ ဟက်တာ ၂၃၀၀၀၀ ကျော်သာရှိပြီး စိုက်ဧရိယာအားလုံးမှာ နိုင်ငံမြောက်ပိုင်းတွင် တည်ရှိကြောင်း အီတလီ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့်သစ်တောရေးရာမူဝါဒဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်စာရင်းများအရ သိရှိရသည်။

အီတလီနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကလည်း အီတလီသည် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုရောဂါ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးဂယက်ကြောင့် ကမ္ဘာ့စီးပွားရေး နာလန်ထူနေရချိန် ပို့ကုန်အားပျော့မှုကို ရင်ဆိုင်နေရကာ ယခုနှစ်အတွင်း စီးပွားရေးမှာ ၁၀ ရာခိုင်နှုန်း ဝန်းကျင်လျော့ကျမှု ကြုံတွေ့ရနိုင်ခြင်းကြောင့် တရုတ်နိုင်ငံနှင့် ဆန်တင်ပို့မှု သဘော တူညီချက် ကြေညာချက်သည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသော မြောက်ပိုင်းတောင်သူများအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ယခုနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့သည့် နှုန်းထားများသည် ၂၀၁၉ ခုနှစ်က ဆန်တင်ပို့သည့် နှုန်းထားများထက် ဈေးနှုန်း ပိုမိုရရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မှတ်တမ်းများအရ သိရှိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်းတွင် ဆန်ချောအမျိုးအစား ဆန်များမှာ ဆိပ်ကမ်းအရောက် ဈေးနှုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ မှ ၃၄၀ ဒေါ်လာအထိ ရရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဇွန်လ အတွင်းတွင် အမေရိကန်ဒေါ်လာ ၄၄၀ မှ ၄၅၀ အထိရရှိကြောင်း၊

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၅ | စင်္ကာပူ | လီတာ | ၁.၃၈ | ၁.၁၆ |
| ၆ | မလေးရှား | လီတာ | ၀.၃၉ | ၀.၄၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၁ | ၀.၇၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၄ | ၀.၆၆ |
| ၉ | လာအို | လီတာ | ၀.၉၀ | ၀.၇၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၈ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၈ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၁ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၄၅ ဒေါ်လာနှုန်းဖြင့် ၁၆ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများ စာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဇင်ဘာဘွေ | လီတာ | ၂.၈၆ |
| ၂ | အီရန် | လီတာ | ၀.၀၇ | ဟောင်ကောင် | လီတာ | ၂.၂၄ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | နယ်သာလန် | လီတာ | ၁.၇၇ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၈ | နော်ဝေ | လီတာ | ၁.၇၃ |
| ၅ | ဆော်ဒီအာရေဗျ | လီတာ | ၀.၃၁ | အစ္စရေး | လီတာ | ၁.၆၄ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဇင်ဘာဘွေ | လီတာ | ၂.၅၁ |
| ၂ | အီရန် | လီတာ | ၀.၁၅ | ဟောင်ကောင် | လီတာ | ၁.၈၄ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | နော်ဝေ | လီတာ | ၁.၅၉ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၃ | ဆွီဒင် | လီတာ | ၁.၅၈ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၂၃ | အစ္စရေး | လီတာ | ၁.၅၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၆ | ၀.၇၄ |
| ၂ | ဂျပန် | လီတာ | ၁.၁၈ | ၁.၀၀ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၂ | ၁.၀၅ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြ


ကေသွယ်(တန့်ဆည်မြေ)

အပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃.၇.၂၀၂၀ | စည် | ၄၀.၆၅ |
| ၂ | ၆.၇.၂၀၂၀ | စည် | ၄၀.၆၃ |
| ၃ | ၇.၇.၂၀၂၀ | စည် | ၄၀.၆၂ |
| ၄ | ၈.၇.၂၀၂၀ | စည် | ၄၀.၉၀ |
| ၅ | ၉.၇.၂၀၂၀ | စည် | ၃၉.၆၂ |

၂၀၂၀ ပြည့်နှစ် မေ ၁၁ ရက်မှ ဇူလိုင် ၆ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇွန် ၃၀ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၇၇၂ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၃ ရက်တွင် ၁၇၇၅ဒေါ်လာမှ ဇူလိုင် ၉ ရက်တွင် ၁၈၁၃ ဒေါ်လာ အထိ မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည် ဇွန် ၃၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၄၅၀၀ ဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၃ ရက်တွင် ကျပ် ၁၂၁၆၅၀၀ မှ ဇူလိုင် ၉ ရက် တွင် ကျပ် ၁၂၃၄၀၀၀ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။

ရှစ်နှစ်ကျော်ကာလအတွင်း ကမ္ဘာ့ရွှေဈေးသည် အမြင့်ဆုံးဈေးအဖြစ် ရွှေတစ်အောင်စလျှင် ၁၈၁၃ ဒေါ်လာအထိ စံချိန်တင် မြင့်တက်လာခဲ့သော်လည်း မြန်မာ့ရွှေဈေးမှာ ကျပ် ၁၂၃၄၀၀၀ ဝန်းကျင်သာ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ ရွှေကို အရောင်းအဝယ်ပြုလုပ်ကြရာတွင် အမေရိကန်ဒေါ်လာ ငွေကြေးဖြင့်သာ အဓိကအရောင်းအဝယ် ပြုလုပ်ကြခြင်းဖြစ်ပြီး ကမ္ဘာ့တစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် အမေရိကန်ဒေါ်လာဈေး အားပျော့လာခြင်းကြောင့် ရွှေကိုသာ အများဆုံး ဝယ်ယူစုဆောင်းမှုများ ပြုလုပ်လာကြသည့်အတွက် ကမ္ဘာ့ရွှေဈေးသည် လက်ရှိအချိန်၌ အမြင့်ဆုံးဈေးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံ၌ ကြေးနီတုံးကို ရွှေအုပ်ထားသည့် ရွှေအတုများ ပေါင်နှံ၊ ရောင်းချခြင်းကိစ္စရပ်များ ဖြစ်ပေါ်နေသဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နေပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံသို့ ရွှေတုံးအတုများ ဝင်ရောက်လာနိုင်ခြင်းကြောင့် ဝယ်ယူသူများအနေဖြင့် ပုံမှန်မဟုတ်သည့်ရောင်းဝယ်မှုများကို သတိထားကြရန် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်မှ သတိပေးချက် ထုတ်ပြန်ထားသည်ကို သိရှိရသည်။

ပုံမှန်မဟုတ်သည့် ရောင်းဝယ်မှုပုံစံဆိုသည်မှာ မြန်မာထုတ်မဟုတ်ဘဲ အင်္ဂလိပ်အက္ခရာ

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ဇွန် ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၈၅ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၈ ရက်တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၆၅ ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 8-Jul-20 | 12.44 cts/lb | 12.23 cts/lb | 348.65 $/T | 15.81 cts/lb |
| 7-Jul-20 | 12.50 cts/lb | 12.23 cts/lb | 351.95 $/T | 15.96 cts/lb |
| 6-Jul-20 | 12.27 cts/lb | 12.22 cts/lb | 349.50 $/T | 15.85 cts/lb |
| 3-Jul-20 | 0.00 cts/lb | 12.21 cts/lb | 353.45 $/T | 16.03 cts/lb |
| 2-Jul-20 | 12.56 cts/lb | 12.21 cts/lb | 352.90 $/T | 16.01 cts/lb |
| 1-Jul-20 | 12.50 cts/lb | 12.19 cts/lb | 357.25 $/T | 16.20 cts/lb |
| 30-Jun-20 | 12.12 cts/lb | 12.19 cts/lb | 355.35 $/T | 16.12 cts/lb |
| 29-Jun-20 | 11.96 cts/lb | 12.20 cts/lb | 351.70 $/T | 15.95 cts/lb |
| 26-Jun-20 | 11.81 cts/lb | 12.22 cts/lb | 349.85 $/T | 15.87 cts/lb |
| 25-Jun-20 | 12.10 cts/lb | 12.25 cts/lb | 355.75 $/T | 16.14 cts/lb |
| 24-Jun-20 | 12.03 cts/lb | 12.24 cts/lb | 355.40 $/T | 16.12 cts/lb |
| 23-Jun-20 | 12.09 cts/lb | 12.23 cts/lb | 359.50 $/T | 16.31 cts/lb |
| 22-Jun-20 | 12.21 cts/lb | 12.19 cts/lb | 361.10 $/T | 16.38 cts/lb |
| 19-Jun-20 | 12.31 cts/lb | 12.13 cts/lb | 364.05 $/T | 16.51 cts/lb |
| 18-Jun-20 | 12.16 cts/lb | 12.05 cts/lb | 365.90 $/T | 16.60 cts/lb |
| 17-Jun-20 | 12.38 cts/lb | 11.98 cts/lb | 377.90 $/T | 17.14 cts/lb |
| 16-Jun-20 | 12.42 cts/lb | 11.90 cts/lb | 381.25 $/T | 17.29 cts/lb |
| 15-Jun-20 | 12.28 cts/lb | 11.83 cts/lb | 376.45 $/T | 17.08 cts/lb |
| 12-Jun-20 | 12.18 cts/lb | 11.75 cts/lb | 375.70 $/T | 17.04 cts/lb |
| 11-Jun-20 | 12.25 cts/lb | 11.69 cts/lb | 379.40 $/T | 17.21 cts/lb |
| 10-Jun-20 | 12.53 cts/lb | 11.63 cts/lb | 385.70 $/T | 17.50 cts/lb |
| 9-Jun-20 | 12.32 cts/lb | 11.53 cts/lb | 380.20 $/T | 17.25 cts/lb |
| 8-Jun-20 | 12.21 cts/lb | 11.45 cts/lb | 378.40 $/T | 17.16 cts/lb |
| 5-Jun-20 | 12.27 cts/lb | 11.35 cts/lb | 382.95 $/T | 17.37 cts/lb |
| 4-Jun-20 | 11.99 cts/lb | 11.25 cts/lb | 374.40 $/T | 16.98 cts/lb |
| 3-Jun-20 | 11.89 cts/lb | 11.16 cts/lb | 367.70 $/T | 16.68 cts/lb |
| 2-Jun-20 | 11.49 cts/lb | 11.08 cts/lb | 362.05 $/T | 16.42 cts/lb |
| 1-Jun-20 | 11.27 cts/lb | 11.01 cts/lb | 356.85 $/T | 16.19 cts/lb |

သကြားဈေးကွက်နှင့် ပတ်သက်သည့် သတင်းများအနေဖြင့် မြန်မာနိုင်ငံအတွင်း ကြံစိုက်တောင်သူများနှင့်သကြားထုတ်လုပ်သူများ အဆင်ပြေစေရန်အတွက် ပြည်တွင်းအသုံးပြုမှုမှ ပိုလျှံသည့် သကြားတန်ချိန် ၁၅၀၀၀၀ ကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံရှိမြန်မာသံရုံးမှတစ်ဆင့် ချိတ်ဆက် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရှိရပါသည်။ အခြေခံကြံစိုက်တောင်သူများ၊ သကြားထုတ်လုပ် ရောင်းချသူများ၊ ရင်းနှီးမြှုပ်နှံသူများမှာ သကြားဈေး ကျဆင်းမှုကြောင့်ကြုံတွေ့နေကြရသည့်အခက်အခဲများကို ဖြေရှင်းနိုင်ရေးနှင့် သကြားဈေးကွက် တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သကြားကို တရုတ်နိုင်ငံသို့ တရားဝင် ရောင်းချနိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ သက်ဆိုင်ရာဌာနများသို့ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေကျင်းမြို့ရှိမြန်မာသံရုံးသို့ အကြောင်းကြားခဲ့မှုအပေါ်

စာမျက်နှာ ၂၄ သို့

# ၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ ခန့်မှန်းချက်များ ထုတ်ပြန်

WTO ဌာနခွဲ

"၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ ခန့်မှန်းချက်များ"ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေခဲ့သဖြင့် ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်တွင် သိသိသာသာ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စာရင်းအင်းအချက်အလက်များအရ ကုန်စည်ကုန်သွယ်မှုပမာဏသည် ၂၀၂၀ ပြည့်နှစ်၊ ပထမသုံးလပတ်တွင် ယခင်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်း လျော့ကျခဲ့ပြီး ဒုတိယ သုံးလပတ်တွင် ယခင်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ၁၈ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ထိုသို့ကျဆင်းမှုများသည် သမိုင်းတွင် ကြီးမားသော ကျဆင်းမှုဖြစ်သည်။

ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နှစ်စဉ်ကုန်သွယ် မှု ခန့်မှန်းချက်တွင် ကမ္ဘာ့ကပ်ရောဂါပြင်းထန်မှုကြောင့် ခန့်မှန်းရခက်ခဲသည့် စီးပွားရေးအပေါ် သက်ရောက်မှုများရှိခဲ့သည့်အတွက် ဖြစ်နိုင်ခြေရှိသော Optimistic Scenario နှင့် Pessimistic Scenario များကို ဖော်ပြထားသည်။ Optimistic Scenario အရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုန်စည် ကုန်သွယ်မှုပမာဏသည် ၁၃ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ပြီး Pessimistic Scenario အရ ကမ္ဘာ့ကုန်စည် ကုန်သွယ်မှုပမာဏသည် ၃၂ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကောင်းမွန်သည့် ခန့်မှန်းခြေ (Optimistic Scenario) သို့ ရောက်ရှိရန် ယခုနှစ်၏ ကျန်ရှိနေသည့် သုံးလပတ်စီတိုင်း (တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်) တွင် ကုန်သွယ်မှု ၂ ဒသမ ၅ ရာခိုင်နှုန်းစီ တိုးတက်ရန် လိုအပ်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်တွင် ကုန်သွယ်မှုသည် အဆိုးဆုံးအနေအထားတွင် ရှိနေသော်လည်း ပြန်လည်မြင့်တက်လာမည့် အနေအထားတွင်ရှိနေသည်။ ကုန်စည် အမြောက်အမြားတင်ဆောင်သည့် ကမ္ဘာ့စီးပွားဖြစ် လေယာဉ်များပျံသန်းပြေးဆွဲမှုသည် ဇန်နဝါရီ ၅ ရက်မှ ဧပြီ ၁၈ ရက်အတွင်း ၇၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယင်းနောက် ဇွန်လလယ်အထိတွင် ၅၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ကွန်တိန်နာဆိပ်ကမ်းများတွင် ကွန်တိန်နာ အဝင်/အထွက်များသည်လည်း မေလနှင့် နှိုင်းယှဉ်လျှင် ဇွန်လတွင် တစ်စိတ်တစ်ဒေသ ပြန်လည် နာလန်ထူလာမည့်ဟန်ရှိသည်။ Purchasing Manager's Index အရ ကုန်တင်ပို့မှု အမှာစာအသစ်များ၏ ညွှန်းကိန်းသည်လည်း ဧပြီလတွင် စံချိန်တင် ကျဆင်းခဲ့ပြီးနောက် မေလတွင် ပြန်လည်နာလန်ထူလာခဲ့သည်။

မော်တော်ကား ရောင်းဝယ်မှုသည် အစောပိုင်းလများတွင် သိသိသာသာ ကျဆင်းခဲ့သော်လည်း မေလတွင် ပြန်လည်မြင့်တက်လာခဲ့သည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံ တွင် ကားရောင်းဝယ်မှုသည် ဖေဖော်ဝါရီလတွင် ၇၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် မေလတွင် ယခင်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်။ အမေရိကန်နိုင်ငံနှင့် အနောက်ဥရောပနိုင်ငံများတွင် ကားရောင်းဝယ်မှုသည် ပြီးခဲ့သည့်လထက် ကျဆင်းမှုနည်းသွားခဲ့သည်။

ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် OECD အဖွဲ့အစည်းတို့မှ ထုတ်ပြန်ခဲ့သော ခန့်မှန်းချက်များအရ GDPနှင့် ကမ္ဘာ့ကုန်သွယ်မှုများသည် သိသိသာသာ ကျဆင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်တွင် Global GDP သည် ၅ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းထားပြီး နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက်အရ Global GDP သည် ၃ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားသည်။ အဆိုပါခန့်မှန်းချက်များအရ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကာလထက် GDPတိုးတက်မှုနှုန်းကျဆင်းခြင်းအပေါ် ကုန်သွယ်မှု၏ သက်ရောက်မှုနည်းပါး သည်ဟု ဖော်ပြထားသည်။

ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ မူဝါဒများကို ပိုမိုလျင်မြန်စွာ ထုတ်ပြန်နိုင်ခဲ့ခြင်း၊ အိမ်ထောင်စုများအတွက် ထောက်ပံ့ခြင်းနှင့် ရောဂါဖြစ်ပွား ပျံ့နှံ့မှု လျော့ပါးလိမ့်မည်ဟူသော ခန့်မှန်းချက်များကြောင့် စားသုံးသူများ၏သုံးစွဲမှုများကို မျှော်မှန်းထားသည်ထက် မြင့်မားသည့် အခြေအနေတွင်ရှိနေခြင်း၊ ထုတ်လုပ်မှု ကျဆင်းခြင်းသည် ကုန်သွယ်မှုမဟုတ်သော ဝန်ဆောင်မှုများ (hospitality, personal Services and Entertainment) တွင်သာ ဖြစ်ပေါ်နေခြင်း စသည့်အချက်များကြောင့် ၂၀၂၀ ပြည့်နှစ်၏ GDP တိုးတက်မှုနှုန်း အပေါ် ကုန်သွယ်မှု၏ သက်ရောက်မှု နည်းပါးစေကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က "၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ ခန့်မှန်းချက်များ" ထုတ်ပြန်ချက်တွင် ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်တွင် သိသိသာသာ ကျဆင်းခဲ့သော်လည်း လက်ကျန်ကာလများတွင် ပြန်လည်မြင့်တက်လာမည့် အနေအထားတွင် ရှိနေသည်။ ထို့ကြောင့် COVID-19 ကမ္ဘာ့ကပ်ရောဂါအခြေအနေမှာ လက်ရှိထက် ပိုမိုဆိုးရွားသည့် အနေအထားမရှိပါက ၂၀၂၀ ပြည့်နှစ်ကုန်တွင် ကမ္ဘာ့ကုန်သွယ်မှုမှာ ခန့်မှန်းထားသလောက် ဆိုးရွားသည့် အနေအထားတွင် မရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရသည်။ ■




စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

၁၀၀ ရာခိုင်နှုန်း အကျိုးအကြေပါဝင်သည့် ဆန်ကွဲမှာလည်း ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၇၀ မှ ၂၇၅ ဒေါ်လာ အထိဈေးရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းတွင် အမေရိကန်ဒေါ်လာ ၃၀၀ မှ ၃၁၀ အထိ ရရှိခဲ့ကြောင်း သိရှိရသည်။

ပေါင်းဆန်ဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၅ မှ ၄၃၅ ဒေါ်လာအထိ ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အမေရိကန်ဒေါ်လာ ၄၇၅ မှ ၄၈၅ ဒေါ်လာအထိ ရရှိကြောင်း၊ ငစိန်ဆန် တစ်တန်လျှင် ၂၀၁၉ ခုနှစ်က အမေရိကန်ဒေါ်လာ ၃၃၀ မှ ၃၃၅ ဒေါ်လာထိ ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် အမေရိကန်ဒေါ်လာ ၄၃၀ မှ ၄၄၀ ဒေါ်လာ အထိရရှိခဲ့ကြောင်း သိရှိရသည်။ ပြည်ပသို့ တင်ပို့သည့် ဆန်များသည် အမျိုးအစားအပေါ်မူတည်၍ အရည်အသွေး၊ စံချိန်စံနှုန်းအလိုက် ဈေးနှုန်းများ ကွာခြားနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရှိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ(ယာယီ) စာရင်းများအရ ဆန်နှင့်ဆန်ကွဲ ပြည်ပ တင်ပို့မှုအနေဖြင့် ဆန်တန်ချိန် ၁ ဒသမ ၃၆၈ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၄ ဒသမ ၃၄၉ သန်း၊ ဆန်ကွဲတန်ချိန် သုည ဒသမ ၇၈၁ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၆၀၈ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ဆန်နှင့်ဆန်ကွဲ စုစုပေါင်းအနေဖြင့် တန်ချိန် ၂ ဒသမ ၁၄၉ သန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၉၅၇ သန်းခန့် တင်ပို့နိုင်ခဲ့သည်ကို သိရှိရသည်။ ယခင်နှစ်ကာလတူတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၇၅၆ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃၃ ဒသမ ၁၃၈ သန်း တင်ပို့နိုင်ခဲ့သဖြင့် ကာလတူထက် ဆန်နှင့်ဆန်ကွဲတန်ချိန် သုည ဒသမ ၃၉၃ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၈၁၉ သန်း တင်ပို့မှုပိုမိုခဲ့သည်ကို ကုန်သွယ်မှုစာရင်းဇယားများအရ သိရှိရသည်။ ယင်းတင်ပို့မှုများသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့နိုင်ခြင်းဖြစ်သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၁၉၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ၂၅၀၈၈ ကျပ်မှ ၂၇၀၄၈ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ အလေးချိန် ၁၀၈ ပေါင်ပါ ဆန်တစ်အိတ်၏ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဇူလိုင် ၃ ရက်မှ ၉ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများအနက် နေ့စဉ်ဖြစ်ပေါ်နေသော ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၅၀၊ မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀ နှင့် ကလေးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၁၅၀၊ ဘားအံမြို့တွင် ဧည့်မထ ဆန်တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ စစ်တွေမြို့တွင် ကျပ် ၁၀၅၀ အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်ပထမပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း(ကျပ်) | | | | |
|---|---|---|---|---|---|---|---|
| | | | ၃.၇.၂၀၂၀ | ၆.၇.၂၀၂၀ | ၇.၇.၂၀၂၀ | ၈.၇.၂၀၂၀ | ၉.၇.၂၀၂၀ |
| ၁ | သီးထပ် | 90 (Raw) | ၂၃၀၀၀ | ၂၂၅၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ |
| ၂ | ရတနာတိုး | 85 (Raw) | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၂၀၀၀ | ၂၂၀၀၀ |
| ၃ | ရတနာတိုး | 75(Raw) | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၁၀၀၀ |
| ၄ | ဧည့်မထ | 70(Raw) | ၂၀၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၅ | ဧည့်မထ | 65(Raw) | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး နိုင်ငံတော် အရေးပေါ် ရိက္ခာဆန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မျှတစွာ ရောင်းချနိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်သော နိုင်ငံတော် အရေးပေါ် ရိက္ခာဆန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မျှတစွာရောင်းချနိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက ပြည်သူများသို့ စားနပ်ရိက္ခာဖြန့်ဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူထားသည့် အရေးပေါ်ရိက္ခာဆန်များကို တိုင်းဒေသကြီး/ပြည်နယ်များသို့ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် မျှတစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေး မှာကြားခဲ့ပြီး တက်ရောက်လာသော အသင်းအဖွဲ့ဥက္ကဋ္ဌများက အရေးပေါ်ရိက္ခာဆန်များကို တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေရန် လျာထားသည့် ဆန်အိတ်အရေအတွက်၊ ရောင်းချမည့် ဆန်ဈေးနှုန်းများနှင့် ဆန်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ပြန်လည် ဆွေးနွေးခဲ့ကြပြီး



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများ တင်ပို့မည့် ကုမ္ပဏီ ၄၃ ခုကို တရုတ်နိုင်ငံဘက်မှ အရည်အသွေးကြီးကြပ်စစ်ဆေးရေးဆိုင်ရာအချက်များ လက်ခံအသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China - GACC) နှင့်ချိတ်ဆက်ညှိနှိုင်းမှုများကြောင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် တရုတ်နိုင်ငံသို့ မြန်မာ့နိုင်ငံမှဆန်နှင့်ဆန်ကွဲများတင်ပို့မည့်ကုမ္ပဏီ ၄၃ ခုအား တရုတ်နိုင်ငံဘက်မှ အရည်အသွေး ကြီးကြပ်စစ်ဆေးရေးဆိုင်ရာအချက်များ လက်ခံအသိအမှတ်ပြုကြောင်း GACC မှ ၎င်း၏ website ဖြစ်သည့် jckspi.customs.gov.cn တွင် ထုတ်ပြန်ကြေညာခဲ့သည်။ တင်ပို့ခွင့်ရရှိသည့်ကုမ္ပဏီများမှာ -



သန်းသန်းနိုင် (နစ်နိုင်ငံ)

| | |
|---|---|
| 1. | Adipati Agricultural Produce Trading Ltd |
| 2. | Aung Naing Thitsar Company Limited |
| 3. | Ayeyar Hinthar Trading Company Limited |
| 4. | Ayeyar Prince Trading Company Limited |
| 5. | Bhome Yaung Chi Company Limited |
| 6. | Eternal Victory General Trading Company Limited |
| 7. | Excel International Trading Company Limited |
| 8. | First Rice & Paddy Trading Company Limited |
| 9. | Gold Delta Company Limited |
| 10. | Golden Bayint Naung Rice & Paddy Company Limited |
| 11. | Golden Circle Company Limited |
| 12. | Golden Composure Company Limited |
| 13. | Golden Lace Posco International Company Limited |
| 14. | Good Brothers' Company Limited |
| 15. | Htein Lin Ayeyar Trading Company Limited |
| 16. | Htoo San Linn Let Trading Company Limited |
| 17. | Htoonk Main Hilang Company Limited |
| 18. | International Green Land Trading Company Limited |
| 19. | Ko Pya Gyi Trading Company Limited |
| 20. | Laser World Family Trading Company Limited |
| 21. | Mandalay Rice Development Company Limited |
| 22. | Mandalay Rice Millers' Development Company Limited |
| 23. | Myanmar Agribusiness Public Company Limited |
| 24. | MAPCO Golden Lace Company Limited |
| 25. | MAYLP Agriculture Company Limited |
| 26. | Min Hla Agricultural Products Trading Special Rice Paddy Company Limited |
| 27. | Myanmar Rice Mill Company Limited |
| 28. | Myanmar Rice Trading Company Limited |
| 29. | Myanmar Shwe Ayeyar Agriculture Development Company Limited |
| 30. | Nang Sein A Kar Re Family Company Limited |
| 31. | New Generation Stars Company Limited |
| 32. | Nine Seas Trading Company Limited |
| 33. | Phone Pyae Zaw Trading Company Limited |
| 34. | Shan State (Northern) Rice And Paddy Development Public Company Limited |
| 35. | Shwe Ma Naw Myay Trading Company Limited |
| 36. | Shwe Sin Nan Taw Trading Company Limited |
| 37. | Shwe Wah Yaung Agriculture Production Company Limited |
| 38. | Swan Htet Myat Company Limited |
| 39. | Thamadi Family Trading Company Limited |
| 40. | Thi Ha Soe San Production Company Limited |
| 41. | Top Partner Company Limited |
| 42. | Unity Mandalay Rice Trading Company Limited |
| 43. | Wahkhema Trading Company Limited |

တို့ဖြစ်သည်။

မြန်မာနိုင်ငံမှထွက်ရှိသောဆန်များကို တရုတ်နိုင်ငံသို့တရားဝင်တင်ပို့ရောင်းချနိုင်ရန်အတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နှင့် တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေး နှင့် ပိုးမွှားကင်းစင်ရေးအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(AQSIQ)တို့ အကြားစစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ် အားလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါကာလ၌ တရုတ်နိုင်ငံဘက်မှ အရည်အသွေးကြီးကြပ် စစ်ဆေးရေးဆိုင်ရာအချက်များ လက်ခံအသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံဘက်မှ ဆန်တင်ပို့ခွင့်ရရှိသော ကုမ္ပဏီအရေအတွက်မှာ ၁၁ ခု သာရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနှင့် နိုင်ငံတော်ကောင်စီ၏ နိုင်ငံပိုင်အဖွဲ့အစည်းများ ပြုပြင် ပြောင်းလဲမှုအစီအစဉ်အရ ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် အရည်အသွေး စမ်းသပ်စစ်ဆေးရေးနှင့်ရောဂါပိုးမွှားထိန်းချုပ်စစ်ဆေးရေး အထွေထွေအုပ်ချုပ်ရေးအဖွဲ့(General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China)ကို

**စာမျက်နှာ (၂၅)သို့**


D-POP
D-POP
LEMON SPLASH
330ml
Natural Flavors
D-POP
ORANGE
Energy
D-POP
COLA
ပြောင်းလဲသင့်ပြီ
D-POP Myanmar


begesic®
(ဘီဂျက်ဆစ်)
နာကျင်ကိုက်ခဲမှုများ ကင်းဝေးအောင်
“ဘီဂျက်ဆစ်”
လိမ်းဆေးကိုဆောင်
begesic
PAIN RELIEVING CREAM
30g
begesic
PAIN RELIEVING CREAM
Greaseless Stainless
PARADIGM
PHARMA NUTRACEUTICALS
Customer Care 099 688 98 200


IMPACT
AROY-D
SOFEE
Uni
Uni
TOMMY
Yoyo
No (26), U Hmo St Industrial Zone (1), Hlaing Thar Yar Township, Yangon.
Phone: +959 264331011~22~33

# အစားအသောက်များ ဘေးကင်းလုံခြုံဖို့ အားလုံးဆောင်ရွက်ကြပါစို့

မြန်မာနိုင်ငံသည် ခေတ်မီတိုးတက် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်တိုင်း လိုလိုတွင် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်း ဆောင်ရွက်လျက်ရှိကြသည်။ တံတားများ၊ လမ်းများ၊ အဆောက်အအုံများ ဆောက်လုပ်ကြရာတွင် ထင်သာမြင်သာ စာလုံးကြီးများဖြင့် 'လုပ်ငန်းခွင်အန္တရာယ်ရှိသည်' 'Safety First' စသည့် သတိပေးဆိုင်းဘုတ်ကြီးများကို ထောင်ထားသည်။ ချိတ်ဆွဲထားကြသည်ကို တွေ့ရှိနေရသည်။ တည်ဆောက်ရေးနယ်မြေအတွင်း လုပ်ကိုင်ဆောင်ရွက်နေကြသော၊ သွားလာနေကြသော လူများ၊ ယာဉ်များ၊ စက်ယန္တရားများကို သတိပြုမိစေရန်နှင့် သတိထားဆောင်ရွက်သွားလာကြစေရန် ဆောင်ရွက်ထားခြင်းဖြစ်သည်။

အလားတူပင် စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ချိဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပလုပ်ငန်းများတွင်လည်း Food Safety (အစားအသောက်ဘေးကင်းလုံခြုံရေး)အတွက် အများအားဖြင့် အလေးထားဆောင်ရွက်လာကြသည်။ စားသုံးသူများ၏ တောင်းဆိုချက်များလာ၍ လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့၍လည်းကောင်း၊ လုပ်ငန်းရှင်များ၏ ကိုယ်စီအသိ စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြ၍လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ သတိပေးချက်၊ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်၍ လည်းကောင်း၊ အစားအသောက် ဘေးကင်းလုံခြုံရေးအတွက် စားသုံးသူရော၊ လုပ်ငန်းရှင်များပါ ဂရုတစိုက် အလေးထား ဆောင်ရွက်လာကြသဖြင့် Food Safety သည် အားလုံးတွင် တာဝန်ရှိလာပါသည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းသည် စားသုံးသူများ ဖြစ်ကြပြီး စားသုံးသူတိုင်းသည် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရန် လိုအပ်၍ ဖြစ်သည်။

တိုးတက်ဖွံ့ဖြိုးမှု၏ ကွင်းဆက်အဖြစ် ပေါ်ပေါက်လာသော အသင့်စား၊ အစားအသောက် ရောင်းချ/ စားသုံးသူများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရများသည် ဆိုင်ကြီး၊ ဆိုင်သေး၊ လမ်းဘေးဆိုင်များ၊ ကားဆိုင်ကယ်နှင့် ရောင်းချခြင်း၊ Online Shopping များအပါ ခိုင်မာတိကျသော စည်းကမ်းချက်များ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ကာ ကွင်းဆင်းစစ်ဆေး၍ ထုတ်ပြန်ချက်များနှင့် ကိုက်ညီပါက ရောင်းချခွင့် လိုင်စင်ထုတ်ပေးသည်။ Safe Food များ ထုတ်လုပ်နိုင်ရေး၊ ရောင်းချနိုင်ရေး၊ ဖြန့်ဖြူးနိုင်ရေးအတွက် တင်းကျပ်သော အချက်အလက်များထုတ်ပြန်၍ ကြပ်မတ်လျက်ရှိကြသည်။ အထူးသဖြင့် ဝယ်ယူ၊ သယ်ယူထုတ်လုပ် ရောင်းချသည့် လုပ်ငန်းစဉ်တိုင်းတွင် ပါဝင်သူများသည် ကျန်းမာရေး ကောင်းရမည်။ ကျန်းမာရေးစစ်ဆေးချက်များကို အောင်မြင်သူများကိုသာ အလုပ်ခန့်ရမည်။ အသီးအနှံများကို အအေးခန်းထဲတွင် သတ်မှတ်အအေးဓာတ်ပေးထားရမည်။ အသားများကို အပူခန်းအတွင်း ထားရမည်။ ဝယ်ယူစားသုံးသူများ တောင်းဆိုမှ ချက်ချင်းချက်ပြုတ် လှီးဖြတ်ကြော်လှော်ရမည်။ ဆိုင်ရှိအစားအသောက်များ ထိန်းသိမ်းမှု၊ သန့်ရှင်းမှုရောဂါဘယကင်းမှုများကို အချိန်မရွေးသက်ဆိုင်ရာဌာနများ၏ စစ်ဆေးမှုကို ခံယူရမည်။ စားသုံးသူ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိရမည် စသည်ဖြင့် နိုင်ငံအလိုက် ဥပဒေများပြဋ္ဌာန်းကာ အမိန့်ကြော်ငြာစာ၊ ညွှန်ကြား ချက်များထုတ်ပြန်ကာ Food Safety ကိစ္စများကို အလေးထား ဆောင်ရွက်လျက်ရှိကြသည်။

လွယ်လွယ်ပြောပါက Food Safety ဆိုသည်မှာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အစားအသောက်များမှာ လူများစားသုံးရန်မသင့်သော၊ သက်ဆိုင်ရာ ဌာနများက တားမြစ်ထားသော၊ တရားမဝင်ဓာတုဆိုးဆေးများ၊ ကြာရှည်ခံပစ္စည်းများ သန့်ရှင်းလတ်ဆတ်မှုမရှိသော ကုန်ကြမ်းများကို အသုံးပြု၍ စားသုံးသူများကို ဘယ်သူသေသေ၊ ငတေမာလျှင်ပြီးရောဆိုသည့်အတိုင်း မိမိအရင်းအနှီးနည်းနည်းဖြင့် အမြတ်များများရ၊ စားသုံးသူများကမသိဘဲ အမြင်လှလှအသွင်ကြွကြွအစားအသောက်များကို စားရ၍ စိတ်ကျေနပ်စသည်ဖြင့် ကိုယ်ကျိုးအတ္တများအခြေခံကာ အစားအသောက်များကို ရောင်းဝယ်နေကြသည်။

စားသောက်ကုန်ပစ္စည်းများသည် စီးပွားရေး ကျင့်ဝတ်ကောင်းများနှင့်အညီ စနစ်တကျဝယ်ယူ၊ သို လှောင်၊ ထိန်းသိမ်းထားမှု ရှိ/မရှိ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ခွင့်မပြုဓာတုဆေးဝါးတွေ အန္တရာယ်



**နိုင်ဦး ( DOCA )**

ရှိဓာတုဆေးဝါးဖြင့် အရောင်၊ အနံ့အရသာများ အသုံးပြု၍ ချက်ပြုတ်ကြော်လှော်ထားခြင်း ရှိ/မရှိ တည်ခင်းထုပ်ပိုးရာတွင်လည်း မသန့်ရှင်းသောပစ္စည်းများ သုံးစွဲထားခြင်း၊ သေချာစွာ ဆေးကြောထားခြင်းများ ရှိ/မရှိ စသည်တို့ကို မျက်မြင်ဗဟုသုတများကို အသုံးပြု၍ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ကိုယ်တိုင်ဝေခွဲ၍ အကဲဖြတ်တတ်ရန် လိုအပ်ပေသည်။

သို့မှသာ စားသုံးသူများသည် ပေးအပ်သော ငွေကြေးနှင့် ထိုက်တန်သော ကုန်စည်၊ ဝန်ဆောင်မှုများကို ရရှိမည် ဖြစ်သည်။ မိမိ၏ စားသုံးသူအသိပညာများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ရောဂါဘယဖြစ်ပွားမှု၊ နစ်နာဆုံးရှုံးမှု၊ ဘေးဥပဒ်အန္တရာယ်များ ဖြစ်ပွားမှုတို့မှ ကာကွယ်ပြီးသားဖြစ်မည်။ နိုင်ငံသားတစ်ဦးချင်းစီတိုင်းသည် စားသုံးသူကာကွယ်ရေးအသိပညာများ ကိုယ်စီရှိနေရမည်။ ကုန်စည်၊ ဝန်ဆောင်မှုများရယူရာတွင် ပညာဉာဏ်ကိုအသုံးပြု၍ အမြင်ထက်အသိကိုဦးစားပေးကာ ရွေးချယ် ဝယ်ယူနိုင်ရမည်။ ဝယ်ယူမည့်ပစ္စည်း၏သန့်ရှင်းမှု၊ လတ်ဆတ်မှု၊ ကြာရှည်အသုံးခံမှု၊ ဘေးကင်းမှု၊ သဘာဝအတိုင်းရှိမှုစသည်တို့ကို ဝယ်ယူစစ်ဆေးစိစစ်ရမည်ဖြစ်သည်။

အထက်ပါအချက်များနှင့် ပြည့်စုံမှုမရှိပါက လည်းကောင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိပါကလည်းကောင်း၊ ဘေးဥပဒ်အန္တရာယ်များ ကြုံတွေ့ရပါကလည်းကောင်း၊ ကိုယ်ရောစိတ်ပါ အန္တရာယ်မကင်းဟု ခံစားနေရပါကလည်းကောင်း မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးဖြစ်စေ ကြုံတွေ့ရပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနရှိနီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်၊ မြို့နယ်များရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)များသို့ တိုက်ရိုက်ဖြစ်စေ၊ စားသုံးသူရေးရာဦးစီးဌာန၏ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် www.doca.gov.mm နှင့် cicc Nay Pyi Taw တို့သို့ ဖြစ်စေ၊ မိုဘိုင်းဖုန်းအက်ပလီကေးရှင်းဖြစ်သည့် DOCA Myanmar သို့ဖြစ်စေ သက်ဆိုင်ရာ စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များမှ တစ်ဆင့်ဖြစ်စေ၊ တိုင်ကြားခြင်း၊ အကြောင်းကြားခြင်း၊ အသိပေးခြင်း၊ ကုစားပိုင်ခွင့်များ ရယူခြင်းများ ဆောင်ရွက်ရပါမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးရာ ရောက်သည်၊ စားသုံးသူအသိပညာများ တိုးပွားလာမည်။ စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်များကို ထဲထဲဝင်ဝင်သိရှိလာမည်ဖြစ်သည်။

လုပ်ငန်းရှင်များသည် မိမိထုတ်လုပ်ရောင်းချသည့် စားသောက်ကုန်များတွင် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကုန်ကြမ်းပစ္စည်းတွေ၊ ဓာတုပစ္စည်းတွေ၊ အဏုဇီဝပိုးမွှားတွေ မပါဝင်အောင် ဂရုတစိုက်ဆောင်ရွက်ရမည်။ စီမံရမည်။ အလေး ထားရမည်ဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲသော လုပ်ငန်းတစ်ခုကို တည်ထောင်ရာရောက်မည်။ စားသုံးသူများ၏ ယုံကြည်စိတ်ချရမှုကို ရရှိမည်။ အလုပ်အကိုင်သစ်များ ဖန်တီးပေးရာ ရောက်မည်။ နေရာအနှံ့တွင် ကောင်းသတင်းနှင့် ပြည့်စုံသော လုပ်ငန်းခွဲများစွာ ဆောင်ရွက်လာနိုင်မည်။ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိပါ အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ဖြစ်စေရန် မိမိကိုယ်တိုင်ရော၊ ဝန်ထမ်းများကိုပါ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ရန် လိုအပ်သည်။ ဆိုင်ရှိဝန်ထမ်းများ ကျန်းမာရေးကောင်းမှ စားသုံးသူများလည်း ကူးစက်မှုကင်းရှင်းမည် ဖြစ်သည်။ အသုံးပြုမည့် ကုန်ကြမ်းများ စတင်ဝယ်ယူသည်မှ စားသုံးသူပါးစပ်ထဲ ရောက်သည်အထိ လုပ်ငန်းစဉ်တိုင်းသည် အရေးကြီးသည်။ လတ်ဆတ်မှုရှိအောင် ပိုးမွှားများ မဝင်ရောက်အောင် သတိထားရမည် ဖြစ်သည်။

အစားအသောက်များ ဖြစ်ပေါ်လာရေးအတွက် စိုက်ပျိုးတဲ့နေရာ၊ ထုတ်လုပ်/ထုပ်ပိုးသည့်နေရာ၊ သယ်/ပို့သည့်နေရာ၊ သိုလှောင်/ ထိန်းသိမ်းသည့်နေရာ၊ ဖြန့်ဖြူးရောင်းချသည့်နေရာ စသည်ဖြင့် နေရာတိုင်းတွင် ခွင့်မပြုပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများ မသုံးစွဲရေး၊ ခွင့်ပြုဆေးဝါးများကိုလည်း သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် သုံးစွဲရေး၊ အခြားနေရာများတွင်လည်း သတ်မှတ်ထားသည့် စည်းကမ်းချက်များလိုက်နာရေး၊ အထူးသဖြင့် ရောင်းချသည့်နေရာတွင် ခွင့်မပြုဓာတုဆိုးဆေးများ၊ ကြာရှည်ခံဆေးများ မသုံးစွဲရေးသည် အထူးအရေးကြီးပါသည်။ အစိုးရ၊ သက်ဆိုင်ရာဌာန၊ လုပ်ငန်းစဉ်တိုင်းတွင် ပါဝင်သည့် တစ်ဦးတစ်ယောက်စီတိုင်းက Food Safety နှင့်ပတ်သက်သည့် အသိပညာများကို မူဝါဒ ချမှတ်ပေးခြင်း၊ ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ထိန်းကြောင်းကြပ်မတ် စစ်ဆေးဆောင်ရွက်ခြင်း၊ လိုက်နာဆောင်ရွက်သူများကို အားပေးမြှင့်တင်ပေးခြင်း၊ ပျက်ကွက်သူများကို အသိပညာပေးကာ လမ်းကြောင်းမှန်သို့ တင်ပေးခြင်းများကို ဆောင်ရွက်သင့်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် မိမိထုတ်လုပ်သောကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်ရန် ကြိုးစားလုပ်ဆောင်ပေးရမည်။ မက်လုံးပေးထားရမည်။ မျှော်လင့်ချက်များရှင်သန်နေအောင် ဆောင်ရွက်ပေးထားရမည်။ ဝန်ထမ်းများ ရှင်သန်နေအောင် ဆောင်ရွက်ပေးထားရမည်။ ဝန်ထမ်းများ၏ အကြံပြုချက်များကို အလေးထားရမည်။ လိုအပ်သလို သုံးစွဲရမည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ တစ်ခါက ဂျပန်လျှပ်စစ်ပစ္စည်း လုပ်ငန်းကုမ္ပဏီတစ်ခုတွင် သန့်ရှင်းရေးလုပ်သောဝန်ထမ်းမှ သူနေ့စဉ်သန့်ရှင်းရေးလုပ်ရာတွင် ကြေးနန်းစနှင့် ပလတ်စတစ်စများစွာပါဝင်၍ ထိုကြေးနန်းစနှင့် ပလတ်စတစ်စများကိုသာ ပြန်လည်အသုံးပြုပါက နေ့စဉ်သန့်ရှင်းရေးလုပ်ရာမှထွက်သော စွန့်ပစ်ပစ္စည်းတွေလည်းနည်းသွားမည်။ ကုမ္ပဏီလည်း စွန့်ပစ်ပစ္စည်းများ ပြန်သုံးပါက ထိုက်သင့်သော ဝင်ငွေပိုလာမည်ဟု သူ၏အထက်အရာရှိထံ အကြံပေးခဲ့ကြောင်း၊ အကြံပြုချက်အတိုင်း စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲရာမှ တစ်နှစ်လျှင် ကုမ္ပဏီအတွက် အမေရိကန်ဒေါ်လာနှစ်သန်းခန့် အကုန်အကျသက်သာသွားကြောင်း၊ အဆိုပါ ဝန်ထမ်းကိုလည်း ကုမ္ပဏီတွင် အကြံပေးမန်နေဂျာအဖြစ် တိုးမြှင့်ခန့်အပ်ချီးမြှင့်ခဲ့သည်ဆို၏။ ဤသည်ကို ကြည့်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်များသည် မိမိလုပ်ငန်းတိုးတက်ရန်အတွက် မိမိဝန်ထမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိအောင် ဆောင်ရွက်ထားသင့်သည်။

အောင်မြင်လျက်ရှိသော စီးပွားရေးလုပ်ငန်းကြီးများကို လေ့လာသောအခါ မိမိ၏ ကုန်စည်/ဝန်ဆောင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်ရာနယ်ပယ်အလိုက် ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်စွမ်းပေးထားသည်ကို တွေ့ရှိရသည်။ ဝန်ထမ်းများက တောင်းဆိုစရာမလိုအောင်၊ ဝန်ထမ်းများနှင့် ကင်းကွာမနေအောင် ဆောင်ရွက်ထားကြသည်ကို တွေ့ရှိရသည်။ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် မိမိ၏ လုပ်ငန်းကဲ့သို့ အမြင်ရှိအောင် ဆောင်ရွက်ထားကြသည်။ ထို့ကြောင့် ဝန်ထမ်းများကလည်း လုပ်ငန်းအောင်မြင်ရေး၊ တိုးတက်ရေး၊ အရည်အသွေး ကောင်းမွန်ရေး၊ ဈေးကွက်ကျယ်ပြန့်ရေးတို့အတွက် အစွမ်းကုန်ပေးဆပ်ထားကြသည်ကို တွေ့ရှိရသည်။ လုပ်ငန်းရှင်၏ စေတနာနှင့်ထပ်တူ လုပ်ငန်းသည်လည်း ရောင်ပြန်ဟပ်အောင်မြင်နေခြင်းဖြစ်သည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မလိုပေ။ မိမိဝန်ထမ်းများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်စွမ်းပေးခြင်း မိမိလုပ်ငန်းတိုးတက်အောင်မြင်ရေး၏ လမ်းစဖြစ်သည်ကို သတိမူသင့်ပေသည်။

**စာမျက်နှာ (၃၂)သို့**

# မြန်မာ - တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ အကောင်အထည်ဖော်မည်

|မောင်လွင်ပြင်|

ကိုဗစ်ကာလအကျပ်အတည်းကြောင့် နှောင့်နှေးကြန့်ကြာနေရသည့် မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်စီမံကိန်းကို တရုတ်နိုင်ငံက အမြန်ပြန်လည်စတင်နိုင်ရန် တွန်းအားပေးလုပ်ဆောင် လာနေသည်ဟု သိရသည်။ တရုတ်နိုင်ငံသည် ယင်းစီမံကိန်းများ စတင်အကောင်အထည်ဖော်ရန် အကြံပြုချက်များ ပေးထားသည်ဟုလည်း သိရ၏။ မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များအနက် မူဆယ်-ရွှေလီတွင် စတင်အကောင်အထည်ဖော်ရန် တရုတ်ဘက် အကြံပြုထားပြီး မြေပြင်ဧရိယာ သတ်မှတ်နိုင်ရန် မကြာမီ ဆွေးနွေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဇွန် ၁၃ ရက်က မီဒီယာတစ်ခုသို့ ပြောကြားသည်။ ၎င်းက"အဓိကအားဖြင့် အောက်ခြေအဆင့်ဆွေးနွေးပြီးမှသာ သက်ဆိုင်ရာနိုင်ငံအလိုက် အဆင့်ဆင့်တင်ပြကာ အတည်ပြုခွင့်ပြုချက်ရယူပြီး မြေပြင်ဧရိယာ သတ်မှတ်ဖို့ကိစ္စတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။ နယ်စပ်စီးပွားရေးဇုန်နဲ့ပတ်သက်ပြီး ဘယ်နေရာမှာ ဧကဘယ်လောက်လုပ်မယ်ဆိုတာတွေ၊ တိုင်းတာသတ်မှတ်ချက်တွေကို နှစ်ဖက်ညှိနှိုင်းပြီး တင်ပြရမယ့် အနေအထားပါ" ဟု ဆိုသည်။

မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် အောက်ခြေအဆင့်၊ ဒေသအဆင့် ဗီဒီယိုကွန်ဖရင့်စင်းစနစ်ဖြင့် ဆွေးနွေးညှိနှိုင်းနေကြောင်းလည်း သိရသည်။ "တရုတ်ဘက်က အကြံပြုချက်အရ မူဆယ်-ရွှေလီပေ့ါ။ ဒါကို စလုပ်မယ်ပေ့ါ။ သူတို့ရွှေလီဘက်မှာ ဘယ်လောက်လုပ်မယ်။ မြန်မာဘက်မူဆယ်မှာ ဘယ်လောက်လုပ်မယ်ဆိုတာ နှစ်ဖက်အသေးစိတ်ညှိနှိုင်းသွားဖို့ မကြာခင်ပြုလုပ်မယ်" ဟုလည်း ၎င်းကဆိုသည်။ ယင်းနယ်စပ်စီးပွားရေးဇုန်များ တည်ထောင်ရေးနှင့်ပတ်သက်၍လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ ယခုနှစ် အစောပိုင်းကာလ တွေ့ဆုံညှိနှိုင်းခဲ့ကြစဉ်က ပြည်ထောင်စုဝန်ကြီးက မြန်မာဘက်က ကုန်သွယ်မှုအခက်အခဲများကို ရှင်းလင်းပြောကြားခဲ့ဖူးသည်။ တရုတ်ဘက်က ကုန်စည်များကို ကန့်သတ်စစ်ဆေးနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ပြီး ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်းများ အပါအဝင် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးရန် တရုတ်သံအမတ်ကြီးအား ပြောကြားခဲ့သည်။

ထို့ပြင်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုအဆင့်သာမက အောက်ခြေအဆင့်တွင်လည်းကောင်း၊ ကုန်သည်များ အချင်းချင်းလည်းကောင်း၊ ဘက်ပေါင်းစုံမှ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မူဆယ်နယ်စပ် ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံဘက်က ကုန်စည် ကန့်သတ်စစ်ဆေးမှုများကြောင့် ယာဉ်ကြောပိတ်ဆို့၍ ကုန်စည်စီးဆင်းမှုတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အဆင်ပြေအောင် ညှိနှိုင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ရေထွက်ကုန်ပစ္စည်းနှင့် သစ်သီးဝလံများအတွက် အရည်အသွေးစစ်ဆေးခြင်းကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ထွက်ရှိသည့် ပြောင်းစေ့များ ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ဝဥ၊ လျှော်ဖြူ၊ ထောပတ်သီး စသည့်ပို့ကုန်အမယ်သစ်များအား တရုတ်နိုင်ငံဘက်သို့ တင်ပို့ရာတွင် စိစစ်ဆောင်ရွက်မှုများကိုလည်း ဖြေလျှော့ပေးစေလိုကြောင်း၊ နယ်စပ်ကုန်သွယ်မှုတွင် နှစ်ဖက်ကုန်သည်များအကြား ငွေပေးချေမှုဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့နေရသဖြင့် နှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားစေလိုကြောင်း၊ မူဆယ်နယ်စပ်ကုန်သွယ်ရေး၊ ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရေးအတွက် လမ်းပိုင်းခွဲ၍ထွင်ရာတွင် ကူညီဆောင်ရွက်ပေးရန်၊ ပုံမှန်ကုန်သွယ်မှုအပြင် နယ်စပ်နေပြည်သူများအကြားနယ်စပ်ထွက်ကုန်များ အပြန်အလှန်လဲလှယ်မှုများကိုလည်း အဆင်ပြေအောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆွေးနွေးခဲ့ဖူးသည်။

တရုတ်သံအမတ်ကြီးက ပြန်လည်ဆွေးနွေးရာတွင် ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများအရ ၂၀၂၀ ပြည့်နှစ်ဇန်နဝါရီလမှ ဧပြီလအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မှုပမာဏမှာ တစ်ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုဆက်လက်တိုးတက်စေရေးအတွက် မူဆယ် ၁၀၅ မိုင်မှ ရွှေလီအထိ ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး ကုန်စည်များမပါရှိဘဲ ရပ်နားထားသည့် ယာဉ်များကို ရှင်းလင်းပြီး ကုန်တင်ယာဉ်များကို ဦးစားပေးစေလိုကြောင်း၊ ရွှေလီ-မူဆယ်ဂိတ်တွင် လုပ်ငန်းများလျင်မြန်ချောမွေ့စေရေးအတွက် ည ၁၀ နာရီအထိ ဖွင့် လှစ်ဆောင်ရွက်ပေးစေလိုကြောင်း၊ မန့်မန်-နွမ်းရင် နယ်စပ်ဂိတ်တွင် ကုန်စည်များစစ်ဆေးရန် အဆောက်အအုံလိုအပ်လျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များတွင် တရုတ်နိုင်ငံမှ ယာဉ်မောင်းများကျန်းမာရေး ထောက်ခံစာပြသနိုင်ပါက မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုပေးစေလိုကြောင်း၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် မူဆယ်-မန္တလေးရထားလမ်းကိုလည်း အမြန်ဆုံးတည်ဆောက်နိုင်ရေး၊ မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စများကိုလည်း အမြန်ဆောင်ရွက်ဖို့လိုကြောင်း ပြောဆိုဆွေးနွေးခဲ့သည်ဟု သိရသည်။

မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ အကောင်အထည်ဖော်ရေးအတွက် မြန်မာဘက်တွင် မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းထားသည်။ ဗဟိုကော်မတီဥက္ကဋ္ဌမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဖြစ်သည်။ ၂၀၁၉ ခုနှစ် မေလအတွင်း ကျင်းပသော ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ဒေါက်တာသန်းမြင့်က မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်မည့်နေရာသုံးနေရာကို ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မူဆယ်နှင့်ချင်းရွှေဟော်၊ ကချင်ပြည်နယ်တွင် ကန်ပိုက်တီတို့ကို ရွေးချယ်ထားကြောင်း ပြောကြားသည်။ မူဆယ်(ဟိုဆောင်)-ကျယ်ဂေါင်ကို Core Zone (ဗဟိုအချက်အချာဇုန်) အဖြစ်ထားမည်။ ကြူကုတ်(ပန်ဆိုင်း)-ဝမ်တိန်-နွမ်းရင်(ကျိန်စမ်းကျော့)-မန့်မန်(ရွှေလီ) တို့ကို ပို့ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် အကောက်ခွန်ဆိုင်ရာဧရိယာဒေသများအဖြစ်ထားရှိမည်။ ဆယ်လန့်(မန်ဟီးရိုး)-ဆယ်လင်းနှင့်နမ့်ခမ်း-နောင်တောင်းတို့ကို သွင်းကုန်ပစ္စည်း လုပ်ငန်းစဉ်နှင့်အကောက်ခွန်ဆိုင်ရာ ဧရိယာဒေသများအဖြစ်ထားရှိမည်စသည်ဖြင့် ဖွဲ့စည်းတည်ထောင်သွားမည်ဟု ဆိုခဲ့သည်။

ထို့ပြင် မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကို တည်ထောင်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများနှင့် အညီ စနစ်တကျအကောင်အထည်ဖော်သွားမည်ဟုလည်း ဆိုသည်။ လောလောဆယ်တော့ မူဆယ်-ရွှေလီဒေသကိုဦးစွာ အကောင်အထည်ဖော်မည်ဖြစ်ပြီး ကျန်ဒေသများကို အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။

အမှန်တော့ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန်များသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ စီမံကိန်းနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေသည်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းများ၏ အဦးအစဟုလည်း ဆိုနိုင်သည်။ မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များတွင် နှစ်နိုင်ငံကုန်သွယ်ရေး လွတ်လပ်စွာကုန်သွယ်မှုကို မြှင့်တင်ရင်း တရားမဝင်နယ်စပ်ကုန်သွယ်မှုကို တိုက်ဖျက်နိုင်မည်။ နှစ်ဖက်ကုမ္ပဏီများ နယ်စပ်စီးပွားရေးဇုန်တွင် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုဇုန်များတည်ထောင်ပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည်။ နယ်စပ်စီးပွားရေးဇုန်မှ ထုတ်လုပ်ထွက်ရှိမည့် ကုန်စည်များကို တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကြောင်းအတိုင်း ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ ပြည်ပသို့ တင်ပို့ကုန်သွယ်နိုင်မည် စသည့်အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဟု တင်ပြလိုက်ရပါသည်။



စာမျက်နှာ (၆) ကိုဗစ်၊ ယှဉ်ပြိုင်မှု ပေါ်လစီနှင့် . . . မှအဆက်

သတ်မှတ်ထားသော လုပ်ငန်းငါးမျိုးတွင် မပါဝင်သော်လည်း စီးပွားရေးပြန်လည်ဦးမော့ရန် ကြိုးစားနေရသည့် လုပ်ငန်းများအတွက် အထက်ဖော်ပြပါ လမ်းညွှန်ချက်များနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းမတွေ့ရပေ။ အငြင်းပွားဖွယ်ရာ အချို့ရှိနေသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ အတိမ်အနက်ကိုလိုက်ပြီး စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကူညီသွားမည်ဖြစ်ကြောင်း၊ ဖြေလျှော့ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အကျုံးမဝင်သည့် လုပ်ငန်းများသည် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ ပိုမိုပူးပေါင်းရာတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်ကို မထိခိုက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း CMA က ရှင်းလင်း ပြောကြားထားသည်။

ထို့ပြင် သတ်မှတ်ချက်နှင့် ကိုက်ညီသော လုပ်ငန်းများကြား ပူးပေါင်းရေးသဘောတူညီချက်များကို အရေး ယူမည် မဟုတ်ကြောင်း ပြောကြားထားသည်။ ၎င်းတို့မှာ ကုန်စည်ပြတ်လပ်မှု မရှိစေရေးအတွက် လိုအပ်သော ပူးပေါင်းမှု၊ ပြည်သူလူထု၏ ကောင်းကျိုးကို ဦးတည်ဆောင်ရွက်သော ပူးပေါင်းမှု၊ စားသုံးသူများ၏ ကောင်းကျိုး သို့မဟုတ် သက်သာချောင်ချိရေးကို အထောက်အကူပြုသော ပူးပေါင်းမှု၊ ကမ္ဘာ့ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် အရေးကြီးကိစ္စရပ်များ (Critical issues) ဖြေရှင်းရန် ပူးပေါင်းမှု စသည်တို့ ဖြစ်သည်။

အထက်ဖော်ပြပါ လမ်းညွှန်ချက်များနှင့်အတူ ပြိုင်ဆိုင်မှုပေါ်လစီကို ဖြေလျှော့ခြင်းက စီးပွားရေးလုပ်ငန်း များအတွက် အကျိုးရှိအသုံးဝင်မည်မှာ သေချာပါသည်။ သို့သော်လည်း ဤပေါ်လစီသည် ကျယ်ပြန့်နက်နဲသောကြောင့် မရှင်းလင်း၊ မပြတ်သားသော အချက်များလည်း ရှိနေနိုင်သည်။ တစ်ဖက်တွင် ဥပဒေအကြံပေး လုပ်ငန်းများအတွက် ဤကိစ္စရပ်များနှင့်ပတ်သက်သော အကြံဉာဏ်များ ဖြည့်ဆည်းပေးရသည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည်လည်း လက်ရှိဖြေလျှော့ပေးသည့် အခွင့်အရေးကိုခံစားပြီး စည်းမျဉ်းစည်းကမ်းချိုးဖောက်မှုများ လျော့နည်းလာပါမည်။

### လက်လီရောင်းချသူများအတွက်စိန်ခေါ်မှုများ

ဈေးဆိုင်နှင့် စားသောက်ဆိုင်ကဲ့သို့သော လက်လီအရောင်းဆိုင်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသော်လည်း ၎င်းတို့သည် လူအချင်းချင်း ခပ်ခွာခွာနေရမည့် အစီအမံများ (Social distancing measures) ကို လိုက်နာရပါမည်။ ထို့ပြင် ၎င်းတို့သည် ပြီးခဲ့သည့် သုံးလကျော်က စားသောက်ကုန်လုပ်ငန်းရှင်များ (Grocery retailers) ရင်ဆိုင်ခဲ့ရသော ကုန်စည်သယ်ယူပို့ဆောင်ရေး အခက်အခဲများ (Logistical difficulties) ကို ရင်ဆိုင်ရနိုင်သည်။ ပေါ်လစီဖြေလျှော့မှုကို အကောင်အထည်ဖော်ရာတွင်သတ်မှတ်ထားသော လုပ်ငန်းငါးမျိုးအပြင် အခြားလုပ်ငန်းများ၏ အခြေခံကျင့်ဝတ် (Basic moral compass) အပေါ်တွင် များစွာမူတည်နေသည်။

COVID-19 မတိုင်မီကာလတွင် ဗြိတိန်အစိုးရနှင့် CMA သည် ၁၉၉၈ ခုနှစ် ယှဉ်ပြိုင်မှုအက်ဥပဒေနှင့်ပတ်သက်ပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသော စီးပွားရေးစနစ် (Low carbon economy) ကို အထောက်အကူပြုရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ CMA ၏ ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်စဉ်စီမံကိန်းတွင်လည်း 'ဈေးကွက်များကို ပြိုင်ဆိုင်မှုရှိစေပြီး ရာသီဥတုပြောင်းလဲမှုကို ဦးစားပေးသော လုပ်ငန်းများကို အထောက်အကူပြုရန်' ရည်ရွယ်ထားသည်။

### နိဂုံးချုပ်အတွေးများ

အထက်ပါ အခြေအနေများကို ခြုံငုံသုံးသပ်ပါက စီးပွားရေးလုပ်ငန်းများကြား မှန်ကန်သောပူးပေါင်းဆောင်ရွက်မှုဖြစ်ရေးသည် အစွန်းတရားနှစ်ပါးကို ညှိနှိုင်းပေးရသည့် ရှုပ်ထွေးသောလုပ်ဆောင်ချက်ဖြစ်ပါသည်။ ယှဉ်ပြိုင်မှုပေါ်လစီ ကန့်သတ်ချက်များ တင်းကျပ်လွန်းပါက စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရခက်ခဲပြီး ဒုက္ခရောက်နိုင်ပါသည်။ ယှဉ်ပြိုင်မှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးလွန်းပါက နောက်ပိုင်းတွင် လက်ဝါးကြီးအုပ်လုပ်ငန်းများ ကြီးထွားလာနိုင်သည်။ ထို့ကြောင့် ပေါ်လစီချမှတ်သူများအတွက် ဘေးကျပ်နံကျပ်ဖြစ်ရသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခုဖြေလျှော့မှုများသည် ယာယီသာဖြစ်ကြောင်း သတိပြုရပါမည်။ အထူးသဖြင့် အခက်အခဲနှင့် ရင်ဆိုင်ရုန်းကန်နေရသည့် လက်လီလုပ်ငန်းငယ်များအတွက် မသေချာမှုများ ဆက်လက်ကြုံတွေ့ရနိုင်သည်။ အဆိုပါ လုပ်ငန်းငယ်များသည် လက်ရှိဖြေလျှော့ပေးသည့် လမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းလုပ်ဆောင်ကြမည့် အခြားလုပ်ငန်းများအပေါ် မှီခိုရဖွယ်ရှိပါသည်။ COVID-19 ကာလအလွန် ယာယီ ဖြေလျှော့မှုများရုပ်သိမ်းပြီး မူလဥပဒေအတိုင်း ပြန်လည်ကျင့်သုံးသော အခါမှသာလျှင် စီးပွားရေးလုပ်ငန်းအားလုံး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိပါမည်။

**Source: legalcheek**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့မှ မြေ-၅၊ မြင်းခြံမြို့မှ သိုရုံ-၈၊ သိုရုံ-၃၊ သိုရုံ-၄ စုစုပေါင်းသိုလှောင်ရုံ လေးလုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သုံးနှစ်သက်တမ်းတစ်နှစ်တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်-

Lot (1) (က) မြေ-၅၊ မိတ္ထီလာမြို့၊ (၈၀' × ၄၀'× ၁၅')၊ (သွပ်၊ အုတ်၊ ကွန်)
Lot (2) (ခ ) သိုရုံ-၈ (ကြယ်နီ)၊ မြင်းခြံမြို့၊ (၂၇'× ၅၄ '× ၁၈') (သွပ်၊ အုတ်၊ အုတ်)
Lot (3) (ဂ ) သိုရုံ-၃ (တိုင်လီအေ)၊ မြင်းခြံမြို့၊ (၈၂' × ၆၂'× ၂၀')၊ (သွပ်၊ ထရံ၊ ကွန်)
Lot (4) (ဃ) သိုရုံ-၄ (တိုင်လီဘီ)၊ မြင်းခြံမြို့၊ (၇၆' × ၆၁'× ၁၆')၊ (သွပ်၊ အုတ်၊ အုတ်)

၂။ အဆိုပါ သိုလှောင်ရုံများကို ၂၇. ၇. ၂၀၂၀ ရက်နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာဝယ်ယူရမည်ဖြစ် ပါသည်။ အဆိုပြုလျှောက်လွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မန္တလေးမြို့ တွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ရုံးအမှတ်(၃)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော် လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၂-၄၀၃၆၃၃၈၊ ၄၀၃၆၃၄၀နှင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ မန္တလေးမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**စားသုံးသူရေးရာဦးစီးဌာန**

## ရန်ကုန်ကားဈေးကွက်တွင် အမြင့်ကားများလည်း အရောင်းအဝယ်ရှိနေ

ကျောင်းများ ပြန်ဖွင့်လာမည့် ဇူလိုင်လ စတုတ္ထပတ် မတိုင်မီ ရန်ကုန်ကား ဈေးကွက်၏အခြေအနေမှာ အကောင်းကြီးမဟုတ်သော်လည်း မေနှောင်းပိုင်း၊ ဇွန်လဆန်းပိုင်း အခြေအနေများနှင့်စာလျှင် အရောင်းအဝယ်အသင့်အတင့်ရှိပြီး ကားပွဲစားတန်းများတွင် ဈေးတန်းမေးသူများ၊ ချိန်းဆို၍ ကားကြည့်သူများရှိလာကြောင်း သိရသည်။

ကားလောကအတွင်း ဝန်ထမ်းပါမစ်သတင်းများ ကျယ်ပြန့်လာသော်လည်း သတ်မှတ်ချက်များဖြင့်သာ ပေးနိုင်သဖြင့် ကားဈေးကွက်အပေါ် သိသိသာသာ မထိရောက်နိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။ ဈေးကွက်အတွင်း အခြားသတင်းများကြောင့် ကနဦးပိုင်း သိန်း ၅၀၀ အထက် အမြင့်ကားများ ဈေးကျသော်လည်း အဝယ်များလာခြင်းမရှိသေးဘဲ ယခုကာလအတွင်း ဗန်းဂတ် ၂၀၀၈၊ အာလ်ဖတ် ၂၀၀၆၊ ဟွန်ဒါစီအာဗွီ ၂၀၁၃ တို့ကဲ့သို့ ၅၀၀ အထက်ဝန်းကျင်ကားများ အရောင်းအဝယ်ရှိလာပြီး အထူးသဖြင့် ၃၀၀ စီစီ ညာမောင်း ခါတ်ဆီကားလေးများ အရောင်းအဝယ် အများဆုံးဖြစ်လာကြောင်း သိရသည်။ ယခုကဲ့သို့ အမြင့်ကားများ အနည်းငယ်အဝယ်ရှိလာသဖြင့် စလစ်ဈေးတန်းလည်း မြင့်တက်လာပြီး ယခင်လထက် ကျပ် ခုနစ်သိန်း/ ရှစ်သိန်းခန့် မြင့်တက်လာကြောင်း၊ စလစ်အသုံးရှိလာ၍ ဈေးပြန်တက်လာကြောင်း သိရသည်။

ကားလေးများပိုမို၍ အရောင်းတွင်ကျယ်လာခြင်းမှာ ယခင်ကာလ ကားဈေးကွက် ဈေးတန်းလျော့ကျခြင်းများဖြစ်ပေါ်လာရာတွင် ကားမိုဒယ်လ်အလိုက်၊ ဂရိတ်အလိုက် ဈေးတန်းသတ်မှတ် ချက်များအတိုင်းအပေါ် ကားအမြင့်ကားများဆိုလျှင် ကျပ်သိန်း ၄၀/၅၀ သိန်းခန့် လျော့ချလာပြီး အလယ်အလတ်ကားများမှာ ကျပ်သိန်း ၃၀/၄၀ သိန်းခန့်၊ ကားလေးများမှာ ကျပ်သိန်း ၁၀/၁၅ သိန်းခန့် လျော့ကျလာကြသော်လည်း ကားလေးများမှာ ရန်ကုန်လိုင်စင် ညာမောင်းဆိုလျှင် အဝယ်များပြီး အချို့နယ်လိုင် စင်ကားလေးများမှာမူ မိုဒယ်လ်အမြင့် ၂၀၁၃/၁၄ တန်းများသာအဝယ်ရှိကြောင်း ကိုမြင့်ကျော်ကပြောသည်။

လုပ်ငန်းသုံးကားများထဲတွင် ဆူဇူကီးဟိုက်ဂျက်များမှာ ကျပ်သိန်း ၁၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ရှိနေပြီး တက္ကစီ (အငှားယာဉ်)ကားအုပ်စုများတွင် ဈေးကွက်ထိပ်ဆုံးမှရှိသည့် စီအန်ဂျီပရိုဘောက်များမှာ ကျပ်သိန်း ၂၀၀ အထက်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗစ်ရှ် (၂၀၀၃) XS | J | ၂၃၈ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ချက်ဗလက်(၂၀၀၉)ဝက်ဂွန် | H | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဘယ်လ်တာ (၂၀၀၇)ဆလွန်း | G | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၀) GE-6 | D | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟာရီယာ (၂၀၀၀) | D | ၂၀၅ သိန်း | 2.2 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၂) | Q | ၂၉၂ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟိုက်ဂျက် | G | ၁၀၀ သိန်း | 0.6 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရိုဘောက် (၂၀၁၂) | HH | ၂၄၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | စီအာရ်ဗွီ(၂၀၁၂) | D | ၂၂၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ဘားအံမြို့၌ သင်တန်းများဖွင့်လှစ်မည်

ကရင်ပြည်နယ် ဘားအံမြို့တွင် ဒေသခံလူငယ်များ ပုံမှန်ပညာရေး သင်ကြားခွင့်မရခဲ့သည့် ဒေသခံလူငယ်များကို အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးပြီး ဆက်စပ်သည့် အလုပ်အကိုင်များ ရရှိလုပ်ကိုင်နိုင်စေရန်နှင့် သင်ကြားပေးသည့် ပညာရပ်ကို အသုံးပြု၍ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပြီး ဒေသတွင်း စီးပွားရေးနှင့် နည်းပညာ တိုးတက်ရေးကို ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ဘားအံမြို့)တွင် အခြေခံအိမ်တွင်းလျှပ် စစ်သွယ်တန်းမှု နည်းပညာ သင်တန်းကို ဇူလိုင် ၂၁ မှ ၃၁ ရက်အထိ (ပထမ အကြိမ်)နှင့် ဩဂုတ် ၄ ရက်မှ ၁၄ ရက်အထိ (ဒုတိယအကြိမ်) ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် အသက်အပိုင်းအခြားအနေဖြင့် အသက် (၁၈) နှစ်မှ (၄၅)နှစ်အထိ ရှိသူများသာ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ သင်တန်းပို့ချရာတွင် ကျွမ်းကျင်မှု ရရှိစေရန် အတွက် စာတွေ့သာမက လက်တွေ့ထိပါ သင်ကြားပို့ချမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်နှင့် သင်ထောက်ကူ အခမဲ့သင်တန်းဖြစ်ကြောင်း သိရှိရသည်။

**ဇာခြည်အောင်**

## ဘုတလင်မြို့နယ်ရှိ ကျေးရွာများသို့ ကွင်းဆင်း၍ လျှော်ဖြူ (ခ) ဆေးကုလားမ Market Survey ဆောင်ရွက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများ၏ လိုအပ်ချက်များ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အရည်အသွေးမီ လျှော်ဖြူအစေးများ ထုတ်လုပ်နိုင်မှုရှိ/မရှိပြည်တွင်း၌ ကုန်ကြမ်းလိုအပ်ချက် စိုက်ပျိုးထွက်ရှိမှု စိုက်ဧကစာရင်း၊ သုံးစွဲမှု၊ တင်ပို့မှု၊ ဈေးနှုန်းဈေးကွက် အခြေအနေများ၊ ဈေးကွက်အလားအလာများ သုံးသပ်တင်ပြနိုင်ရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းသုံးဦးသည် ဇွန် ၂၉ ရက်က မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ ဝွေးပင်ကျင်းကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ လွဲတဲကျေးရွာ၊ အုတ်ဖိုကျေးရွာများသို့ ကွင်းဆင်းကာ လျှော်ဖြူ(ခ)ဆေးကုလားမ Market Survey ဆောင်ရွက်ခဲ့သည်။

COVID-19 ကာလဖြစ်နေ၍ လျှော်ဖြူစိုက်တောင်သူ ငါးဦးစီကို တစ်လှည့်စီတွေ့ဆုံဆွေးနွေး မေးမြန်းခဲ့ရာ အနည်းဆုံးသုည ဒသမ ၅ ဧကမှ အများဆုံး ၅၅ ဧကထိ စိုက်ပျိုးကြကြောင်း၊ Survey ကောက်ယူခဲ့သည် ကျေးရွာလေးရွာ၌ လျှော်ဖြူစုစုပေါင်း စိုက်ဧက ၆၂၅ ဧကအနက် ၁၆၈ ဧကတွင် အစေးများ ထုတ်ယူနေပြီဖြစ်ကြောင်း သိရှိရသည်။ လျှော်ဖြူပင်သည် သက်တမ်းလေးနှစ်သားအရွယ်မှသာ အစေးထုတ်ယူနိုင်သော်လည်း စနစ်တကျစိုက်ပျိုးပါက ယခုနှစ်နှစ် သို့မဟုတ် နှစ်နှစ်ခွဲသားအရွယ်မှစ၍ အစေးထုတ်ယူနေကြကြောင်း၊ လျှော်ဖြူ(ခ)ဆေးကုလားမပေါက်ဈေးသည် အဖြူစ တစ်ပိဿာလျှင် ကျပ်သုံးသောင်းမှ ကျပ်ငါးသောင်း ထိဈေးပေါက်ခဲ့သော်လည်း COVID-19 ကာလဖြစ်နေ၍ ဈေးများကျနေပြီး ယခု တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၇၀၀၀ ထိသာ ပေါက်ဈေးရရှိကြောင်း၊ လျှော်ဖြူအစေး ရောင်းချခြင်းများကို မန္တလေးဝယ်လက်များနှင့်သော်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူအသင်းနှင့်သော်လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ကြကြောင်း လျှော်ဖြူစိုက်ပျိုးသူများထံမှ သိရှိရသည်။

**သန်းသန်းတင် (မုံရွာ)**

## ရေနံချောင်းမြို့နယ်၌ ဖူးစားပြောင်းဧက ၄၀၀၀ နီးပါး စိုက်ပျိုးပြီးစီး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဖူးစားပြောင်းကို ဝင်ငွေရသီးနှံအဖြစ် တောင်သူများ စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း တောင်သူများထံမှ သိရသည်။

"မိုးရာသီသီးနှံအဖြစ် ဖူးစားပြောင်းကို စိုက်လာကြတယ်။ ရည်ရွယ်ချက်ကတော့ ဖူးစားပြောင်းဖူးကို ရာသီစာအဖြစ် ရောင်းရတယ်။ ပြောင်းဖူးစေ့အနေနဲ့လည်း ရောင်းရတယ်။ ပြောင်းရိုးကိုတော့ နွားစာအဖြစ် ကျွေးတယ်။ ဒါကြောင့် စိုက်ပါတယ်။ ဝင်ငွေအနေနဲ့လည်းရတယ်"ဟု တောင်သူကိုလှဝင်းက ပြောသည်။

ယခင်နှစ်မိုးရာသီက ပြောင်းဖူးတစ်ရာလျှင် ကျပ် ၁၂၀၀၀ ရှိခဲ့ပြီး ဧကများများ စိုက်သူများနှင့် မြေပဲစိုက်ခင်းများတွင် သီးညှပ်စိုက်သူများ တွက်ခြေကိုက်ခဲ့ကြောင်း သိရသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ယခုနှစ် ၂၀၂၀ ပြည့်နှစ် မိုးသီးနှံ စိုက်ပျိုးပြီးစီးမှုမှာ ဖူးစားပြောင်း ၃၈၈၇ ဧက ရှိကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ဖျာပုံမြို့နယ်တွင် ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ရေး စာချုပ်ချုပ်ဆို

ဖျာပုံမြို့နယ် ဧရာဝတီစိမ်းလန်းမြေ ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီနှင့် အကျိုးတူတောင်သူများ၏ ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ရေး စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်ကဇော်ဂျီစာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းဝင်းက ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်လွင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးမြင့်အောင် ပြည်တွင်းပြည်ပဆန်ဈေးကွက် အခြေအနေနှင့် အရည်အသွေးမြင့်ဆန်များထွက်ရှိရေးသည် ဧရာဝတီစိမ်းလန်းမြေ ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးအုန်းဟန်နှင့် ဒါရိုက်တာဦးကျော်ဝင်းသန်းတို့က ကန်ထရိုက်လယ်ယာစနစ်နှင့်ပတ်သက်၍ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသူတောင်သူများ၏ တင်ပြဆွေးနွေးမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဧရာဝတီစိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်အနေဖြင့် လယ်တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အတိုးမဲ့ပံ့ပိုးပေးသွားမည်ဖြစ်ပြီး တောင်သူများလိုအပ်သည့် မျိုးသန့်စပါးများ၊ မြေဆီများနှင့် ဒီဇယ်များကိုလည်း တောင်သူများအခက်အခဲမရှိစေရေးအတွက် စီစဉ်ထားရှိပြီး ယခုတောင်သူများနှင့် အကျိုးတူကန်ထရိုက် လယ်ယာစနစ် ဖော်ဆောင်ရေးသည် ၂၀၂၀ပြည့်နှစ်မိုးစပါး စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကာ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၃၀ ရွာ အကျိုးတူကန်ထရိုက်တောင်သူ ၇၉ ဦး၏ စုစုပေါင်း လယ်ဧက ၂၁၉၅ ဧကရှိကြောင်း၊ ကုမ္ပဏီတာဝန်ရှိသူ ဒါရိုက်တာတစ်ဦးထံမှ သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီစိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော တောင်သူများ စုစုပေါင်း ၁၁၀ ဦး တက်ရောက်ကြောင်း သိရှိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရုပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |




**တနင်္ဂနွေသားသမီးများ** ဒီရက်တွေအတွင်းမှာ အလှူပွဲ၊ မင်္ဂလာပွဲ၊ ပျော်ပွဲရွှင်ပွဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးကိစ္စနှင့် စာချုပ်စာတမ်းကိစ္စ၊ ကားကိစ္စတွေ ဦးစားပေးသင့်ပါတယ်။ ဘာမဆို နှစ်မျိုးနှစ်ခွ ကြုံရတတ်ပါတယ်။ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျများမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဝမ်းသာစရာကြုံမယ်။ **၂၇ အစ ထီကိုထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ လမုန့် နှစ်ချပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို အာလူးနဲ့ခေါက်ပါလေ . . . ။

**တနင်္လာသားသမီးများ** ဒီရက်တွေအတွင်းမှာ ပညာရေးကိစ္စ၊ လျှောက်လွှာကိစ္စ၊ ရာထူးကိစ္စ၊ ကြီးကဲသူများနှင့် ဆက်ဆံပြောဆိုရမည့်ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မိန်းမကြီးတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ်ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆွေမျိုးတွေက ဝင်ရောက်ကူညီတတ်ပါတယ်။ **၃၉ အစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မိခင်၊ အဒေါ်ကဲ့သို့သော အမျိုးသမီးကြီးများကို ရေခဲမုန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကြက်သွန်ဥနဲ့ခေါက်ပါလေ . . . ။

**အင်္ဂါသားသမီးများ** ဒီရက်တွေအတွင်းမှာ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသား ချခြင်း၊ ငွေကြေးကိစ္စ၊ စာရင်းဇယားကိစ္စ ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ ရုံးပြင်ကန္နားလို ပြဿနာမျိုးတွေနဲ့ လာပြီး ပတ်သက်ရတတ်ပါတယ်။ ခြေထောက်၊ ခါး၊ အကြော၊ အဆစ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ လူကြီးမိဘတွေ ဝင်ပါလာတတ်ပါတယ်။ **၄၁ ဂဏန်း အစထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကြီးကဲသူတစ်ဦးဦးကို ဖိနပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သခွားသီးနဲ့ ခေါက်ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ** ဒီရက်တွေအတွင်းမှာ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စ၊ စေ့စပ်ညှိနှိုင်းရေးကိစ္စ၊ ငွေဟောင်း၊ ကြွေးဟောင်းကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ပစ္စည်းပျောက်ခြင်း၊ အခိုးခံရခြင်းများကို သတိပြုပါ။ အကြော၊ အာရုံကြော ကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ အကူအညီကောင်းကို ရတတ်ပါတယ်။ **၅၂ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဘုန်းတော်ကြီးကို လှူဖွယ်တစ်ခုခုလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ချဉ်ပေါင် ငါးညွန့်နဲ့ ရိုက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ** ဒီရက်တွေအတွင်းမှာ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ ရပ်ဝေးပြည်ပနှင့် ပတ်သက် သောကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ အဖျားအနာ ကြုံတတ်ပါတယ်။ ချစ်သူ၊ အိမ်ထောင်ဖက်တို့ရဲ့ သတင်းကောင်းကို ကြားမယ်။ **၆၃ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မယ်တော်တစ်ပါးပါးအား သစ်သီးလှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ထန်းလျက်ခဲနဲ့ ခေါက်ပါလေ . . .

**သောကြာသားသမီးများ** ဒီရက်တွေအတွင်းမှာ ယာဉ်ရထားကိစ္စ၊ စက်ပစ္စည်းကိစ္စပြတ်ပြတ်သားသား ပြောဆိုဖြေရှင်းရမယ့် ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ လုပ်ငန်းပြိုင်တွေ၊ အတိုက်အခံတွေ များတတ်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ မတော်တဆထိခိုက်မိ ဖြစ်တတ်တာကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ညှိနှိုင်းရခက်တာတွေ များနေတတ်ပါတယ်။ **၇၄ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးတစ်ဦးကို ကစားစရာကားတစ်စီး လက်ဆောင်ပေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီခုနစ်ပွင့်နဲ့ ရိုက်ပါလေ . . . ။

**စနေသားသမီးများ** ဒီရက်တွေအတွင်းမှာ မရေမရာ၊ မတင်မကျတွေ များနေတတ်ပါတယ်။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်နေတတ်ပါတယ်။ အရောင်းမှား၊ အဝယ်မှား၊ ကတိပေးမှား၊ စကားမှားတာတွေကို သတိပြုပါလေ။ ခရီးတို၊ ခရီးနီးကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခြေထောက်ပိုင်းကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေတတ်ပါတယ်။ **၄၀ ဂဏန်းအစ ထီထိုးပါ။ ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ဖိနပ်အဟောင်းတစ်ရန်ကို စွန့်ပစ်ရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သတင်းစာနဲ့ ရိုက်ပါလေ . . . ။

# ဇူလိုင်လအတွင်း မူဆယ်မှတရုတ်သို့ သစ်သီးဝလံတင်ပို့မှု အခြေအနေ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ နေ့စဉ် သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ သခွားတင်ပို့မှု မရှိသော်လည်း သရက် ၇၈ စီး၊ ၄၄၉ တန်နှင့် ဖရဲသီးနှစ်စီး၊ တန် ၃၀ တင်ပို့နိုင်ခဲ့သည်။

ဇွန်လနောက်ဆုံးပတ်နှင့် ယခုအပတ်တင်ပို့မှု နှိုင်းယှဉ်လျှင် ဇွန် ၂၄ မှ ၃၀ ရက်အတွင်း တင်ပို့မှု ၂၁၃ စီး၊ ၁၂၈၁ ဒသမ ၅ တန်ဖြစ်သည့်အတွက် ယခုတစ်ပတ်တွင် သရက်တင်ပို့မှုမှာ ၈၃၂ ဒသမ၅ တန် လျော့နည်းခဲ့သည်။ သရက်သီးဈေးနှုန်းမှာ ဇွန် ၂၂ ရက်မှစ၍ ကျဆင်းလျက်ရှိပြီး ဇွန်၇ ရက်တွင် တစ်တန်လျှင် ၃၀၀၀ ယွမ်ဖြင့် သရက်သီးဈေးနှုန်း ကျဆင်းလျက်ရှိသည်။

ဇူလိုင် ၇ ရက်မှစ၍ ကျောက်ဆည်ဒေသမှ ဖရဲစတင်တင်ပို့ပြီး ဈေးနှုန်းမှာ တစ်တန်လျှင် ၁၀၀၀ ယွမ် ဖြစ်ပါသည်။

မတ် ၂၉ ရက်မှစ၍ ယနေ့အထိ တရုတ်ပြည်တွင်း လူဝင်ထွက်မှု ကန့်သတ်စနစ်ကြောင့် သစ်သီးကားများ တရုတ်နိုင်ငံ (ဝမ်တိန်)ကွင်းအထိ သွားရောက်ရောင်းချနေရဆဲဖြစ်သလို သစ်သီးကား ယာဉ်မောင်းများကို ဝင်ခွင့်မပြုဘဲ တရုတ်ဘက်မှ ရွေးချယ်ထားသော ယာဉ်မောင်းများဖြင့်သာ အဝင်၊ အထွက် ပြုလုပ်နေရသည်မှာ ဧပြီ ၂၀ ရက်မှစ၍ ယနေ့အထိဖြစ်သည်။

**နေမျိုးထိုက်ကျော်(မော်ရွှေလီ)**

# စစ်ကိုင်းမြို့နယ်ထွက် တရုတ်ဆီးသီး ဈေးကွက်တွင် လူကြိုက်များနေ

စစ်ကိုင်းမြို့ထွက် တရုတ်ဆီးသီးများသည် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတွင် အဖူးအပွင့်များ စတင်ဖူးကြသည်။ မတ်လတွင် အသီးကင်းလေးများ ဖြစ်ပေါ်လာပြီး ဧပြီလနှင့် မေလတွင် တဖြည်းဖြည်း ကြီးထွားလာသည်။ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် လှိုင်လှိုင်ထွက်ရှိပြီး ခူးဆွတ်ရောင်းချလျက်ရှိကြောင်း သိရသည်။ တရုတ်ဆီးသီးစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ သဲနုန်းဆန်သော မြေအမျိုးအစားဖြစ်ပြီး ပိုမိုအောင်မြင်ဖြစ် ထွန်းကြောင်း သိရသည်။ အပင်စိုက်ပျိုးချိန်မှာ သုံးနှစ်မှ ငါးနှစ်အကြား အသီးများကို ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။ ယခုအချိန်မှာ စစ်ကိုင်းဒေသထွက် တရုတ်ဆီးသီးများမှာ ရာသီဥတုကြောင့် အသီးထွက်ရှိမှု နည်းသော်လည်း ဈေးကွက်များတွင် စတင်ခူးဆွတ်ရောင်းချကြောင်း သိရသည်။ စစ်ကိုင်းမြို့ရှိ တရုတ်ဆီးသီးများကို လိုက်လံရောင်းချသူများအပြောအရ ယခင်နှစ်ကထက် တရုတ်ဆီးသီးများမှာ ထွက်ရှိမှုနည်းကြောင်း သိရသည်။

စစ်ကိုင်းမြို့အဝင် မုံရွာလမ်းမကြီးဘေး ဝဲ၊ ယာတစ်လျှောက်တွင် စစ်ကိုင်းမြို့မှ ထွက်ရှိသည့် တရုတ်ဆီးသီးများကို ရောင်းချနေကြသည်။ စစ်ကိုင်းမြို့ရှိ ခြံများ၊ အိမ်များတွင်တစ်ပိဿာကျပ် ၂၀၀၀၊ ၂၅၀၀၊ ၃၀၀၀ ထိ ဝယ်ယူရသည်။ ပြန်ရောင်းလျှင် ၂၅ ကျပ်သား တစ်စီးကို ကျပ် ၁၀၀၀ နှုန်းဖြင့် တစ်ပိဿာ ကျပ် ၄၀၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချကြောင်း သိရသည်။ စစ်ကိုင်းမှထွက်ရှိသော တရုတ်ဆီးသီးများမှာ အလုံးကြီးပြီး အသားထူ၍ အရသာမှာ ချိုသည်။

စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် တရုတ်ဆီးသီးများကို စိုက်ပျိုးထားပြီး နှစ်ရှည်သီးပင်ဖြစ်သောကြောင့် မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေရရှိသော သီးနှံဖြစ်ကာ စစ်ကိုင်းမြို့ထွက် တရုတ်ဆီးသီးကို လူကြိုက်များနေပြီး အလွန်နာမည်ကြီးကြောင်း သိရသည်။

**ယဉ်အောင်**

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ ဇူလိုင် ၂ ရက်တွင် တရုတ်နိုင်ငံ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) အာရှရေးရာဌာနသို့ ဆက်လက်အကြောင်းကြားထားကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသို့ သကြားတင်ပို့နေခြင်းသည် မှောင်ခိုသဘောမျိုးဖြစ်နေသည့်အတွက် တရားဝင် ကိုတာပုံစံမျိုးဖြင့် သတ်မှတ် တင်ပို့နိုင်မည်ဆိုပါက တင်ပို့ရောင်းချသူများအတွက် အဆင်ပြေမည်ဖြစ်ပြီး တရားဝင်ရောင်းဝယ်ခွင့်ပြုခြင်းကြောင့် တရုတ်နိုင်ငံဘက်မှ ဝယ်လက်ကုန်သည်များ အနေဖြင့်လည်း အခွန်အခနည်းလာသည့်အတွက် ဝယ်ယူလာနိုင်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံလုပ်ငန်းရှင်များသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငြေးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းသကြားထုတ်လုပ်သူများနှင့် ကြံစိုက်တောင်သူများသည် သကြားဈေး ကျဆင်းမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသဖြင့် တရုတ်နိုင်ငံဘက်သို့ တရားဝင်တင်ပို့ခွင့် ရရှိနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ နှစ်အလိုက် ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၉၈၂၉၅ ဧက၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၀၅၈၅၆ ဧက၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၀၃၆၇၀ ဧက၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄၄၄၉၄၄ ဧက၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၄၅၀၉၃၀ ဧကရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၃၅၂၅၅၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၁၇ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၄၅ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၅-၄၆၇ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၅-၅၂၂ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်၊ အမေရိကန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် သကြားဈေးနှုန်းများ ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လဆန်းပိုင်းအတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၇၇ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၁၇ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၄၀ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၅ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၂ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီး များ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံနှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရ သည်။

Trading Economics Website ၏ ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ပထမပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၂၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

# ကယားပြည်နယ်၌ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ကွင်းဆင်းဆောင်ရွက်

ဇူလိုင် ၉ ရက်တွင် ကယားပြည်နယ်တွင်းရှိ အငယ်စား၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ငွေကြေးအရင်းအနှီး အထောက်အပံ့များ ရရှိနိုင်ရေးဆိုင်ရာ အသိပညာများ၊ နည်းပညာများ၊ အရည်အသွေး၊ ဈေးကွက် မြှင့်တင်ပေးနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများမြှင့်တင်ပေးနိုင်ရေးအတွက် ကုန်စုံဆိုင်၊ စတိုးဆိုင် လူသုံးကုန် ရောင်းဝယ်မှုလုပ်ငန်း၊ စားသောက်ဆိုင်၊ စားသောက်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများကို ကွင်းဆင်းစုံစမ်းမေးမြန်းခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် လုပ်ငန်းရှင်တစ်ဦးက မိမိတို့ ကယားပြည်နယ်တွင် လုပ်ငန်းရှင်များအနေနှင့် မိရိုးဖလာ လုပ်ငန်းများကို အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း၊ ချေးငွေကိစ္စနှင့် လုပ်ထုံးလုပ်နည်းများ၊ ကြန့်ကြာနေမှုများအကြောင်း၊ MSMEs လုပ်ငန်းများအတွက် ဈေးကွက်သစ်နှင့် အခွင့်အလမ်းများ အထောက်အကူပြုစေရေး၊ မူပိုင်ခွင့် ကာကွယ်ရေးဆိုင်ရာ အကူအညီပေးသည့် အရင်းအမြစ်များအကြောင်း၊ ဈေးကွက်ရှာဖွေရာတွင် အွန်လိုင်း၊ Facebook အရင်းအမြစ်များအကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ လုပ်ငန်းများ လည်ပတ်မှု လျော့ကျလာခြင်းအခြေအနေများ၊ ခရီးသွားလာရေးနှင့်ပတ်သက်၍ ယာယီကုန်သွယ်မှု ကန့်သတ်ချက်ဆိုင်ရာ သတင်းအချက်အလက်များ၊ အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို အစိုးရဌာနများက ပေါင်းစပ်ကူညီမှုများ လိုအပ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များမှ SME ချေးငွေများ အဆင်ပြေချောမွေ့စွာရရှိနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ငြိမ်းဝေနှင်း (လွိုင်ကော်)**

# ရေနံချောင်းမြို့နယ်၌ ရော်ဘာစိုက်ကေ တစ်ရာကျော်စိုက်ဖြစ်




မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ရော်ဘာပင်ကို ပရဆေးအဖြစ် တစ်ပိုင်တစ်နိုင်စိုက်ကြရာ ဝင်ငွေ ရသည့် နှစ်ရှည်ပင် တစ်မျိုးအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဈေးကွက် အနေအထားကတော့ ပရဆေးကုန်မို့ ပုံမှန်အဝယ်ရှိတယ်။ ဈေးအတက်အကျရှိကောင်း ရှိနိုင်တယ်။ စိုက်ထားတဲ့ မိတ်ဆွေတွေမှာ တစ်နှစ်ကို ကျပ် ၁၄-၁၅ သိန်းလောက်ဝင်နေတာ။ လက်ရှိဝင်ငွေရနေကြတာပါ" ဟု ရေနံချောင်းမြို့နယ်က တောင်သူ ကိုလှဖုံးက ပြောသည်။

ယခုနှစ်မိုးရာသီတွင် ဇူလိုင် ၆ ရက်အထိ ရေနံချောင်းမြို့နယ်တွင် ရော်ဘာပင် ၁၁၆ ဧက စိုက်ပျိုးထား ရှိကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ



ဇူလိုင်၁ ရက်မှ ၇ ရက်အထိ သီရိမင်္ဂလာဈေးရှိ၊ သစ်သီးဝလံကုန်စည်ဒိုင်၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများမှာ မြင်းခြံမှ ဖရဲ (၈၅၅) အသေးတစ်လုံးကျပ် ၂၀၀၀၊ အလတ်ကျပ် ၃၅၀၀၊ အကြီးကျပ် ၄၀၀၀၊ သံတောနှင့်ဝမ်းတွင်းမှ ဖရဲ (၂၁၁) အသေးတစ်လုံးကျပ် ၁၀၀၀ မှ ၁၅၀၀ ကြား၊ အလတ်ကျပ် ၁၈၀၀၊ အကြီး ကျပ် ၂၀၀၀၊ ရေးမှ ဒူးရင်းသီး အသေးတစ်လုံးကျပ် ၁၅၀၀ မှ ၂၀၀၀ ကြား၊ အလတ်ကျပ် ၃၀၀၀ မှ ၃၅၀၀ ကြား၊ အကြီး ကျပ် ၄၅၀၀ မှ ၆၀၀၀ ကြား၊ သီပေါနာနတ်သီး အသေးကျပ် ၃၀၀၊ အလတ် ကျပ် ၅၀၀၊ အကြီး ကျပ် ၇၀၀ ဈေးတို့ရှိကြောင်း သိရှိရသည်။

မှော်ဘီနှင့်တိုက်ကြီးမှ ကီလိုမာလကာ အသေးတစ်လုံးကျပ် ၂၀၀၊ အလတ်ကျပ် ၃၀၀၊ အကြီးတစ်လုံးကျပ် ၄၀၀၊ ဖျာပုံ၊ ကျိုက်လတ်မှ သံပရာသီး အသေးတစ်လုံး ၂၅ ကျပ်၊ အလတ်ကျပ် ၃၀၊ အကြီး ၃၅ ကျပ်၊ ပြင်ဦးလွင်နှင့် ပုပ္ပားမှ နဂါးမောက်သီး(အနီ)မှာ ၂၄လုံးပါသော ဂျပ်ဖာတစ်ဖာလျှင် ကျပ် ၇၀၀၀၊ ၁၈ လုံးပါသော တစ်ဖာမှာ ကျပ် ၁၀၀၀၀ ဈေးတို့ရှိကြသည်။ ကသာမှ သရက်သီး (ရင်ကွဲ) အိတ်စွပ်မှာ အလုံး ၁၂၀ မှ ၁၃၀ ထိပါသော သေတ္တာတစ်လုံးလျှင် ကျပ် ၁၆၀၀၀၊ ၉၅ လုံးမှ ၁၀၀ အထိပါသော သေတ္တာမှာ ကျပ် ၁၈၀၀၀ နှင့် သရက်(ရင်ကွဲ) ရိုးရိုးမှာ အလုံး ၁၂၀ မှ ၁၃၀ ထိပါသော သေတ္တာတစ်လုံးလျှင် ကျပ်၁၀၀၀၀၊ ၉၅ လုံးမှ ၁၀၀ အထိပါသော သေတ္တာမှာ ကျပ် ၁၃၀၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးသစ်ရှိ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမာန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း MFVP မှ သိရှိရသည်။

**ဇေယျာလင်း**

## စာမျက်နှာ (၁၈) တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲများ တင်ပို့မည့် ကုမ္ပဏီ . . . မှအဆက်

စာမျက်နှာ (၁၈) ... မှအဆက်

အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China - GACC) ဟု ပြင်ဆင်ဖွဲ့စည်းကာ မူရင်းအကောက်ခွန်ကိစ္စရပ်များအပြင် AQSIQ မှ တာဝန်ယူဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များကိုပါ ဆောင်ရွက်လာခဲ့သည်။ နယ်စပ်ဒေသများ၌ ကုန်သွယ်မှုဆောင်ရွက်ရာတွင် တရားမဝင် ဆောင်ရွက်နေမှုများရှိနေခြင်းအပေါ် တင်းကြပ်သည့်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ချုပ်ကိုင်ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခင်က မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွယ်ကူစွာတင်ပို့ခဲ့သည့် မြန်မာ့ပို့ကုန်အများစုသည် SPS ဆိုင်ရာ အခက်အခဲများ ပိုမိုတွေ့ကြုံလာခဲ့ရသည်။

တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေး အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(AQSIQ)နှင့် လက်မှတ်ရေးထိုးခဲ့သည့်စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေးသဘော တူစာချုပ်မှာ ဆန်တင်ပို့နိုင်ရန်အတွက်သာ ဖြစ်နေခဲ့ခြင်းကြောင့် ဆန်အပြင် ဆန်ကွဲအားထပ်မံဖြည့်စွက်၍ စစ်ဆေးခြင်းနှင့်ပိုးမွှားကင်း စင်ရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံ အကောက်ခွန်အထွေအထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နှင့်ချိတ်ဆက်ညှိနှိုင်းခဲ့ကြသည်။ ထိုသို့ ညှိနှိုင်းဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတမစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခွင့်ရရှိရန်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ ရက်တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အကောက်ခွန်အထွေအထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ဝန်ကြီးတို့က လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

အဆိုပါသဘောတူစာချုပ်အရ မြန်မာနိုင်ငံဘက်မှ ဆန်တင် ပို့မည့် ကုမ္ပဏီ ၄၃ ခုနှင့် ဆန်စက် ၇၉ လုံးတို့ကို တရုတ်နိုင်ငံဘက်မှ အရည်အသွေးစစ်ဆေးရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ စေရေးနှင့် တရုတ်နိုင်ငံ အကောက်ခွန် အထွေအထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်နိုင်ရေးတို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရန်အတွက် မှတ်ပုံတင်လျှောက် ထားသည့်ကုမ္ပဏီများ၏ အချက်အလက်များအား SPS Protocol နှင့်အညီ စနစ်တကျစစ်ဆေးခဲ့ပြီး တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့် မြန်မာကုမ္ပဏီ ၄၃ ခုနှင့် ဆန်စက် ၇၉ လုံးတို့အား စစ်ဆေးထားသည့် Inspection Report ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် တရုတ်နိုင်ငံ GACC သို့ ပေးပို့နိုင်ခဲ့သည်။ ထိုကဲ့သို့သက်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့်ကုမ္ပဏီ ၄၃ ခုအား မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။ ယခင်က တရုတ်နိုင်ငံဘက်မှ ခွင့်ပြုခဲ့သည့် ကုမ္ပဏီ ၁၁ ခုသာ ရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း ကုမ္ပဏီ ၄၃ ခုအထိ တရုတ်နိုင်ငံဘက်သို့ ဆန်နှင့်ဆန်ကွဲများ တရားဝင် တိုးတက်တင်ပို့နိုင်တော့မည်ဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံဘက်သို့ မြန်မာနိုင်ငံဘက်မှ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စာရင်းများအရ ဆန်တန်ချိန်မှာ ၁၈ ဒသမ ၃၆၆ သိန်းနှင့် ဆန်ကွဲတန်ချိန် ၅ ဒသမ ၁၉၃ သိန်းနီးပါး တင်ပို့နိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် (အောက်တိုဘာလမှဇူလိုင်လ၇ ရက်အထိ) စာရင်းအရဆန် တန်ချိန်မှာ ၁၃ ဒသမ ၇၅၈ သိန်းနှင့်ဆန်ကွဲ တန်ချိန် ၇ ဒသမ ၉၀၈ သိန်း ကျော် တင်ပို့နိုင်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်း ယှဉ်ပါက ဆန်တန်ချိန်လေးသိန်းကျော် လျော့နည်းတင်ပို့ခဲ့ပြီး ဆန်ကွဲတန်ချိန်သုံးသိန်းနီးပါး ပိုမိုတင်ပို့နိုင်ခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆန်၊ ဆန်ကွဲအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံများ၊ ရေထွက်ကုန်ပစ္စည်းများအား တရုတ်နိုင်ငံသို့ အခက်အခဲမရှိ ပိုမိုတိုးတက်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) နှင့် အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တို့ထံ သံတမန်လမ်းကြောင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

# မွေးမြူထုတ်လုပ်ရေးဇုန်များနှင့် သုတေသန ဖွံ့ဖြိုးရေးစင်တာကို ကန်ဒေါ်လာ သန်း ၁၀၀ အကုန်ကျခံ တည်ဆောက်မည်

တရုတ် - မြန်မာ စီးပွားရေး စင်္ကြံတစ်လျှောက် ဖော်ဆောင်မည့် မွေးမြူထုတ်လုပ်ရေးဇုန်များနှင့် သုတေသန ဖွံ့ဖြိုးရေးစင်တာကို ၂၀၂၀ ပြည့်နှစ်မှ စတင်၍ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အကုန်ကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖော်ဆောင်ခြင်းဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ဖြစ်ကြောင်း ယင်းဌာန ညွှန်ကြားရေးမှူး ဒေါက်တာနှင်းသီတာမြင့်က ဇူလိုင် ၈ ရက်တွင် ပြောသည်။

"ကျွန်မတို့အနေနဲ့ ဒီ စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှာ ဦးစားပေး ဖော်ဆောင်သွားဖို့စီစဉ်ထားပါတယ်။ ဝန်ကြီးဌာနအနေနဲ့ တခြား ပြည်နယ်နဲ့ တိုင်းများကိုလည်း တိုးချဲ့သွားနိုင်ဖို့ မျှော်မှန်းထားပါတယ်"ဟု ၎င်းက ပြောသည်။

ယင်း စီမံကိန်းအတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ်တွင်ရှိသည့် မွေးမြူရေး သုတေသနနှင့် ဖွံ့ဖြိုးရေး စင်တာမှလည်း မွေးမြူထုတ်လုပ်ခြင်း၊ ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ သုတေသနနှင့် သင်တန်းများကို ထောက်ပံ့ ကူညီပေးမည် ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော ယာယီခွင့်ပြုချက်အရ မြန်မာ့ မွေးမြူရေးသမားများသည် နိုင်ငံခြား တိုင်းပြည်များသို့ ကျွဲ၊ နွားများ တင်ပို့ ရောင်းချခဲ့ကြရာ ယင်းသို့ တင်ပို့သောအခါတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အခန်းကဏ္ဍသည် တိရစ္ဆာန် ကျန်းမာရေးကို စစ်ဆေးရန်နှင့် ရောဂါကင်းစင်သည့် တိရစ္ဆာန်များအတွက် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန်ဖြစ်ကြောင်း သိရသည်။

"ဒီ စီမံကိန်းဟာ နိုင်ငံရဲ့ မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေး စနစ်တွေနဲ့ နွားမွေးမြူရေးလုပ်ငန်းကိုလည်း တိုးတက်စေနိုင်မှာ ဖြစ်ပါတယ်"ဟု ဒေါက်တာနှင်းသီတာမြင့်က ပြောသည်။

ထို့ပြင် အဆိုပါ စီမံကိန်းမှ မွေးမြူရေး ထုတ်ကုန်များ၏ ကုန်သွယ်မှုကို တိုးမြှင့်နိုင်ခြင်း၊ ရေရှည်တည်တံ့ ခိုင်မြဲသော သုတေသနများမှတစ်ဆင့် တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်စေနိုင်ခြင်း၊ မွေးမြူထုတ်လုပ်မှုတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ပန်းဆု**



# လယ်ယာကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းသုံးရပ်ကို ကန်ဒေါ်လာ ၃၅ သန်းဖြင့် အကောင်အထည်ဖော်မည်

သမဝါယမအသင်းများမှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသုံးရပ်ကို အမေရိကန်ဒေါ်လာ ၃၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကဏ္ဍ သုံးခုမှာ သမဝါယမအသင်းများမှ တစ်ဆင့် လယ်သမားများအတွက် စိုက်ပျိုးရေး သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ တောင့်တင်း ခိုင်မာရေးအတွက် ငွေကြေး ထောက်ပံ့ပေးခြင်း၊ သမဝါယမ ကန်ထရိုက် လယ်ယာစနစ် (Cooperative Contract Farming) ဆောင်ရွက်မည့် သမဝါယမအသင်းများကို ငွေကြေး ထောက်ပံ့ပေးခြင်းများဖြစ်ကြောင်း ယင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ဇူလိုင် ၉ ရက်တွင် ပြောသည်။

"မြန်မာ့ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေး စီမံကိန်းအမည်နဲ့ ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အနက်ကနေ ဒေါ်လာ ၃၅ သန်း အသုံးပြုသွားမှာ ဖြစ်ပါတယ်။ လယ်ယာထုတ်ကုန်သီးနှံ တိုးမြှင့် ထုတ်လုပ်ရေး ကွင်းဆက်တစ်လျှောက် တတ်နိုင်တဲ့အပိုင်းမှာ သမဝါယမ အသင်းတွေက ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ သမဝါယမဦးစီးဌာနသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကို ရှေးရှု၍ အသင်းသား ပြည်သူ ၄ ဒသမ ၂ သန်းခန့် ပါဝင်သည့် သမဝါယမ အသင်းပေါင်း ၃၉၉၂၉ ခန့်ကို ဖွဲ့စည်းထားရှိပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ဌာနအနေဖြင့် လက်ရှိတွင် သမဝါယမ အသင်းသားများအတွက် ပံ့ပိုးချေးငွေလုပ်ငန်း၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများအား Hire Purchase စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ လယ်ယာ ဝန်ဆောင်မှုလုပ်ငန်း၊ သွင်းအားစု ပံ့ပိုးထောက်ပံ့ခြင်းလုပ်ငန်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ အသင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ စံနမူနာပြမြို့နယ်များ ဖြစ်ပေါ်လာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးမှုသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်တွင် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည် တိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**ပန်းဆု**

# ထိုင်းနိုင်ငံနှင့် ပြောင်းဆန်အရောင်းအဝယ် စာချုပ်သက်တမ်း ထပ်တိုးရန် စီစဉ်နေ

မြန်မာ့ပြောင်းဆန်ကို ထိုင်းနိုင်ငံမှ ဝယ်ယူရန်အတွက် MoU လက်မှတ် ရေးထိုးမှု စာချုပ်အရ သက်တမ်း သုံးနှစ်ပြည့်တော့မည် ဖြစ်သည့်အတွက် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ပြင်ဆင်နေကြောင်း မြန်မာ့ပြောင်းဆန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနှင့် ထိုင်းနိုင်ငံ ပြောင်းဆန် အရောင်းအဝယ် စာချုပ်ကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ်လပိုင်းတွင် ရေးထိုးခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် သုံးနှစ်သက်တမ်း ပြည့်တော့မည်ဖြစ်သည့်အတွက် စာချုပ်သက်တမ်း ထပ်မံတိုးရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း အဆိုပါ အသင်းအတွင်းရေးမှူး ဦးသန့်ဇင်ထွန်းက ဇူလိုင် ၇ ရက်တွင် ပြောသည်။

"စာချုပ်ကို သုံးနှစ် ဒါမှမဟုတ် ငါးနှစ် အသစ်ထပ်တိုးနိုင်ဖို့ စီစဉ်ထားတယ်။ ပြောင်းဆန်ဈေးတွေကတော့ သကြ်န်မတိုင်ခင်က ၄၅၀ လောက်ပဲရှိပြီး အခု ၆၀၀ ဝန်းကျင်ရှိတယ်။ ထိုင်းကလည်း ပြည်တွင်းက စက်ရုံတွေရဲ့ ဈေးအတိုင်း ပေးဝယ်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မြန်မာ့ပြောင်းဆန်ကို ထိုင်းနိုင်ငံမှ ၎င်းတို့နိုင်ငံ၏ ပြောင်းဆန်ထွက်ရှိသည့် ရာသီမှလွဲ၍ ဝယ်ယူနေခြင်းဖြစ်ပြီး ယခုကာလတွင် ထိုင်းနိုင်ငံ၏ ဝယ်ယူမှု မြင့်တက်နေကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းအစာ စက်ရုံများ၏ လိုအပ်ချက်များကြောင့် လက်ရှိဈေးကွက်အတွင်း ပြောင်းဆန် တစ်ပိဿာလျှင် ၆၀၉ ကျပ်အထိ ဈေးနှုန်း မြင့်တက်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ မြန်မာ့ပြောင်းဆန်များကို ပထမဆုံးအကြိမ်အဖြစ် တစ်နှစ်ပတ်လုံး ဝယ်ယူရန် MoU လက်မှတ်ရေးထိုးရန် စီစဉ်ထားသော်လည်း ယင်းနိုင်ငံ၏ ပြောင်းစိုက်တောင်သူများက ကန့်ကွက်မှုများ ရှိနေကြောင်း သိရသည်။ **ပန်းဆု**

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကုန်သွယ်မှုအခြေအနေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ပြန့်ပွားခဲ့သည့် ကူးစက်မြန်အဆုတ်ရောင်ရောဂါ ကိုဗစ်-၁၉ သည် ကမ္ဘာ့နိုင်ငံများသို့ ပြန့်ပွားခဲ့ပြီး မြန်မာနိုင်ငံသို့လည်း ပျံ့နှံ့ရောက်ရှိခဲ့ရာ ကုန်သွယ်မှုလုပ်ငန်းများအပေါ် အထိုက်အလျောက်ထိခိုက်မှုရှိခဲ့သည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကိုဗစ်ကာလ (ဧပြီ၊မေ၊ဇွန်)အတွင်း ကုန်သွယ်မှုအခြေအနေမှာ (MOGE မှတင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်း တန်ဖိုးများမပါ) ဧပြီလတွင် ကုန်သွယ်မှုပမာဏသုည ဒသမ ၈၈၉ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက် သုည ဒသမ ၇၀၀ ဒေါ်လာသန်းအပေါ် ၁၂၇ ရာခိုင်နှုန်း၊ မေလတွင် ကုန်သွယ်မှုပမာဏ သုည ဒသမ ၈၈၇ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက် သုည ဒသမ ၉၀၀ ဒေါ်လာသန်းအပေါ် ၉၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ ဇွန်လတွင် ကုန်သွယ်မှုပမာဏ သုည ဒသမ ၃၅၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက် သုည ဒသမ ၉၀၀ ဒေါ်လာသန်းအပေါ် ၃၉ ဒသမ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

တင်ပို့ခဲ့သော ပစ္စည်းများအနေဖြင့် လယ်ယာထွက်ကုန် ပစ္စည်းများဖြစ်သည့် ဆီးဖတ်၊ ကြက်သွန်နီ၊ ချင်း(စို)၊ မန်ကျည်းစေ့၊မန်ကျည်းဖတ်၊ ကွမ်းသီး၊ ဆီးသီးခြောက်၊ ကုလားပဲ၊ နနွင်းတက်၊ တညင်းသီး၊ ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ငါးခေါင်းပွ၊ စက်မှုကုန်ချောပစ္စည်းများဖြစ်သည့် ဆီးယိုထုပ်၊ လုံချည်တို့ တင်ပို့နိုင်ခဲ့ပြီး တင်သွင်းခဲ့သောပစ္စည်းများအနေဖြင့် ပိတ်စ၊ တီရှပ်၊ ပလတ်စတစ်ရေတိုင်ကီ၊ သတ္တုရေအိုး၊ ပလတ်စတစ်ပိုက်တို့ တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်နှုန်း မြင့်လာသည့်အတွက် ၂၀၂၀ ပြည့်နှစ် မတ်လခန့်မှ စပြီး ကုန်သွယ်မှုလုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့သော် တစ်ဖက်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်၊ စားသုံးမှုလိုအပ်ချက်အရ စားသောက်ကုန်ပစ္စည်းများကို တင်သွင်းခွင့်ပြုခဲ့ခြင်းကြောင့် စစ်တွေကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ခိုးဝင်သူများမှတစ်ဆင့် မောင်တောမြို့တွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာ စတင်တွေ့ရှိခဲ့ပြီး မောင်တောနယ်စပ်ကုန်သွယ်မှုများ ယာယီရပ်ဆိုင်းခဲ့သော်လည်း စစ်တွေနယ်စပ်မှ ကုန်သည်များအနေဖြင့် စားသောက်ကုန်ပစ္စည်းများကို ပုံမှန်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလနှင့် မေလများတွင် ပုံမှန်တင်ပို့/တင်သွင်းနိုင်ခဲ့သည်။ သို့သော် ဇွန်လနောက်ပိုင်းမှစ၍ ဇူလိုင် ၇ ရက်ထိ နယ်စပ်ကုန်သွယ်မှုများ ရပ်ဆိုင်းလျက်ရှိကြောင်း၊ ကုန်သည်များအနေဖြင့် ကုန်ပစ္စည်းတင်ပို့ခွင့်ရသည့် အချိန်တွင် အဆင်သင့် တင်ပို့နိုင်အောင် ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကုန်သည်များထံမှ စုံစမ်း သိရှိရသည်။

**ညီညီအောင် (စစ်တွေ)**

# ကိုဗစ်-၁၉ နှင့် မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ဝင်းကို-၂ (မောင်တော)

ကုန်သွယ်မှုဟုဆိုရာတွင် မိမိနိုင်ငံက ထွက်ရှိသည့် သဘာဝထွက်ကုန်များ၊ ကုန်ကြမ်းများကို ပြုပြင်ထုတ်လုပ်ထားသော ကုန်ချောထုတ်ကုန်များနှင့် လက်ခစားစနစ် (CMP) ဖြင့်ထုတ်ကုန်များအပါအဝင် မိမိနိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက်အရ ကုန်သွယ်ဖက်နိုင်ငံများမှ မိမိနိုင်ငံအတွက် လိုအပ်သော ကုန်ပစ္စည်းများကို တင်သွင်းခြင်းဖြစ်သည်။ ထိုသို့တင်ပို့ခြင်းနှင့် တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအကျဆုံးအချက်မှာ ပို့ဆောင်ရေးလမ်းကြောင်းများဖြစ်ပြီး ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းနှင့်လေကြောင်းဟူ၍ သုံးမျိုးရှိသည်။

နိုင်ငံများအနေဖြင့် မိမိနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် လမ်းကြောင်းများဖြင့် တင်ပို့တင်သွင်းခြင်းများကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါလမ်းကြောင်းသုံးခုစလုံးကို ပိုင်ဆိုင်ထားသည့် အချက်အချာကျသောနိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ရေကြောင်း၊ လေကြောင်းအပြင်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများဖြင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ နယ်စပ်ကုန်သွယ်မှုတွင် မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်း၊ ပို့ကုန်/ သွင်းကုန်ရုံးများဖြင့် ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များအပါအဝင် အခြေခံအလုပ်သမားများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်း၊ ပို့ကုန်သွင်းကုန်ရုံးများအနေဖြင့် တရုတ်မျက်နှာစာတွင် မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်း၊ ပို့ကုန်သွင်းကုန်ရုံး ကျိုင်းတုံနှင့် မြစ်ကြီးနားတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ထိုင်းမျက်နှာစာတွင် မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်း၊ မြိတ်ကုန်သွယ်ရေး စခန်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ မယ်စဲ့ကုန်သွယ်ရေးစခန်း၊ ထီးခီးကုန်သွယ်ရေးစခန်း၊ မော်တောင်ကုန်သွယ်ရေးစခန်း၊ အိန္ဒိယမျက်နှာစာတွင် တမူး၊ ရိဒ်၊ ထန်တလန်ကုန်သွယ်ရေးစခန်းများ၊ ဘင်္ဂလားဒေ့ရှ်မျက်နှာစာတွင် စစ်တွေ၊ မောင်တောကုန်သွယ်ရေးစခန်းများ၊ လာအိုမျက်နှာစာတွင် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်ထားပြီး ဝန်ကြီးဌာနမှချမှတ်ထားသော ကုန်သွယ်မှုလျာထားချက်များပြည့်မီကျော်လွန်စေရေး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများ အပြည့်အဝရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်နှင့် ကုန်သွယ်မှုပြုနေသော ရခိုင်ပြည်နယ်ရှိ စစ်တွေနှင့် မောင်တောစခန်းနှစ်ခုအနက် မောင်တောကုန်သွယ်ရေးမှာ ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မ အနောက်ရပ်ကွက်တွင် တည်ရှိပြီး မောင်တောကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှု ဆောင်ရွက်နေသော တစ်ဖက်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်မြို့ (Teknaf)၊ ကော့စ်ဘဇား (Cox's Bazar) ခရိုင်တို့ဖြင့် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည်။ မိမိနိုင်ငံကတင်ပို့သည့် ကုန်ပစ္စည်းများကို တက္ကနပ်မြို့မှတစ်ဆင့် မော်တော်ကားလမ်းဖြင့် ကော့စ်ဘဇားမြို့သို့ တင်ပို့ဖြန့်ဖြူးပြီး ၎င်းမှတစ်ဆင့် မော်တော်ကားလမ်းဖြင့် စစ်တကောင်းမြို့ (Chittagong) သို့လည်း တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ မိမိတို့နိုင်ငံဘက် မောင်တောမြို့မှ တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် မောင်တော-တက္ကနပ်မြို့သို့ ရေလမ်းကြောင်းဖြင့် ခုနစ်မိုင်၊ တက္ကနပ်မြို့-စစ်တကောင်းမြို့သို့ ကားလမ်းဖြင့် ၁၂၄ မိုင်ရှည်လျားကြောင်း၊ မောင်တော ကုန်သွယ်ရေးစခန်းအနေဖြင့်တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ် တက္ကနပ်မြို့ရှိ ဘောင်တောဆိပ်ကမ်းသို့အရောက် မိမိနိုင်ငံထုတ်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိပြီး ဒေသလိုအပ်ချက်အရ တစ်ဖက်နိုင်ငံမှ သွင်းကုန်ပစ္စည်းများကိုလည်း ရံဖန်ရံခါ တင်သွင်းလာကြသည်။

မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် ပို့ကုန်ကို အဓိကအားထားရသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ပြီး ကုန်သွယ်မှု ပိုငွေပြသည့် ကုန်သွယ်ရေးစခန်းထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ယခုဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ရှစ်သန်း၊ သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၀ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ လျာထားချက်အနေဖြင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၀၀ ဒေါ်လာသန်း လျာထားဆောင်ရွက်လျက်ရှိပြီး လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန်လကုန်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၄၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၁၉၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နှစ်လုံးစာ ကုန်သွယ်မှုလျာထားချက်အပေါ် ၁၃၁ ဒသမ ၇၀၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဓိကတင်ပို့လျက်ရှိသည့် ပို့ကုန် ပစ္စည်းမှာ ကြက်သွန်နီ၊ ငါးမြစ်ချင်း၊ ငါးလေးခြောက်၊ ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်၊ ချင်း(အစို)၊ ကုလားပဲ၊ ကြက်သွန်ဖြူ၊ ကွမ်းသီး၊ ဆီးယိုထုပ်၊ ကော်ဖီမစ်တို့ဖြစ်သည်။ သွင်းကုန်ပစ္စည်းများအနေဖြင့် စွပ်ကျယ်အင်္ကျီ၊ ပလတ်စတစ်အိမ် သုံးပစ္စည်းများ၊ ဒန်ရေတကောင်း၊ သံချောင်းစသည်တို့ဖြစ်သည်။ တင်ပို့မှုများနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံ၏ ဈေးကွက်၊ စားသုံးမှုလိုအပ်ချက် ဝယ်လိုအားပေါ်မူတည် ၍ မိမိနိုင်ငံဘက်မှ ရောင်းလိုအားရှိပြီး နိုင်ငံတော်၏အခြေခံစားကုန်များဖြစ်သည့် ဆန်ကိုလည်း ယခင်ဘဏ္ဍာနှစ်များက တင်ပို့နိုင်ခဲ့သည်။

ယခုအခါ မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် ပို့ကုန်တင်ပို့မှုရောင်းလိုအား၊ တစ်ဖက်နိုင်ငံ ၏ ဈေးကွက်၊ စားသုံးမှုလိုအပ်ချက်ရှိသော်လည်း တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ မှာ တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖြစ်ပွားမှုမြင့်တက်လျက်ရှိသည်။ မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်နှင့် ၁၀ ရက်နေ့ထိ နှစ်ရက်သာလျှင် တင်ပို့နိုင်ခဲ့ပြီး ကုန်သွယ်မှုတန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၂၇၃၉၉ ဒေါ်လာ၊ မေလတွင်လည်း ၃၀ ရက် တစ်ရက်သာလျှင်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအနေဖြင့် ၂၁၂၈၉၁ ဒေါ်လာဖြစ်ပါသည်။ တစ်ဖက်ဝယ်လိုအား မိမိဘက်ရောင်းလိုအားရှိသော်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီးသက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းကာ နယ်စပ်ကုန်သွယ်မှုကိစ္စနှင့်စပ်လျဉ်း၍ အစည်းအဝေးများကျင်းပကာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ညှိနှိုင်းဆောင်ရွက်ရာတွင် တစ်ဖက်နိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုဆောင်ရွက်နေသော လုပ်ငန်းများတွင် ရေယာဉ်လုပ်သားများ၊ မော်တော်ယာဉ် ယာဉ်မောင်းများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ဆွေးနွေးခဲ့ကြသည်။ တစ်ဖက်နိုင်ငံသို့ ကုန်စည်ပို့ဆောင်သည့် လှေသမားများက Quarantine ထားရှိရေးကိစ္စနှင့် ကုန်စည်စီးဆင်းမှုမပျက်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ ကြီးကြပ်ဆောင်ရွက်စေရေး ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးမှုအရ မောင်တောမြို့နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ခရိုင်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေရေး ညွှန်ကြားခဲ့သဖြင့် တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းပို့ဆောင်သည့် လှေလုပ်သားများအား သီးခြားထားရှိမည့် အဆောက်အအုံများပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရာတွင် သင့်လျော်မှုရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို ၃၀-၅-၂၀၂၀ ရက်မှစ၍ ပြန်လည် စတင်ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမြင့်တက်လာသဖြင့် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့အပေါ် မူတည်၍ သက်ဆိုင်ရာဒေသများအား အနီရောင်ဇုန် (Red Zone)၊ အဝါရောင်ဇုန် (Yellow Zone)၊ အစိမ်းရောင်ဇုန် (Green Zone) အဖြစ် ဘင်္ဂလားဒေ့ရှ်အစိုးရမှ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မောင်တောကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်မှု ဆောင်ရွက်နေသော တက္ကနပ်မြို့နယ်ပါဝင်သည့် ကော့ဘဇားခရိုင် (Cox's Bazar) အား သက်ဆိုင်ရာ အာဏာပိုင်များမှ အနီရောင်ဇုန် (Red Zone) အဖြစ် သတ်မှတ်ထားခဲ့သဖြင့် အသွားအလာ ကန့်သတ်မှု (Lock Down) ချမှတ်ထားရှိကြောင်း၊ သို့သော်လည်း တစ်ဖက်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကျဆင်းသွားခြင်းမရှိသော်လည်း တက္ကနပ်မြို့တွင် အသွားအလာကန့်သတ် (Lock Down)တားမြစ်ချက်ကို ဇူလိုင် ၁ ရက်မှစ၍ အကန့်အသတ်ဖြင့် နံနက် ၁၀ နာရီမှ ည ၉ နာရီထိ ဖြေလျှော့သွားလာခွင့်ပြုလိုက်ပြီး ဈေးဆိုင်များ၊ ဘဏ်များနှင့် အခြားအရေးကြီးဌာနများကိုလည်း အကန့်အသတ်ဖြင့် ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

မောင်တောခရိုင်တွင် ပိုးတွေ့လူနာ ခုနစ်ဦးအနက် သုံးဦးမှာ စစ်ဆေးချက်အရNegative ဖြစ်၍ ဆေးရုံမှ ဆင်းသွားပြီး ယခု အခါ လေးဦးသာ ကျန်ရှိတော့သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား (Cox's Bazar) ခရိုင်ကိုလည်း ကိုဗစ် -၁၉ ရောဂါကူးစက်မှုနှုန်းမြင့်မားသော ခရိုင်အဖြစ်သတ်မှတ်ပြီး အနီရောင်နယ်မြေ (Red Zone) အဖြစ် သတ်မှတ်ထားသည်။ ကုန်သွယ်ရေးလမ်းကြောင်းအပါအဝင် အခြားတရားမဝင် ဝင်ရောက်မှုများကို တင်းကျပ်စွာ တားမြစ်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုဗစ်-၁၉ ရောဂါအခြေအနေအရ ဘင်္ဂလားဒေ့ရှ်နယ်စပ်လူဝင်/လူထွက်မှုနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားရန် ညွှန်ကြားချက်အရ ၄-၇-၂၀၂၀ ရက်မှစ၍ မောင်တောကုန်သွယ်ရေးစခန်းမှ ကုန်ပစ္စည်း တင်ပို့မှုများကို ခေတ္တရပ်ဆိုင်းလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

■

## ရေနံချောင်း၌ ဒေသမွေးမြူရေးလုပ်ငန်းများအား ဘဏ်စနစ်ဖြင့် ဆောင်ရွက်မည်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သိန်း ၃၀ ဖြင့် မျိုးကောင်းမျိုးသန့်ဒေသ နွားမမွေးမြူရေးလုပ်ငန်းကို မွေးမြူရေးဘဏ်စနစ်ဖြင့် မာန်မြေကျေးရွာအုပ်စု၊ မာန်မြေအရှေ့စုကျေးရွာတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သိရှိရသည်။

"လုပ်ငန်းအကောင်တည်ဖော်ဖို့အတွက် ကော်မတီတွေ ဖွဲ့စည်းပါပြီ။ ငွေကျတာနှင့် ကြမ်းခင်းဈေးတွက်ချက်ပြီး ဆောင်ရွက်မှာပါ။ ဒေသမျိုးကောင်းမျိုးသန့် နွားမ သို့မဟုတ် နွားမတမ်းကိုသာ ပြည်သူကိုယ်တိုင်ဝယ်ယူရမှာ ဖြစ်ပါတယ်။ ဝယ်ယူထားတဲ့နွားကို သုံးနှစ်တစ်ကြိမ် နောက်ထပ်ပြည်သူတွေကို လက်ဆင့်ကမ်းမွေးမြူစေမှာဖြစ်ပါတယ်"ဟု ရေနံချောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဆန်းညွန့်(ရေနံချောင်း)

# ဆားလင်းကြီးမြို့နယ် ကံကုန်ကျေးရွာတွင် ဈေးကွက်ကွင်းဆင်း ဆောင်ရွက်

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်းသည် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ ရက်တွင် ယင်းမာပင်မြို့နယ်အောင်ဇေယျာမြို့သစ်'အေဘယ်' သောက်ရေသန့်လုပ်ငန်းရှင်၊ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာ တိုင်းကျော် ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ခရိုင်အတွင်း လေးမြို့နယ်ရှိ သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေး အထောက်အထားအချက်အလက်များ ပြည့်စုံမှန်ကန်စေရေး ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။



ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ ဆားလင်းကြီးမြို့နယ်တာဝန်ခံ ဒေါ်မိုးမိုးမြင့်နှင့် ယင်းမာပင်မြို့နယ် တာဝန်ခံ ဒေါ်သီတာခိုင်တို့သည် ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ ကုန်မျိုးစုံဆိုင်များအားမြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် ပူးပေါင်းပြီး ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းတို့ မရှိစေရေး ၃၀-၃၀၂၀၂၀ ရက်စွဲပါ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာများအား သိရှိရန် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုဟူးခြောက်လုပ်ငန်းရှင် ၁၀ ဦး အား ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် (၂/၂၀၁၉)ဖြင့် ထုတ်ပြန်ထားသော စားသုံးသူ ကာကွယ်ရေးဥပဒေပါ အခန်း(၁၈) ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနသို့ ကုန်အမှတ်တံဆိပ်များ လာရောက် တင်ပြစေရန် အထက် အဆင့်ဆင့် ဆက်လက်တင်ပြပြီး ပြည့်စုံမှန်ကန်၍ စားသုံးသူအတွက် နစ်နာမှုမရှိစေရေး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် စည်းကမ်းအတိုင်း လိုက်နာ ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းရှင်များ မိခင်ဌာနမှ အသေးစိတ်ချပြမှုကို သိရှိကြောင်း အထောက်အထားမှတ်တမ်းများရယူ၍ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ဇူလိုင် ၉ ရက်တွင် ညောင်ပင်ကြီးကျေးရွာ ဌာနပိုင်မြေအား ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့သည်။

**ခိုင်မို့မို့ (မြင်းမူ)**


## ရေစကြို မြို့မဈေး၌ ကုန်စုံဆိုင်များအား အသိပညာပေး

ဇူလိုင် ၇ ရက် နံနက် ၉ နာရီတွင် ရေစကြိုမြို့ မြို့မဈေး၌ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ မြို့နယ်စည်ပင် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ ပြည်သူများ စားသုံးသူအခွင့်အရေးသိရှိစေရန်နှင့် ကုန် အညွှန်းအမှတ်အသားများတွင် ထည့်သွင်းဖော်ပြရမည့် အချက်များပြည့်စုံစွာ သိရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို ကုန်စုံဆိုင်များအား အသိပညာပေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် အမှတ်(၈)ရပ်ကွက်ရှိ မုန့်မျိုးစုံလုပ်ငန်းရှင်များ၏ နေအိမ်များသို့ အဖွဲ့စုံဖြင့် လုပ်ငန်းရှင်များသိရှိရမည့်ဥပဒေတွင် ပါဝင်သော ကုန်အညွှန်းအမှတ်အသားများတွင် ဖော်ပြရမည့်အချက်များနှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)နှင့်အညီ ပြင်ဆင်ထုတ်လုပ်ရေး ချပြရှင်းလင်း ပြောကြားခဲ့သည်။

**မြတ်မင်း (ရေစကြို)**

## ထားဝယ်မြို့ မြို့မဈေးနှင့် မင်္ဂလာဈေးရှိ အလှကုန် ပစ္စည်းဆိုင်နှင့် ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေး



စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇူလိုင် ၉ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးနှင့် မင်္ဂလာဈေးရှိဈေးဆိုင်များတွင် အများပြည်သူ စားသုံး/ သုံးစွဲရန်မသင့်သော အစားအသောက်များ၊ အလှကုန်ဆိုင်များတွင် သုံးစွဲရန်မသင့်သော အလှကုန်များ ရောင်းချမှုရှိ/မရှိ၊ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဈေးအတွင်းရောင်းချနေသော ကုန်စုံဆိုင်များမှ အများပြည်သူစားသုံးရန်မသင့်သော အစားအသောက်များရောင်းချနေမှုရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး နမူနာပစ္စည်းများကောက်ယူခဲ့သည်။ ဆက်လက်၍ အလှကုန်ပစ္စည်းဆိုင်များတွင်လည်း သုံးစွဲရန်မသင့်ကြေညာထားသော အလှကုန်များရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံ စားသုံးသူကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)နှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် အချက်အလက်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာအောင် ရှင်းလင်းအသိပညာပေးခဲ့ကြောင်း သိရှိရသည်။ **ရွှေဝယ်သား**

## ပြည်ခရိုင်အတွင်းရှိ ဈေးများ၊ မြို့ပေါ်ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်အတွင်းရှိ သဲကုန်းမြို့၊ မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရှိဆေးဝါးဆိုင်များသို့ ဇူလိုင် ၂ ရက်တွင်လည်းကောင်း၊ ပေါင်းတည်မြို့ရှိ ကုန်စုံဆိုင်ကြီးများ၊ စားသောက်ဆိုင်များသို့ ဇူလိုင် ၇ ရက်တွင်လည်းကောင်း၊ ပြည်မြို့ရှိကိုးသောင်းစည်ပင်သာယာဈေးသို့ ဇူလိုင် ၈ ရက်တွင်လည်းကောင်း စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် သက်ဆိုင်ရာ မိတ်ဖက်ဌာနဆိုင်ရာများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဈေးများ ကုန်စုံဆိုင်ကြီးများ ဆေးဝါးဆိုင်များသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် COVID-19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးနှင့် အစားအသောက်ကုန်ပစ္စည်းများအား ဈေးနှုန်း အဆမတန်မြင့်တင်ရောင်းချမှုမရှိစေရေး၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးရန် (သို့မဟုတ်) ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်မှုများမရှိစေရေး၊ ဈေးရောင်းချရာတွင်လည်း COVID-19 ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ရောင်းချရေးတို့အားဆောင်ရွက်ပြီး ရောင်းချနေသော ကုန်ပစ္စည်းများပေါ်တွင် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အခန်း(၁၈)၊ ပုဒ်မ (၄၁)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် သက်ဆိုင်သောအချက်အလက်များ ပြည်စုံမှုရှိ/မရှိ စစ်ဆေးခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် မိမိတို့ ထုတ်လုပ်ရောင်းချသော ကုန်စည်များ၏ ကုန်အညွှန်းအမှတ်အသားများ ပြည်စုံမှန်ကန်မှုရှိ/မရှိအား စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စိစစ်ခွင့်ပြုပေးလျက်ရှိပြီး တင်ပြလျှောက်ထားနိုင်ကြောင်း အသိပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**နိုင်လင်းထွန်း (ပြည်)**

## ပုသိမ်မြို့ပေါ်ရှိ အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ပေါ်ရှိကုန်ပစ္စည်းမျိုးစုံရောင်းချနေသော Z-mall Mini Mark နှင့် Ocean Super Center အရောင်းဆိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာဌာနများမှ တရားဝင်တားမြစ်ထားသော အလှကုန်နှင့် ဆေးပစ္စည်းများ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်း မပြုရန်နှင့် စားသုံးသူကာကွယ်ရေး ဥပဒေအခန်း ၁၈၊ ပုဒ်မ ၄၁ အရ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ရောင်းချနိုင်ရေး ကွင်းဆင်းအသိပညာပေးစစ်ဆေးခဲ့ပြီး COVID-19 ကာလအတွင်း အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု အမိန့်ကြော်ငြာစာအရ ဈေးနှုန်းမြင့်တင်ရောင်းချခြင်း သိုလှောင်ရောင်းချခြင်းများမပြုလုပ်ရန် အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ကျိုင်းတုံမြို့နယ်ရှိ ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေး


ရှမ်းပြည်နယ် (အရှေ့ပိုင်း) စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ကျိုင်းတုံမြို့မှ ဝန်ထမ်းများသည် ဇူလိုင် ၈ ရက်တွင် ကျိုင်းတုံမြို့နယ်ရှိ မိုင်းလပ်ကျေးရွာအုပ်စု၊ ဝမ်တုံရွာနှင့် ပြည်ငြိမ်းအေးအိမ်ရာများသို့ ဈေးကွက်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ကုန်ပစ္စည်းရောင်းချသော ကုန်စုံဆိုင်ပိုင်ရှင်များအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စွာ ဖော်ပြရေး၊ သတ်မှတ်ချက်နှင့်ညီသော ကုန်ပစ္စည်းများကိုသာ ရောင်းချဖြန့်ဖြူးရေး၊ တားမြစ်ကုန်ပစ္စည်းများ၊ သက်တမ်းလွန်ကုန်ပစ္စည်းများ၊ အချက်အလက်မပြည့်စုံသော ကုန်ပစ္စည်းများမရောင်းချရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

**အိုက်ဝမ်း (ကျိုင်းတုံ)**

# ဂရုပြုဖွယ် သိုလှောင်သီးနှံဖျက်ပိုး

မာမာလွင် (CTQM)






ယနေ့ကမ္ဘာ့နိုင်ငံ အများအပြားရင်ဆိုင်နေရသော COVID-19 ခေါ် ကူးစက်မြန်ရောဂါကို တုံ့ပြန်ဆောင်ရွက်ကြရာတွင် ကဏ္ဍအလိုက် စီမံချက်များ ရေးဆွဲတုံ့ပြန်လျက်ရှိသည်။ ကျန်းမာရေးကဏ္ဍမှ ရောဂါပိုးမကူးစက်စေရေးအတွက် ကန့်သတ်ထိန်းချုပ်နေရေးဆောင်ရွက်သကဲ့သို့ အသွားအလာ ကန့်သတ်မှုများပြုလုပ်ထားရသော အခြေအနေတွင် နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာတွင် အရေးပါသော ဆန်ကို အရေးပေါ်အနေဖြင့် စုဆောင်းသိုလှောင်လျက်ရှိသည်။ ထိုသို့ စုဆောင်းသိုလှောင်သောအခါ အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ ထိခိုက်မှုများလျော့နည်းစေရေးအတွက် ကောင်းမွန်သော သိုလှောင်မှုစနစ်ကျင့်စဉ်များအတိုင်း ကျင့်သုံးရန်နှင့် သီးနှံသိုလှောင်စဉ်ကျရောက်နိုင်သည့် သိုလှောင်သီးနှံဖျက်ပိုးတို့၏ အန္တရာယ်မှ ကာကွယ်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပိုးမွှားများ၏ ရှင်သန်မှုဘဝဖြစ်စဉ်ကို စေ့ငု၍ ထိန်းချုပ်ကာကွယ်ရေး နည်းလမ်းများကို မဖြစ်မနေလေ့လာ၍ လုပ်ဆောင်ရန်လိုအပ်ပါသည်။ သို့ပါ၍ သိုလှောင်သီးနှံများတွင် ကျရောက်တတ်သော အမည်ဆိုးဖြင့် ကျော်ကြားသည့် ပိုးတစ်မျိုးအကြောင်းကို အသေးစိတ် တင်ပြလိုပါသည်။

TROGODERMA GRANARIUM (Everts) Khapra Beetle ခါပရာဘီတယ်ဟုခေါ်သော ပိုးအမည်ကို ကမ္ဘာ့သီးနှံရောင်းဝယ်ရေးလောကရှိ ကုန်သည်ကြီးများနယ်ပယ်တွင် မသိသူရှားလှပါသည်။ ကြားရသူတိုင်းက စိုးရွံ့ထိတ်လန့်စွာ ခါးသီးတားမြစ်ကြတော့သည်။ ကုန်ပစ္စည်း သီးနှံနှင့် သီးနှံထွက်ပစ္စည်းများကို ဝယ်ယူတင်သွင်းကြရာ၌ မတင်သွင်းမီကပင် လိုလားချက်များတောင်းဆိုချက်များ အဆိုပြုကြရာတွင် ‘ခါပရာဘီတယ်’ ပိုးကင်းစင်ရေးမှာ အရေးကြီးဆုံးတောင်းဆိုချက်ပင် ဖြစ်ပါသည်။ အခြားပိုးများကျပါက သီးနှံတွင် အခွံသော်လည်းကောင်း အဆန်သော်လည်းကောင်း ကျန်ကောင်းကျန်နိုင်မည်ဖြစ်သော်လည်း ခါပရာဘီတယ်ပိုးကျပါက အခွံအစအနပင် မကျန်အောင်စားသောက် ဖျက်ဆီးပစ်လေ့ရှိသည်။ ဓာတ်ခွဲခန်းတွင် မွေးမြူ၍လေ့လာကြည့်ရာတွင် ထည့်ထားသော အစာကုန်သွားသည်နှင့် ပလတ်စတစ်ခွက်များကိုပင် ကိုက်ဖဲ့စားသောက်ပစ်ကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ခါပရာဘီတယ်ပိုးသည် သိုလှောင်သီးနှံများအတွက် အလွန်ပင် ကြောက်မက်ဖွယ်ရာကောင်းသော သီးနှံဖျက်ပိုးပင်ဖြစ်ပါသည်။

ခါပရာဘီတယ် သီးနှံဖျက်ပိုး၏ ဇာတိဒေသမှာ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ဖြစ်ပါသည်။ ထိုပြည်နယ်ရှိ အုတ်နှင့် တည်ဆောက်ထားသော သိုလှောင်ရုံကို အိန္ဒိယနိုင်ငံ၏ ဒေသန္တရ အခေါ်အဝေါ်အားဖြင့် ခါပရာဟု ခေါ်ပါသည်။ ခါပရာဘီတယ်တို့သည် ၎င်းသိုလှောင်ရုံများ၏ အုတ်နံရံအကြိုအကြားတွင် ခိုအောင်းနေသည်ကို စတင်တွေ့ရှိခဲ့ပြီး ထိုသို့တွေ့ရှိရာ နေရာဒေသကို အစွဲပြုကာ ‘ခါပရာဘီတယ်’ ဟုခေါ်ဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤအဖျက်ပိုးကို ကိမိလဗေဒ ပညာရှင်ကြီး (Everts) က ၁၇၈၅ ခုနှစ်က မျိုးရင်း Dermestidae ခေါ် တိရစ္ဆာန် သားရေများတွင် ကျရောက်သော ပိုးအုပ်စု၌ ထည့်သွင်းခဲ့ပြီး ယင်းမျိုးရင်းဝင်ပိုး ၁၈ မျိုးရှိသည့်အနက် ဤပိုးတစ်ကောင်သာ သီးနှံနှင့် သီးနှံထွက်ပစ္စည်းများကို စားသောက်တတ်ကြောင်း သိရှိရသည်။ သိုလှောင်ရုံနံရံနှင့် အခင်းရှိ တွင်းပေါက်ငယ်များ လိုဏ်ခေါင်းငယ်များတွင် ဝင်ရောက်ခိုအောင်းနေတတ်ပြီး သီးနှံများကို စားသောက်ဖျက်ဆီးတတ်ခြင်းကြောင့် Trogoderma granarium (Everts,1975) ဟူသော သိပ္ပံအမည်ကို ရရှိခဲ့သည်။ Trogoderma ဆိုသည့်ဝေါဟာရမှာ တွင်းအောင်းသတ္တဝါကို ဆိုလိုပြီး granarium ဆိုသည်မှာ သီးနှံဖျက်ပိုးကို ဆိုလိုသည်ဟု လေ့လာမှတ်သားသိရှိခဲ့ရသည်။

ခါပရာဘီတယ် ပိုးများသည် ဆန်စပါး၊ ပြောင်း၊ ဂျုံ၊ ပဲမျိုးစုံ၊ ဆန်ထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော ပေါင်းဆန်များ၊ ဖွဲနု၊ ဖွဲကြမ်း၊ ဆန်ကွဲနှင့် ပဲမျိုးစုံ ဘေးထွက်ပစ္စည်းများဖြစ်သော ပဲဖတ်၊ နှမ်းဖတ်၊ လျှော်စေ့ကြိတ်ဖတ်၊ ဝါစေ့ကြိတ်ဖတ် စသည့်လယ်ယာ ထွက်ကုန်ပစ္စည်းအမျိုးမျိုးတွင် ကျရောက်၍ ဖျက်ဆီးစားသောက်တတ်ပါသည်။ ခါပရာဘီတယ်ပိုးကို အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိရသော်လည်း ယခုအခါ ကမ္ဘာအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိနေပြီး ဖြစ်ပါသည်။ နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံအတွင်းသို့ တင်သွင်းသော သွင်းကုန်သီးနှံများ၌ ခါပရာဘီတယ် အဖျက်ပိုးကင်းစင်ရေးအတွက် ဥပဒေပြု၍ အထူးကာကွယ်ထားကြပြီး ဤပိုးနှင့်ပတ်သက်၍ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မြန်မာ့လယ်ယာ ထွက်ကုန်များ တင်ပို့ရောင်းချနေသည့် အိမ်နီးချင်းတရုတ်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွင်းသို့ တင်သွင်းလျက်ရှိသော ဆန်နှင့်အခြားသော သီးနှံများအတွက် ခါပရာဘီတယ်ပိုးပါဝင်မှုကို ကင်းရှင်းစေရန် GACC (ယခင် AQSIQ) အဖွဲ့အစည်းဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း သေချာစွာ စိစစ်၍ ဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။

စင်စစ်တွင် ခါပရာဘီတယ်ပိုးကို ကြောက်ရွံ့နေကြရသည့် အကြောင်းအရင်းများစွာရှိပါသည်။ ခါပရာဘီတယ်ပိုးနှင့်ပတ်သက်၍ ထင်ရှားသည့် မှတ်တမ်းတင်ဖြစ်ရပ် များသည် အပြည်ပြည်ဆိုင်ရာသီးနှံဈေးကွက်တွင် ယခုတိုင် ရှိနေပါသေးသည်။ ၁၉၅၅ ခုနှစ်က အိန္ဒိယနိုင်ငံသို့ ကုန်ပစ္စည်းများကို ခေါက်တုံ့ခေါက်ပြန် သယ်ယူပို့ဆောင်ပေးနေသော ပင်လယ်ကူး သင်္ဘောကြီးသည် စကော့တလန်နိုင်ငံအတွက် တိရစ္ဆာန်အစားအစာဖြစ်သော လျှော်စေ့ကြိတ်ဖတ်များနှင့် မြေပဲဖတ်များကို သယ်ဆောင်ခဲ့ရာ ဆိပ်ကမ်းမြို့တစ်မြို့အရောက်တွင် စိုက်ပျိုးရေး၊ သားငါး အစားအစာ ပိုးမွှားကာကွယ်ရေးဌာနမှ ပိုးမွှားစစ်ဆေးသူများက စစ်ဆေးကြရာ ခါပရာဘီတယ်ပိုးများ ကျရောက်နေသည်ကိုတွေ့ရှိခဲ့ပါသဖြင့် BHC (Benzene Hexa Chloride) ဆေးခိုးလွှတ်ရန် ညွှန်ကြား၍ သုတ်သင်ခဲ့သည်။

ထို့နောက် ၁၉၅၇ ခုနှစ်တွင် အိန္ဒိယခရီးမှအပြန် လီဗာပူးမြို့တွင် စစ်ဆေးခဲ့ရာ ခါပရာဘီတယ်ပိုး အမြောက်အမြားထပ်မံကျရောက်နေသည်ကို တွေ့ရှိရပြန်သည်။ ထိုစဉ်ကာလသည် BHC ဆေးရည်ဖျန်းခြင်းနှင့် ဆေးခိုးလွှတ်ခြင်းနည်းများသာ တွင်ကျယ်သောကာလဖြစ်သဖြင့် အဆိုပါနည်းဖြင့်သာ ထပ်မံကာကွယ်ခဲ့ရပြန်ပါသည်။ ထို့နောက် စကော့တလန်နိုင်ငံ ဂလပ်စ်ဂိုကုန်များ အားလုံးချပြီးနောက် စစ်ဆေးကြည့်ရှုမှုများ ပြန်လည်ပြုလုပ်သောအခါ ခါပရာဘီတယ်ပိုးများ ရှင်သန်လျက်ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပြန်ပါသည်။ ဤသည်မှာ BHC ဆေးရည်ဖျန်းခြင်းနှင့် ဆေးခိုးလွှတ်ခြင်းနည်းဖြင့် ခါပရာဘီတယ်ပိုးများမသေနိုင်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်ပါသည်။ ထို့နောက် ကုန်တင်သင်္ဘောကြီး၏ သန့်ရှင်းရေးကို အထူးကြပ်မတ်ဆောင်ရွက်ခဲ့ပြီး မီသိုင်းဘရိုမိုဒ် ဆေး ကုဗပေ ၁၀၀၀ လျှင် ဆေး ၃၂ အောင်စနှုန်းနှင့် ၂၄ နာရီ ထား၍ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပေသည်။ ထိုစဉ်အခါက ပိုးသတ်မှိုင်းတိုက်စဉ်က ကုန်ပေါက်အတွင်း၌ အဆိပ်ငွေ့ပြင်းအား အလုံအလောက်ရှိနေသော်လည်း ခါပရာပိုးများ ခိုအောင်းရာတွင်းများ၊ ချိုင့်များအတွင်း ဓာတ်ငွေ့လုံလောက်စွာ စိမ့်ဝင်မှု ရှိမရှိကိုမူ အတတ်မပြောနိုင်ခဲ့ကြပေ။ ပိုးသတ်ခြင်းလုပ်ငန်းအပြီး ထပ်မံစစ်ဆေးကြည့်ရှုရာ နံရံအခေါင်းအတွင်း၌ အသေးဆုံးခါပရာပိုးလေးများက အောက်ဆုံးတွင်ရှိပြီး၊ ၎င်းအပေါ်မှ ခါပရာ သားလောင်းကြီးများက ဖုံးအုပ်၍ အထပ်လိုက်နေကြရာ ခါပရာသားလောင်း အစိုင်အခဲမှာ တစ်လက်မခန့်ရှိကြောင်း တွေ့ရှိရပြန်သည်။ ၁၉၅၈ ခုနှစ်တွင် လန်ဒန်မြို့၌ စစ်ဆေးမှုများ ပြုလုပ်သောအခါ ပိုးအရှင်များရှိနေဆဲဖြစ်ကြောင်း တွေ့ရပြန်ပါသည်။

နောက်ပိုင်းတွင် မာလာသီရွှန် (Malathion) ဆေးဖျန်းခြင်းဖြင့် ပိုးသတ်ခြင်းလုပ်ဆောင်ခဲ့ရာတွင်လည်း ခါပရာပိုးများကင်းစင်ရေးကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသည့်အတွက် ပိုးအရှင်များကို ဆက်၍တွေ့ရှိရဆဲ ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံသို့ ရောက်သောအခါ လီဗာပူး၊ အေဗွန်မောက်၊ ဂလပ်စ်ကိုတို့တွင် အဆင့်ဆင့်စစ်ဆေးပြန်ရာ ခါပရာပိုးအရှင် အနည်းအကျဉ်း ကျန်ရှိနေသေးကြောင်း တွေ့ရပြန်ပါသည်။

ခါပရာဘီတယ်ပိုးသက်ကြီးကောင်သည် ၃-၄ မီလီမီသာ ခန့်သာရှိသော ပိုးငယ်လေးဖြစ်သည်။ အမည်းတွင် အဝါအဆင်းများရှိ၍ ပျံသန်းနိုင်ခြင်းမရှိသော အင်းဆက်ပိုးအမျိုးအစားဖြစ်သည်။ အစာစားခြင်းမရှိ (၁၄)ရက်ခန့်သာ အသက်ရှင်နေနိုင်ပြီး ထိုရက်အတွင်း မိတ်လိုက်၍ ဥပေါင်း ၈၀ မှ ၁၀၀ အထိ ဥချနိုင်ပါသည်။ ဥများမှာ အလွန်သေးငယ်၍ သီးနှံများနှင့်ရောနှော၍သော်လည်းကောင်း၊ ဂုံနီအိတ်ချည်နှင့်ချုပ်၍ ချုပ်ရိုးများတွင် တွယ်ကပ်၍သော်လည်းကောင်း ဥများ ဥချတတ်ပါသည်။

ပတ်ဝန်းကျင်ရာသီဥတုကိုလိုက်၍ သုံးရက်မှ ခုနစ်ရက်အတွင်း ဥမှ အကောင်များ ပေါက်လာပါသည်။ သားလောင်းသည် ဖျော့ဝါရောင်မှ ညိုဝါရောင်ဖြစ်၍ ကိုယ်ပေါ်တွင် ဆူးမွှေးများပါရှိပါသည်။ သိုလှောင်သီးနှံများကို လျင်မြန်စွာ စားသောက်ဖျက်ဆီးနိုင်ပြီး ပတ်ဝန်းကျင်အခြေအနေကို နှစ်မြို့မှုမရှိပါက သိုလှောင်ရုံ၏ နံရံနှင့်ကြမ်းခင်းအကြိုအကြားများ၊ ကလိုဏ်ခေါင်းများအတွင်းသို့ဝင်၍ အစား မစား၊ အသက်မရှူဘဲ၊ တွင်းအောင်းကာ သုံးနှစ်ခန့်အထိ ရှင်သန်နိုင်ပါသည်။ ထို့ကြောင့် ရှင်းလင်းသုတ်သင်ရန် ခက်ခဲပြီး သီးနှံရောင်းဝယ်ဖောက်ကားမှုအတွက် အလွန်ပင် ကြောက်စရာကောင်းလှပါသည်။ ထိုအတောအတွင်း ပတ်ဝန်းကျင်ရာသီဥတု အခြေအနေကောင်း၍ အစားအစာများ လုံလောက်လာသောအခါ၊ တစ်နည်းအားဖြင့် အပူချိန် (42ºC) ခန့်သို့ ရောက်ရှိလာသောအခါ သက်ဝင်လှုပ်ရှားလာပြီး အစာများရှိရာသို့ထွက်၍ စားသောက် ဖျက်ဆီးကြပြန်ပါသည်။

အစာမစား၊ အသွားအလာမရှိ ငြိမ်သက်စွာ အနားယူ၍ အသွင်ကူးပြောင်းသော ပိုးရုပ်ဖုံးအဆင့်ဆင့်မှာ ခုနစ်ရက်ခန့် ကြာတတ်ပါသည်။ ဤအဆင့်ကိုသားလောင်း၏အခွံအတွင်း၌ တွေ့ရှိရပါသည်။

ခါပရာဘီတယ်ပိုးများသည် အပူပိုင်းဒေသရာသီဥတုကို အလွန်ကြိုက်နှစ်သက်၏။ အပူချိန် 35ºC ကျော်လျှင် ဥမှသက်ကြီးကောင်ဖြစ်ရန် တစ်လခန့်သာကြာပါသည်။ 22ºC ခန့်တွင် ဥမှသက်ကြီးကောင်ဖြစ်ရန် နှစ်လကြာပါသည်။ အပူချိန် 22ºC အောက်ရောက်လျှင် နှစ်အတန်ကြာအောင် ခိုအောင်း၍အခြေအနေကောင်းကို စောင့်မျှော်တတ်ပါသည်။ ခါပရာဘီတယ်ပိုး ကြိုက်နှစ်သက်သော အပူချိန်မျိုး မြန်မာနိုင်ငံတွင်လည်း ရှိပါသည်။ ခါပရာပိုး ကြိုက်နှစ်သက်သည့် အစာများဖြစ်သော နှစ်ဟောင်းသီးနှံများ၊ ဖွဲ၊ ဆန်ထွက်ပစ္စည်းများနှင့် ပဲမျိုးစုံလည်း မြန်မာနိုင်ငံ သိုလှောင်ရုံများတွင် ရှိပါသည်။ နှစ်ဟောင်းသီးနှံ (ဝါ) အချိန်အတန်ကြာအောင် သိုလှောင်ထားသော သိုလှောင်သီးနှံများသည် ခါပရာပိုးတို့၏ အနှစ်သက်ဆုံးသောအစာနှင့် ခိုအောင်းစရာ နေရာများဖြစ်ပါသည်။ ထို့ကြောင့် သိုလှောင်ရုံအတွင်းတွင် သီးနှံဟောင်းများရှိနေသရွေ့ ခါပရာပိုးများလည်း ရှိနေနိုင်ပါသည်။

အခြားပိုးများနှင့်မတူသော စားသောက်ပုံအလေ့အထကို ခါပရာပိုးတို့တွင် တွေ့ရှိနိုင်ပါသည်။ ယင်းမှာ သီးနှံစေ့တစ်စေ့မကုန်မချင်း နောက်သီးနှံတစ်စေ့ကို မစားခြင်းပင်ဖြစ်ပါသည်။ ခါပရာပိုးသားလောင်းများ ကျရောက်နေကြောင်းကို သီးနှံအိတ်ပုံ၏ပြင်ပမျက်နှာပြင်တွင် ချွတ်ချထားသော အရေခွံဟောင်းများ ထင်ရှားစွာ ကပ်တွယ်နေသည်ကို မြင်ရခြင်းဖြင့် သိရှိနိုင်ပါသည်။

**စာမျက်နှာ (၃၁)**

# ပေါ့ဂ်ဘာကို စာချုပ်သက်တမ်းတိုးရန် စဉ်းစားနေဟု ဆိုးလ်ရှားပြော



မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက မိမိတို့အနေဖြင့် အသင်း၏ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို စာချုပ်သက်တမ်းတိုးရန် စဉ်းစားနေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ဘောလုံးရာသီကပင် မန်ယူအသင်းမှ ထွက်ခွာရန် ကြိုးပမ်းခဲ့သူဖြစ်ပြီး ဒဏ်ရာပြဿနာလည်း မကြာခဏ ကြုံတွေ့နေရသူဖြစ်သည်။ သို့သော် ပေါ့ဂ်ဘာသည် ကိုဗစ်(၁၉)ကြောင့် ရပ်နားခဲ့ရသည့် ပရီးမီးယားလိဂ် လက်ကျန်ပွဲစဉ်များကို ပြန်လည်ကစားချိန်တွင် ကြံ့ခိုင်မှုပြည့်ဝလာသလို အသင်းအတွက်လည်း ပုံမှန်ပွဲထွက်ခွင့် ပြန်ရလာခဲ့သည်။ ထို့ပြင် ပေါ့ဂ်ဘာသည် မန်ယူအသင်း၏ ကွင်းလယ်တွင် ဖာနန်ဒက်စ်နှင့် တွဲဖက်ပြီး ခြေစွမ်းပြနေခြင်းကြောင့် နည်းပြ ဆိုးလ်ရှားအနေဖြင့် ၎င်းကစားသမားကို လက်လွတ်မခံဘဲ စာချုပ်သက်တမ်းတိုးမြှင့် ချုပ်ဆိုရန် စဉ်းစားလာခြင်းဖြစ်ကြောင်း သိရသည်။

ပေါ့ဂ်ဘာသည် မန်ယူအသင်းနှင့် ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ စာချုပ်သက်တမ်း ရှိနေသေးသည်။ လက်ရှိအချိန်တွင် ပေါ့ဂ်ဘာကို ခေါ်ယူရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက စိတ်ဝင်စားနေသလို အသင်းဟောင်း ဂျူဗင်တပ်အသင်းကလည်း ဆက်သွယ်နေကြောင်း သိရသည်။ သို့သော် လတ်တလောကာလတွင် ပေါ့ဂ်ဘာ၏ အပြောင်းအရွှေ့သတင်းမှာ ငြိမ်ချက်သားကောင်းနေကြောင်း အင်္ဂလန် မီဒီယာများတွင် ဖော်ပြထားကြသည်။

ဟန်နေသစ် စုစည်းသည်



# ပယ်လီဂရီနီကို နည်းပြအဖြစ် ဘက်တစ်အသင်း ခန့်အပ်

စပိန်လာလီဂါကလပ် ဘက်တစ်အသင်းသည် အသက်(၆၆)နှစ်ရှိ ချီလီနိုင်ငံသား ပယ်လီဂရီနီကို နည်းပြအဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ပယ်လီဂရီနီသည် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့ပြီး လက်ရှိအချိန်တွင် ဘက်တစ်အသင်း၏ကမ်းလှမ်းမှုကို လက်ခံလိုက်ခြင်းဖြစ်သည်။

ဘက်တစ်အသင်းသည် စပိန်နိုင်ငံသားနည်းပြ ရူဘီကို ထုတ်ပယ်ပြီး ပယ်လီဂရီနီကို အစားထိုး ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ဘက်တစ်အသင်းအနေဖြင့် နည်းပြသစ် ပယ်လီဂရီနီကို ၂၀၂၃ ခုနှစ်အထိရှိနေမည့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ကြောင်း သိရသည်။

ဘက်တစ်အသင်း နည်းပြသစ် ဖြစ်လာသည့် ပယ်လီဂရီနီသည် ယူနီဗာဆီဒက်ဒီချီလီ၊ ပါလက်စ်စတီနို၊ အိုဟက်ဂ်ဂျင်၊ ယူနီဗာဆီဒက်ကာတိုလီကာ၊ ကွီတို၊ ဆန်လိုရင်ဇို၊ ရေးဗားပလိတ်၊ ဗီလာရီးရဲလ်၊ ရီးရဲလ်မက်ဒရစ်၊ မာလာဂါ၊ မန်စီးတီး၊ ဟီဘိုင်းချိုင်းနား၊ ဝက်စ်ဟမ်း စသည့်အသင်းများကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

# လာကာဇက်တီကိုခေါ်ယူရန် ဂျူဗင်တပ်နှင့် အက်သလက်တီတို့ ကမ်းလှမ်း


အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် စပိန်လာလီဂါကလပ် အက်သလက်တီကိုအသင်းတို့သည် အာဆင်နယ်အသင်းမှ ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူရန် ဆက်သွယ်ကမ်းလှမ်းလာခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် လာကာဇက်တီကို ရောင်းချမည်ဆိုပါက ခေါ်ယူသွားရန် အဆင်သင့်ရှိနေကြောင်း၊ ၎င်းကစားသမားအနေဖြင့် ဂျူဗင်တပ်အသင်းတွင် ခြေစွမ်းပြကစားနိုင်မည်ကို ယုံကြည်ကြောင်း ဂျူဗင်တပ်အသင်းနည်းပြ ဆာရီက ပြောဆိုခဲ့သည်။

အသက်(၂၉)နှစ်ရှိ လာကာဇက်တီကို ဂျူဗင်တပ်အသင်းနည်းတူ စပိန်လာလီဂါကလပ် အက်သလက်တီကိုအသင်းကလည်း ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်နေကြောင်း သတင်းများတွင် ထပ်မံ ဖော်ပြထားသည်။

'အခုချိန်ထိတော့ ကျွန်တော့်ကို တရားဝင် ဆက်သွယ်လာတဲ့အသင်း မရှိသေးပါဘူး။ အာဆင်နယ်အသင်းနဲ့လည်း ဘာပြဿနာမှ မရှိပါဘူး။ အသင်းက ကျွန်တော့်ကို ရောင်းထုတ်မယ်ဆိုတဲ့ အသံလည်း မကြားမိသေးပါဘူး။ အခုချိန်ထိတော့ အရာရာဟာ အေးဆေးပါပဲ။ ဒါပေမဲ့ အနာဂတ်ကတော့ ကြိုပြောဖို့ခက်ပါတယ်။ ဘာမဆို ဖြစ်လာနိုင်ပါတယ်။ အမိက ပြောချင်တာကတော့ ကျွန်တော် အာဆင်နယ်အသင်းမှာ ဆက်ပြီးကစားခွင့်ရမယ်ဆိုရင် နောက်ရာသီတွေလည်း ဆက်ကစားချင်ပါသေးတယ်'ဟု လာကာဇက်တီက ဖွင့်ဟခဲ့သည်။

ထို့ပြင် အင်တာမီလန်အသင်းကလည်း ၎င်းတို့၏ လူငယ်တိုက်စစ်မှူး မာတီနက်ဇ်အနေဖြင့် လာမည့် နွေရာသီတွင် အသင်းကို စွန့်ခွာသွားမည်ဆိုပါက လာကာဇက်တီကို ခေါ်ယူရန် စဉ်းစားထားကြောင်း သတင်းထွက်ပေါ်နေသည်။



| ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်များ မဲခွဲ |
|---|
| မန်စီးတီး/ရီးရဲလ်-ဂျူဗင်တပ်/လိုင်ယွန် |
| လိုက်ဇစ်-အက်သလက်တီကို |
| ဘာစီလိုနာ/နာပိုလီ-ချယ်လ်ဆီး/ဘိုင်ယန် |
| အတ္တလန္တာ-ပီအက်စ်ဂျီ |

# လီဗာပူးကစားသမား အန်ဒါဆင် လက်ကျန်ပွဲစဉ်များကို လွဲချော်မည်



လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမား အန်ဒါဆင်သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက ဘရိုက်တန်အသင်းနှင့် ကစားခဲ့သော ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အသင်း၏ လက်ကျန်ပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နောက်ပိုင်း ထွက်ပေါ်နေသည့် သတင်းများအရ အန်ဒါဆင်သည် လီဗာပူးအသင်း၏ လက်ကျန်ပွဲစဉ်များကို လွဲချော်မည်သာမကဘဲ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ၏ ရာသီအစပိုင်း ပွဲစဉ်များအထိပင် လွဲချော်နိုင်ကြောင်း သိရသည်။ အန်ဒါဆင်သည် ဘရိုက်တန်အသင်းကို ၃-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ ပထမပိုင်း ပွဲကစားချိန် ၈ မိနစ်တွင် အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယပိုင်း ပွဲချိန် ၇၉ မိနစ်အရောက်တွင် ဘယ်ဘက်ဒူးဒဏ်ရာ ရရှိသွားခြင်းကြောင့် မီလ်နာနှင့် လူစားလဲခဲ့ရသည်။

အစပိုင်းက အန်ဒါဆင်၏ဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိဟု ယူဆခဲ့ကြသော်လည်း လက်ရှိအချိန်တွင် ယင်းဒဏ်ရာမှာ ခွဲစိတ်ကုသရမည့်အနေအထား ဖြစ်နေခြင်းကြောင့် အန်ဒါဆင်သည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ လီဗာပူးအသင်း၏ လက်ကျန်ပွဲစဉ်များအားလုံးကို လွဲချော်ရတော့မည့်အပြင် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအစ ပွဲစဉ်တချို့ကိုလည်း လွဲချော်ရဖွယ်ရှိနေသည်ဟု အသင်းက တရားဝင်ထုတ်ပြန်လိုက်သည်။ လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အင်္ဂလန် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ရရှိပြီးဖြစ်သည်။ ထို့ပြင် လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရပြီ ဖြစ်ခြင်းကြောင့် အန်ဒါဆင် ဒဏ်ရာရသွားခြင်းမှာ အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ဖြစ်မလာဘဲ လက်ကျန်ပွဲစဉ်များကို သက်သောင့်သက်သာ ကစားရန်သာ ရှိနေသည်။

# ကမ္ဘာ့စီးပွားရေး ပြန်လည်တိုးတက်လာရန်မှာ သေချာမှုမရှိသဖြင့် မူဝါဒချမှတ်သူများ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရ

စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် လူအများ၏ ယုံကြည်လက်ခံမှု ရရှိထားသော IMF, Bank for International Settlements (BIS) နှင့် United States Federal Reserve တို့က ကိုဗစ်-၁၉ ကပ်ရောဂါ၏ စီးပွားရေးအပေါ် မည်သို့သက်ရောက်မည်နှင့်စပ်လျဉ်း၍ အစီရင်ခံစာများကို မကြာမီရက်များက ထုတ်ပြန်ခဲ့ကြကြောင်း၊ ယင်းအစီရင်ခံစာများတွင် ထောက်ပြထားသည့်နှစ်မြို့ဖွယ် မကောင်းသော ရှေ့ပြေးသုံးသပ်ချက်များနှင့် မရေရာမှုများစွာရှိနေသော အခြေအနေတို့မှာ မူဝါဒ ချမှတ်သူများအပေါ် ကြီးလေးသော စိန်ခေါ်မှုများပင်ဖြစ်ပါကြောင်း The Straits Times က ရေးသား ဖော်ပြထားသည်။

ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးအခြေအနေမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု IMF က ခန့်မှန်းခဲ့ပြီး ထိုခန့်မှန်းချက်သည် ၎င်း၏ ဧပြီလအတွင်း ခန့်မှန်းချက်ဖြစ်သော ၃ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းချက်ထက် ပိုမိုလျှော့ချခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၈ ရာခိုင်နှုန်းအထိ စီးပွားရေးဆုတ်ယုတ်နိုင်ပြီး၊ ၎င်းတို့အနက် ပြင်သစ်၊ အီတလီ၊ စပိန်နှင့် အင်္ဂလန်နိုင်ငံတို့မှာ ဂဏန်းနှစ်လုံးအထိပင် ကျဆင်းနိုင်ကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း ၃ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိသောကြောင့် ပထမဆုံးအကြိမ် ဒေသအသီးသီးတွင် စီးပွားရေးတိုးတက်မှုအခြေအနေ အနုတ်လက္ခဏာ ပေါ်ပေါက်မည့် အခြေအနေဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် နိုင်ငံတကာကုန်သွယ်ရေးမှာလည်း ၁၁ ဒသမ ၂ ရာခိုင်နှုန်းခန့် ပြုဆင်းနိုင်ပြီး နိုင်ငံအားလုံးနီးပါး၏ အလုပ်အကိုင်ဈေးကွက်အပေါ် ဆိုးရွားစွာ ရိုက်ခတ်လျက်ရှိကြောင်း၊ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း (ILO) က ပြောကြားချက်အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လအတွင်း တစ်ကမ္ဘာလုံး၏ အလုပ်ချိန် နာရီကျဆင်းမှုသည် ကိုဗစ်-၁၉ မဖြစ်မီကာလ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်းနှင့် နှိုင်းယှဉ်ပါက အချိန်ပြည့် အလုပ်လုပ်သူဦးရေ ၁၃၀ သန်း အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ညီမျှပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ဇွန်လအတွင်း အလုပ်ချိန်နာရီကျဆင်းမှုမှာ လုပ်သားအရေအတွက် ၃၀၀ သန်း အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ညီမျှကြောင်း၊ အထူးသဖြင့် အိမ်တွင်နေ၍ လုပ်ငန်းဆောင်ရွက်ရန် မဖြစ်နိုင်သော ကျွမ်းကျင်မှုအဆင့်နိမ့်သည့်လုပ်သားများအပေါ် ကြီးစွာ ထိခိုက်လျက်ရှိကြောင်းနှင့် ဆက်လက်ရင်ဆိုင်ရဖွယ်ရှိသည့် မရေရာမှုအခြေအနေများသည် ပုံမှန်ထက် မြင့်တက်လာပါက ဤအခြေအနေများသည် ပိုမိုဆိုးရွားလာမည်ဟု ဖော်ပြထားသည်။

လေ့လာသုံးသပ်သူအများစုက ကမ္ဘာ့စီးပွားရေးအခြေအနေသည် "V" ပုံသဏ္ဍာန် တစ်ရှိန်ထိုး ပြန်လည်နာလန်ထူလာမည်ကို မမျှော်လင့်နိုင်ကြောင်း ရှုမြင်ထားကြပြီး ရောဂါပြန့်ပွားမှုပြန်လည်မြင့် တက်လာမှုနှင့်အတူ ရောဂါထိန်းချုပ်ရေးအစီအမံများကြောင့် "U" ပုံသဏ္ဍာန် စီးပွားရေးတဖြည်းဖြည်း ပြန်လည်တိုးတက်လာမည့်အခြေအနေပင် မသေချာဘဲ အတက်အကျများစွာဖြင့် မတည်ငြိမ်သော "W" ပုံသဏ္ဍာန် စီးပွားရေးအခြေအနေကို မြင်တွေ့ရဖွယ်ရှိကြောင်း BIS ဘဏ်က သုံးသပ်ထားပါသည်။ ဤအခြေအနေများကြောင့် ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒအပေါ် ပိုမိုဖိအားပေးမှု ဖြစ်ပေါ်လာကာ လက်ရှိအနေအထားမှာ ငွေကြေးမူဝါဒ (Monetary Policy) ပိုင်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်များသည် ၎င်းတို့မှ ပုံမှန်ဆောင်ရွက်လေ့ရှိသော နည်းစနစ်များထက် ပိုမိုဆောင်ရွက်ထားပြီးဖြစ်ကြကြောင်း၊ ဥပမာအားဖြင့် အတိုးနှုန်းများ လျှော့ချခြင်းကဲ့သို့သော အစီအမံများသာမက ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ လုပ်ငန်းများနှင့် ရန်ပုံငွေအဖွဲ့များ၏ ငွေဖြစ်လွယ်မှု (Liquidity) ပိုမိုရရှိစေရေးနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ အစုရှယ်ယာများအားဝယ်ယူခြင်း စသည့် အစီအမံတို့ကိုပါ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ဗဟိုဘဏ်များ၏ ငွေဖြစ်လွယ်မှုတိုးတက်လာစေရေး အထောက်အကူပြု အစီအမံများကလည်း လုပ်ငန်းအချို့၏ ချေးငွေဝန်ထုပ်ဝန်ပိုးအပေါ် ကြွေးပြန်လည်မပေးဆပ်နိုင်သော အခြေအနေအား ပံ့ပိုးပေးနိုင်မည်မဟုတ်သောကြောင့် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy) များဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဤသို့သော အကျပ်အတည်းကာလများတွင် အစိုးရများအနေဖြင့် စီးပွားရေးအပေါ် ထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် ငွေကြေးပမာဏအနည်းငယ်သာ သုံးစွဲမည်ဆိုပါက လုပ်ငန်းများ၏ ဒေဝါလီခံခြင်းနှင့် လုပ်သားများ အလုပ်အကိုင်ဆုံးရှုံးခြင်း အခြေအနေတို့မှာ ဆိုးရွားလာနိုင်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း သုံးစွဲမှုများပြားပါက ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခြင်းနှင့်အတူ ပိုမိုကြာရှည်သော အကျပ်အတည်းကာလကို ရင်ဆိုင်ရနိုင်ကြောင်း၊ လုပ်ငန်းများ၏ ဒေဝါလီခံမှုများကို ထိန်းသိမ်း ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားများကို အချိန်တိုအတွင်း ဖျက်ဆီးလိုက်သကဲ့သို့ ဖြစ်နိုင်ပြီး၊ အလားအလာမရှိသည့် လုပ်ငန်းအချို့အား လုပ်ငန်းရပ်တည်နိုင်ရေး ပံ့ပိုးပေးထားရပါကလည်း နိုင်ငံ၏ စီးပွားရေးနာလန်ထူနိုင်မှုအပေါ် နှေးကွေးစေမည်ဖြစ်ပါကြောင်း BIS ဘဏ်က သတိပေးထားပါသည်။ ကိုဗစ်-၁၉ ၏ အမွေသည် လာမည့်နှစ်များစွာအထိ သက်ရောက်မှုရှိနေနိုင်ပြီး၊ ကြုံတင်မသုံးသပ်နိုင်သော/ အသစ်ဖြစ်သော ပြဿနာများလည်း ပေါ်ပေါက်လာနိုင်သည့်အတွက် မူဝါဒချမှတ်သူများအနေဖြင့် စိတ်ချရသော/ မလွဲချော်နိုင်သောနည်းဗျူဟာများဖြင့် ဆောင်ရွက်သွားနိုင်ရန်မှာ ခက်ခဲမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စင်ကာပူနိုင်ငံအနေဖြင့် ကိုဗစ် -၁၉ ၏ သက်ရောက်မှုများအား ကုစားနိုင်ရေးအတွက် GDP ၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိသော ဘတ်ဂျက်အထောက်အပံ့ အစီအမံများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဘဏ္ဍာရေးအစီအမံများအပြင် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးအတွက် အရည် အသွေးရှိပြီး၊ အဆင်သင့်ရှိသော နိုင်ငံ၏ လုပ်သားထုဖြစ်နေစေရန် လေ့ကျင့်သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း စသည့် အစိုးရ၏ အစီအမံများမှာ ထူးခြားအံ့အားသင့်ဖွယ်ဖြစ်ကြောင်း BIS ဘဏ်က ပြောကြားထားသည်။

**Source : The Straits Times**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# ကိုရီးယားက ကိုဗစ်-၁၉ အလွန်တွင် အကြီးစားပြည်ပ စီမံကိန်းသစ်များ အကောင်အထည်ဖော်မည်

ကိုရီးယား သမ္မတနိုင်ငံအစိုးရသည် ကိုရီးယားဝမ် ၁၂၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ) တန်ဖိုးရှိ အကြီးစားပြည်ပဆောက်လုပ်ရေး စီမံကိန်းအသစ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၁၅ ရက်တွင် ကျင်းပခဲ့သော (၂၁၅) ကြိမ်မြောက် ဝန်ကြီးများအဆင့်အပြည်ပြည်ဆိုင်ရာ စီးပွားရေးရာ အစည်းအဝေး (215 th Ministerial Meeting on International Economic Affairs) တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Mr. Hong Nam-ki က ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အစိုးရအဖွဲ့အနေဖြင့် အဓိကကျသော စီမံကိန်း ၃၀ ကို ဆောင်ရွက်သွားရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြောင်း၊ စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအနက် စီမံကိန်းအချို့အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ခန့်ကို ၂၀၂၀ ပြည့်နှစ်၊ နှစ်ကုန်တွင် လက်ခံဆောင်ရွက်ရန် စီစဉ်ထားပြီး ကျန်ရှိသည်များကို ၂၀၂၁ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရမှစီမံကိန်းအမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Dhaka-Mimingsing လမ်းစီမံကိန်း၊ ဒါကာအပြင်ဘက်ရှိ မြို့ပတ်ရထား မီးရထားလမ်း စီမံကိန်းနှင့် မြန်မာနိုင်ငံ၊ ဒလမြို့သစ်၏ ရှေ့ပြေးစမ်းသပ်စီမံကိန်းတို့ ပါဝင်ကြောင်း၊ ကိုရီးယား သမ္မတနိုင်ငံအစိုးရအနေဖြင့် နှစ်နှစ်တာကာလအတွင်း အကောင်အထည်ပေါ်လာနိုင်ပြီး အရေးပါသော စီမံကိန်းများကိုသာ အဓိကထား၍ ရွေးချယ်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းများကို အစိုးရ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများနှင့်အတူတကွ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကိုရီးယားကုမ္ပဏီများမှ ပြည်ပ၌ အကြီးစားဆောက်လုပ်ရေးစီမံကိန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ကိုရီးယားဝမ် ၁၅ ထရီလီယံကျော်တန်ဖိုးရှိ ငွေကြေး ထောက်ပံ့မှုအစီအစဉ်တစ်ရပ်ကိုလည်း စီစဉ်လျက်ရှိကြောင်း၊ အဓိကရွေးချယ်ထားသည့် ပြည်ပစီမံကိန်း ၃၀ ကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်သွားနိုင်ရေးအတွက် ရန်ပုံငွေ ကိုရီးယားဝမ် ၃ ဒသမ ၇ ထရီလီယံကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ နိုင်ငံတကာဆောက်လုပ်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေအသစ် ကိုရီးယားဝမ် ၁ဒသမ၅ ထရီလီယံ၊ အပြည်ပြည်ဆိုင်ရာ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ ကိုရီးယားဝမ် သုညဒသမ၄ ထရီလီယံ၊ Korea Exim ဘဏ်နှင့် ကိုရီးယား ကုန်သွယ်မှု အာမခံကော်ပိုရေးရှင်း (Korea Trade Insurance Cooperation) တို့မှ ထောက်ပံ့ငွေ ကိုရီးယားဝမ် ၁ဒသမ၈ ထရီလီယံတို့ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ အကြီးစား ပြည်ပဆောက်လုပ်ရေး စီမံကိန်းကြီးများတွင် တောင်ကိုရီးယားကုမ္ပဏီများ၏ ပါဝင်ဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ရေးအတွက် ကိုရီးယားဝမ် ၁၀ ဒသမ ၉ ထရီလီယံတန်ဖိုးရှိ အာမခံနှင့် ချေးငွေများကို ပံ့ပိုးပေးသွားရန် ထပ်မံစီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့် COVID-19 အလွန်ကာလအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးမဟာဗျူဟာကိုလည်း ကြေညာခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်းတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်တန်ဖိုးရှိ နိုင်ငံခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (EDCF) ၏ အရေးပေါ် ရန်ပုံငွေများ၊ အမေရိကန်ဒေါ်လာ ၁၀ သန်းတန်ဖိုးရှိ Multilateral Development Bank (MDB) Trust Funds များ၊ ကျန်းမာရေးဆိုင်ရာ ပို့ကုန်ပစ္စည်းများ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကိုရီးယားဝမ် ၁ ဒသမ ၂ ထရီလီယံ တန်ဖိုးရှိ ရန်ပုံငွေ၊ ကိုရီးယား၏ ကိုဗစ်-၁၉ ဆိုင်ရာ Test-Trace-Treat (3T Model) ဖြင့် စစ်ဆေးဆောင်ရွက်မှုပုံစံနှင့် အတွေ့အကြုံများကို ကမ္ဘာတစ်ဝန်းသို့ K-Quarantine Tools အဖြစ် ကမ္ဘာ့စံစနစ်ဖြစ်စေရေးအတွက် မျှဝေရေးဆိုင်ရာ အစီအမံများ၊ ကမ္ဘာ့တောင်ပိုင်းနှင့် မြောက်ပိုင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးအတွက် လိုအပ်သည့်နိုင်ငံများကို ရွေးချယ်ကာ Disease Control Package များ ပံ့ပိုးပေးမည့် အစီအစဉ် များကို ကိုရီးယားသမ္မတနိုင်ငံ အစိုးရမှ ပေးအပ်သွားနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ယခင်နှစ်ကစတင် ခဲ့သည့် ကိုရီးယား-ကမ္ဘောဒီးယား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (Free Trade Agreement-FTA) ဆိုင်ရာ ဆွေးနွေးမှုများအတွက် ဆက်လက် ဆောင်ရွက်ရမည့်လိုအပ်သည့် ညှိနှိုင်းမှုများကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပြန်လည်စတင်ရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

စာမျက်နှာ (၂၉) ဂရုပြုဖွယ် သိုလှောင်သီးနှံဖျက်ပိုး. . . မှအဆက်

ခါပရာပိုးကျရောက်သည်မှာ အချိန်အတန်ကြာပြီဖြစ်ပါက သီးနှံအပုံ၏အောက်ခြေတွင် ချွတ်ချထားသော အခွံဟောင်းများသည် ထုထည်ကြီးမားစွာ စုပုံ၍နေတတ်ပါသည်။

ခါပရာဘီတယ်ပိုးတွင် ဤကဲ့သို့သော အစွမ်းအစများရှိ၍ အလွန်တရာမှကြောက်စရာကောင်းသော သိုလှောင်သီးနှံဖျက်ပိုးမျိုးဖြစ်ကြောင်းနှင့် အထူးသတိထားကိုင်တွယ်ရန် လိုအပ်ကြောင်းကို သိသာထင်ရှားစေလိုပါသည်။ ထို့ကြောင့် ကမ္ဘာကုန်သွယ်ရေးလောကတွင် ခါပရာဘီတယ်ပိုးဆိုပါက အလွန်အမင်းကြောက်လန့်၍ ဥပဒေများချမှတ်ကာ တင်းကျပ်စွာ တားမြစ်နေကြခြင်းပင် ဖြစ်ပါသည်။ ခါပရာပိုး၏အလေ့အထသဘာဝများကို တစိုက်မတ်မတ် လေ့လာနေခြင်းသည် ခါပရာဘီတယ်ပိုးအမြစ်ပြတ် သုတ်သင်နှိမ်နင်းနိုင်ရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်၍ လက်လှမ်းမီသမျှ အချက်အလက်များနှင့် သိရှိတွေ့ကြုံခဲ့ရမှုများကို ရှာဖွေကိုးကားကာ မျှဝေလိုက်ရပါတော့သည်။ **Ref;Pest Technology**

# ထိုင်းနိုင်ငံရှိ အရှေ့စီးပွားရေးစကြံမှာ ရင်းနှီးမြှုပ်နှံဖို့ အလားအလာကောင်း

ဒေါက်တာထိန်လင်း (Myantrade)

ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကျဆင်းမှု နဲ့အတူ ကမ္ဘာ့ စီးပွားရေးယိုယွင်းလာတဲ့အတွက် နိုင်ငံအသီးသီးမှာ စီးပွားရေးဆိုင်ရာ ကုစားမှုအစီအစဉ်တွေကို ရေးဆွဲပြီး အကောင်အထည်ဖော်နေကြပါတယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ အရှေ့စီးပွားရေး စကြံ (EEC)ကတော့ ကပ်ရောဂါပြန့်ပွားစဉ် ကာလ အတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ရွှေ့ဆိုင်းဖို့အတွက် နေရာတစ်ခုအဖြစ် မျက်စိကျလာပါတယ်။ EEC မှာရှိတဲ့တာဝန်ခံအရာရှိ KANIT SANGSUBHAN က Covid-19 ကပ်ရောဂါပြန့်ပွားမှုကြောင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် ကြိုတင်ပြင်ဆင်ထားမှုနဲ့ အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်နေဆဲဖြစ်တဲ့အတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းတွေအပေါ်မှာ ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ မခံစားရဘူးလို့ ဆိုပါတယ်။ ကပ်ရောဂါ မဖြစ်ပွားစဉ်ကတည်းက စီမံကိန်းနှစ်ခုဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းနဲ့ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံတန်ဖိုးရှိ U-Tapao International Airport ကို ချိတ်ဆက်မယ့် အမြန်ရထားလမ်းလုပ်ငန်းတွေကို ခွင့်ပြုချက်ရရှိထားပါတယ်။ ကပ်ရောဂါဖြစ်ပွားစဉ် ကာလ အတွင်း ထိုင်းနိုင်ငံရဲ့ Eastern Airport City project မှာ ရင်းနှီးမြှုပ်နှံဖို့ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ စီမံကိန်းကို အစိုးရက မေလကုန်မှာ အတည်ပြုပြီး ဇွန်လအတွင်းမှာ လက်မှတ်ရေးထိုးဖို့စီစဉ်နေပါတယ်။

ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အဲဒီစီမံကိန်းများနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတွေ ကို အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ဗီဒီယိုကွန်ဖရင့်နည်းပညာအသုံးပြုပြီး ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း စီမံကိန်းများနဲ့ ဆက်နွှယ်နေတဲ့ ဆွေးနွေးမှုတွေကို ဆက်လက်ခွင့်ပြုခဲ့ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်ခင်ကာလကတည်းက အမေရိကန်-တရုတ် ကုန်သွယ်ရေး စစ်ပွဲ အကျိုးဆက်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ ထိုင်းနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စဉ်းစားလာကြပါတယ်။ ကပ်ရောဂါပြန့်ပွားစဉ်ကာလအတွင်း အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ video conferencing ဖြင့် ဆွေးနွေးမှုတွေကို စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ပါတယ်။ ဥပမာ- ဂျပန်နိုင်ငံက နာမည်ကြီး လုပ်ငန်းတစ်ခုဟာ တရုတ်နိုင်ငံမှာရှိတဲ့ ပြည်တွင်းဈေးကွက်ကို ဖြန့်ဖြူးပေးနေပေမယ့် သူတို့ရဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေကို တရုတ်နိုင်ငံမှာ ဆက်လက်တိုးချဲ့ရန် ဆန္ဒမရှိတော့သည့်အတွက် ထိုင်းနိုင်ငံမှာရှိတဲ့ အရှေ့စီးပွားရေးစကြံ (EEC) မှာ လာရောက်မြှုပ်နှံလိုကြောင်းနဲ့ တရုတ်နိုင်ငံမှာရှိတဲ့ ပို့ကုန် အလားအလာရှိ လုပ်ငန်းတွေကိုယ်တိုင်က တရုတ်နိုင်ငံမှာ သူတို့ရဲ့ ထုတ်လုပ်မှုတွေကို ဆက်လက် လုပ်ကိုင်ဖို့ ကန့်သတ်ချက်တွေရှိလာတဲ့အတွက် တရုတ်နိုင်ငံက တချို့ရင်းနှီးမြှုပ်နှံသူတွေက သူတို့ရဲ့ ထုတ်လုပ်တဲ့လုပ်ငန်းတွေကို ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ထိုင်းနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးလာကြပါတယ်။

ထိုင်းနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံသူတွေအတွက် အလားအလာကောင်းတွေရှိနေတဲ့ အချက်(၄)ချက်ရှိနေတယ်လို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် Prayut Chan-o-cha e နဲ့ EEC က တာဝန်ရှိသူတွေ မေလအတွင်းက ဆွေးနွေးမှုတွေပြုခဲ့ပါတယ်။

ပထမအနေနဲ့ 5G Technology ဖြစ်ပြီး ထိုင်းနိုင်ငံတစ်လျှောက်လုံးမှာ 5G Technology အသုံးပြုဖို့ မူဝါဒကိုဦးတည်လာပြီး ပုဂ္ဂလိကကဏ္ဍမှာလည်း ဦးစားပေးအနေနဲ့အသုံးပြုဖို့ တိုက်တွန်းထားပါတယ်။ ၂၀၂၀ ပြည့်နှစ် အကုန်ပိုင်းမှာ ထိုင်းနိုင်ငံအတွင်း လူဦးရေအနည်းဆုံး ၅၀ ရာခိုင်နှုန်းကျော်အနေဖြင့် အသုံးပြုရန်ဖြစ်ပြီး စက်မှုနယ်မြေနဲ့ ပတ္တရားကဲ့သို့ အချို့မြို့ကြီးများမှာ 5G အသုံးပြုဖို့ စက်ပစ္စည်းများ တပ်ဆင်ရမှာ ဖြစ်ပါတယ်။ တရုတ်နဲ့ ဂျပန် ရင်းနှီးမြှုပ်နှံသူများက 5G ကို အသုံးပြုဖို့ ဦးတည်နေပြီး ထိုင်းနိုင်ငံရှိစက်မှုနယ်မြေရှိလုပ်ငန်းတွေ အလိုအလျှောက်စက်များ အသုံးပြုရန် ဖြစ်ပါတယ်။

ဒုတိယအခွင့်အလမ်းကတော့ ထောက်ပံ့ပို့ဆောင်မှုပဲ ဖြစ်ပါတယ်။ EEC မှာ ထောက်ပံ့ပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်တဲ့ပုံစံအဖြစ် ပြန်လည်တည်ဆောက်ပြီး အဆင့်မြှင့်ဆောင်ရွက်နေလို့ လက်ရှိမှာ လေဆိပ်တစ်ခုနှင့် ဆိပ်ကမ်းတစ်ခုတို့ကို အီလက်ထရောနစ်စနစ်အသုံးပြုပြီး ထောက်ပံ့ ပို့ဆောင်ရေး တန်ဖိုးကွင်းဆက်တစ်ခုလုံးနဲ့ ချိတ်ဆက်မှုတွေကို ပြုလုပ်နေပါတယ်။ E-commerce စီးပွားရေးလုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ထိုင်းနိုင်ငံဝန်ဆောင်မှုလုပ်ငန်းကတော့ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး တရုတ်နိုင်ငံ၏ အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်တဲ့ အလီဘာဘာလုပ်ငန်းက ရှေ့လာမယ့်လအနည်းငယ်အတွင်း ထိုင်းနိုင်ငံကို သူတို့ရဲ့လုပ်ငန်းတွေ စတင်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။

တတိယအခွင့်အလမ်းကတော့ ကျန်းမာရေးစောင့်ရှောက်မှုဖြစ်ပြီး ထိုင်းနိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ထိရောက်မှုဖြစ်လာတဲ့အတွက် အဲဒီနယ်ပယ်မှာ စီမံကိန်းတွေ ဆောင်ရွက်ဖို့ ရှိလာနိုင်ပါတယ်။

စတုတ္ထအနေနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအသစ်ဖြစ်ပြီး မြို့ပြနယ်မြေတွေမှာ အစိမ်းရောင်နေရာအသစ် အများအပြားရှိနေတဲ့အတွက် အာရှရှိလူဦးရေထူထပ်သိပ်သည်းတဲ့ အခြားနိုင်ငံတွေနဲ့ မတူဘဲ ရောဂါပြန့်ပွားမှုကို ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။ မြို့ပြတွေအနေနဲ့ အနာဂတ်ကာလမှာ သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေကို လိုက်နာကျင့်သုံးခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းသစ်တွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ EEC မှာ မြို့ပြအသစ်များ ဖော်ထုတ်နိုင်ဖို့အတွက် မိတ်ဖက်နိုင်ငံများဖြစ်တဲ့ တောင်ကိုးရီးယား၊ ဂျပန်နှင့် တရုတ်တို့နဲ့ ပြောဆိုထားပါတယ်။ ဇွန်လအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိတဲ့ မြို့ပြအသစ်တစ်ခုကို EEC မှာ ဖော်ထုတ်နိုင်ရေးအတွက် တင်ပြမှုတွေပြုလုပ်သွားမှာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ပထမသုံးလပတ်အတွင်း စီးပွားရေးပတ်ဝန်းကျင်ပုံမှန်ဖြစ်လာမယ်လို့လည်း မျှော်လင့်ထားပြီး စီးပွားရေးလုပ်ငန်းအသစ်များ တတ်နိုင်သမျှစတင်ဆောင်ရွက်နိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ EEC မှာ ခေတ်မီစက်မှုလုပ်ငန်းများ ထူထောင်နိုင်ဖို့အတွက် သင်တန်းအစီအစဉ်တွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး၊ လက်ရှိဖြစ်ပေါ်နေတဲ့ ကပ်ရောဂါကြောင့် မော်တော်ကားစက်ရုံတွေကနေ အလုပ်ထုတ်ခြင်းခံရတဲ့ အလုပ်သမားတွေအတွက် ကျွမ်းကျင်မှုအသစ်နဲ့ ဈေးကွက်ရဲ့ တောင်းဆိုမှုတွေနဲ့အညီ အလုပ်သမားတွေကို လုပ်ငန်းအသစ်တွေမှာ ခန့်ထားရမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံ၏ EEC မူဘောင်သည် ထိုင်းနိုင်ငံ၏ 'Thailand 4.0 initiative' နှင့် ဦးတည်ထားတဲ့ စက်မှုလုပ်ငန်း ၁၀ မျိုးတို့မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ရရှိဖို့အတွက်တိကျတဲ့ ဒီဇိုင်းရေးဆွဲ ထားပါတယ်။ EEC ဥပဒေမူဘောင်အရ ထိုင်းနိုင်ငံရဲ့ အရှေ့ပိုင်းပြည်နယ်တွေဖြစ်တဲ့ Chonburi, Rayong, နဲ့ Chachoengsao တို့ရှိ စုစုပေါင်းမြေဧရိယာစတုရန်း ၁၃၂၈၅ တွင် အာဆီယံစီးပွားရေးဇုန်တစ်ခုပေါ်ထွန်းလာစေရေးအတွက် အဓိကရည်ရွယ်ထားပါတယ်။

EEC ဥပဒေအသစ်အရ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေကတော့ လူနေအိမ်တည်ဆောက်ရေးအတွက် မြေကိုအနှစ် ၅၀ ထိ ငှားရမ်းနိုင်ခွင့်ရှိပြီး၊ စီးပွားရေးလုပ်ငန်းများနဲ့ စက်မှုနယ်မြေတို့အတွက် အစကနဦးငှားရမ်းခနှစ် ၅၀ နှစ် ထပ်တိုး ၄၉ နှစ်အပါအဝင် စုစုပေါင်း ၉၉ နှစ် ခွင့်ပြုထားပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကနေ Nakhon အထိ ချိတ်ဆက်မယ့် အမြန်မီးရထားလမ်းကတစ်ဆင့် အရှေ့စီးပွားရေးစကြံ စီမံကိန်း (EEC)နဲ့ တရုတ်နိုင်ငံရဲ့ One Belt One Road(OBOR) ကို ချိတ်ဆက်မယ်လို့ ထိုင်းအစိုးရက ကြေညာထားပြီးဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းတွေကတော့ ထိုင်းနိုင်ငံရှိ Ratchasimae နဲ့ Nong Khai ၊ လာအိုနိုင်ငံ Vientiane မြို့နဲ့ တရုတ်နိုင်ငံ Kunming မြို့တို့ကို ဆက်သွယ်ထားတဲ့ လမ်းကြောင်းဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ရေကြောင်းပိုးလမ်းမကြီးမှတစ်ဆင့် EEC ရှိ ပို့ကုန်ဇုန်(export zones) ကနေ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနဲ့ ဥရောပတို့ရှိ ဈေးကွက်တို့ကို ထိုင်းနိုင်ငံမှတစ်ဆင့် ချိတ်ဆက်မှာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအဆင့်၌ ယှဉ်ပြိုင်နိုင်မှုအားကောင်းလာဖို့အတွက် ရည်ရွယ်ထားပါတယ်။

EEC ရဲ့ အခြားအကျိုးကျေးဇူးတစ်ခုကတော့ ထိုင်းနိုင်ငံရဲ့ Exchange Control Law အရ ရင်းနှီးမြှုပ်နှံသူတွေကို ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ပေးချေရာမှာ ထိုင်းဘတ်ငွေနဲ့ လဲလှယ် ပေးချေမှုမှ ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်ပါတယ်။ အဲဒီလိုကင်းလွတ်ခွင့်ပေးတဲ့အတွက် နိုင်ငံခြား ငွေကြေးလဲလှယ်မှုမှ ဆုံးရှုံးမှုများကို လျော့နည်းစေပြီး၊ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ နိုင်ငံခြားငွေကြေး စီမံခန့်ခွဲမှုကုန်ကျစရိတ်များကို လျော့ကျစေရေးအတွက် ကုန်သွယ်မှုပြုရာမှာ ပိုမိုလွယ်ကူချောမွေ့စေမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ အရှေ့စီးပွားရေးစကြံမှာ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံဖို့အတွက် Law For Trade and Investment ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ထိုင်းပါလီမန်ကနေ ခွင့်ပြုခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ ပင်လယ်ကွေ့အလျားမိုင်စတုရန်း ၁၃၂၈၅ ကီလိုမီတာရှည်လျားတဲ့ အရှေ့ပိုင်းဒေသ ၃ ခုဖြစ်တဲ့ ရနောင်း၊ ချွန်ဘူရီနဲ့ ချချွန်ဆောင်းတို့ကို ၂၀၂၁ ခုနှစ်မှာ အာဆီယံဒေသတွင်း စီးပွားရေးအရ ဦးဆောင်တဲ့ နယ်မြေဖြစ်လာဖို့အတွက် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီဒေသ ၃ ခုမှာ ကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ နည်းပညာဗဟိုအချက်အချာဒေသများဖြစ်လာဖို့အတွက် အာဆီယံဒေသအတွင်း ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းအရ ချိတ်ဆက်နိုင်ဖို့အတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ဖို့ Thailand's Board of Investment (BOI) က ဆိုထားပါတယ်။ EEC အနေဖြင့် ရှေ့လာမယ့် ငါးနှစ်အတွင်းမှာ နိုင်ငံတော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အစိုးရ-ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွေကနေ အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံကို ရဖို့မျှော်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်အလုပ်အကိုင် အခွင့်အလမ်းတစ်သိန်း ဖန်တီးပေးနိုင်မယ်လို့ မျှော်မှန်းထားတဲ့အတွက် ထိုင်းနိုင်ငံရဲ့ အရှေ့စီးပွားရေးစကြံဟာ အာဆီယံမှာ အရေးပါတဲ့ ရင်းနှီးမြှုပ်နှံမှုအချက်အချာကျတဲ့နေရာ တစ်ခုဖြစ်လာတော့မှာ ဖြစ်ပါတယ်။ ■

**စာမျက်နှာ (၂၀) အစားအသောက်များ ဘေးကင်းလုံခြုံဖို့ အားလုံးဆောင်ရွက်ကြပါစို့ . . . မှအဆက်**

အပြန်အလှန်အားဖြင့် မိမိဝန်ထမ်းများ၏ မခိုမကပ်ဘဲ မိမိလုပ်ငန်းကဲ့သို့ သဘောထားကာ လုပ်ငန်းတိုးတက်ရေး၊ အောင်မြင်ရေး၊ ရေရှည်တည်တံ့ရေး၊ အကျိုးအမြတ်ရရှိရေး၊ စားသုံးသူများကို စေတနာထားဆောင်ရွက်ရေးအတွက် အလေးထားဆောင်ရွက်လာကြမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ကာယအား၊ ဉာဏအား၊ ဝီရိယအားများဖြင့် ပြည့်စုံသော၊ ကျန်းမာကြံ့ခိုင်သန်စွမ်းပျော်ရွှင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရှိရပေမည်။ ထိုသို့ဖြစ်ရန် နိုင်ငံသားတစ်ဦးချင်းမှစ၍ စားရေးကိစ္စများ ဆောင်ရွက်ရာတွင် ဘေးဥပဒ် အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ထုတ်လုပ်ထားခြင်းဟုတ်/မဟုတ်၊ သတင်းအချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ/မရှိ သတိပြုရမည်။ သို့မှသာ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးလုံး ကျန်းမာကြံ့ခိုင်ပျော်ရွှင်စွာ အသက်ရှည်ရှည် အနာရောဂါ ကင်းရှင်းစွာ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကင်းဝေးစွာနေထိုင်နိုင်မည်။ လုပ်ငန်းတာဝန်များကို အင်ပြည့်အားပြည့်ဆောင်ရွက် လုပ်ကိုင်နိုင်မည်ဖြစ်၍ စားသုံးသူများ အားလုံးသည် အစားအသောက်များ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် အသိတရား လက်ကိုင်ထား၍ သတိထား ရွေးချယ်ဝယ်ယူစားသုံးကြပါရန်နှင့် လုပ်ငန်းရှင်များကလည်း ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော အစားအသောက်များကိုသာ ထုတ်လုပ်၊ သယ်ယူ၊ သိုလှောင်၊ ထိန်းသိမ်း၊ ကြော်ငြာ၊ ရောင်းချ၊ ဖြန့်ဖြူးကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနထုတ်လုပ်မှုကွင်းဆက် ပြုပြင်မွမ်းမံရန် နှိုးဆော်

ကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုသည် ကမ္ဘာ့ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ကို ကသောင်းကနင်းဖြစ်စေခဲ့သဖြင့် နိုင်ငံတကာ အသိုက်အဝန်းအကြား အလားတူအဖြစ်မျိုးမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဝိုင်းဝန်းကြိုးပမ်းကြရန် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (METI) က တိုက်တွန်းနှိုးဆော်လိုက်ကြောင်း ဇူလိုင် ၇ ရက်တွင် ယင်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ကုန်သွယ်ရေးဆိုင်ရာ Annual White Paper တွင် ဖော်ပြထားသည်။




အဆိုပါ Annual White Paper တွင် ကိုရိုနာကပ်ရောဂါပြန့်ပွားမှုကြောင့် နယ်စပ်ဒေသများ ယာယီပိတ်သိမ်းခဲ့ရမှု၊ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာခဲ့ရမှုတို့သည် ၁၉၃၀ ပြည့်နှစ်ကာလများက ကြုံတွေ့ခဲ့ရသည့် အဆိုးရွားဆုံးသော စီးပွားရေးပျက်ကပ်ထက်ပင် ထိခိုက်မှုသာလွန်ခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံမှ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများ ထုတ်လုပ်မှု/တင်ပို့မှုများ ရပ်ဆိုင်းသွားခြင်းသည် ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းအပေါ်များစွာ နစ်နာစေခဲ့ကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် အလားတူအကျပ်အတည်းမျိုးမှ ကျော်လွှားနိုင်ရန် ထုတ်လုပ်မှုနှင့် ဝယ်ယူမှု ဒေသအရင်းအမြစ်များကို ဖြန့်ကြက်ထားရန် လိုအပ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ကမ္ဘာ့စီးပွားရေး၏ ၂၀၂၀ ပြည့်နှစ် အခြေအနေသည် ယခင် ၂၀၁၉ ခုနှစ်ကထက် ၄ ဒမသ ၉ ရာခိုင်နှုန်းခန့် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ မူလခန့်မှန်းထားသည်ထက်ပင် ပြင်းထန်နိုင်မည်ဖြစ်ကြောင်း ဇွန်လအတွင်းက သုံးသပ်ပြောကြားခဲ့သည်။

နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် အကျပ်အတည်းများကို ပြောင်းလွယ်ပြင်လွယ် ရင်ဆိုင်တုံ့ပြန်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိမည့် ခိုင်မာအားကောင်းသော လူမှု စီးပွားစနစ်တစ်ခုကိုပူးပေါင်းအကောင်အထည်ဖော်ကြရန် အဆိုပါထုတ်ပြန်ချက်တွင် တိုက်တွန်းနှိုးဆော်ထားသည်။

တစ်ဆက်တည်းမှာပင် အချို့သော ကမ္ဘာ့နိုင်ငံများက ကိုရိုနာကပ်ရောဂါကို ရင်ဆိုင်နိုင်ရန် နှာခေါင်းစည်းများ၊ အသက်ရှူစက်များကဲ့သို့ ဆေးဝါးဆက်စပ်ပစ္စည်းများ တင်ပို့မှု တားမြစ်ခြင်းကဲ့သို့ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ချက်များသည် ထုတ်လုပ်မှုကွင်းဆက်ကို ပြတ်တောက်စေနိုင်ကြောင်း ဝေဖန်ထောက်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဆိုအရ ပြီးခဲ့သည့် ဧပြီလနှောင်းပိုင်းမှအစပြုကာ ကမ္ဘာ့နိုင်ငံ ၈၀ ခန့်သည် အချို့သော ကုန်ပစ္စည်းများအပေါ် ပို့ကုန်ပိုင်းကန့်သတ်ပိတ်ပင်ခြင်းများ ကျင့်သုံးဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံစုံကုန်သွယ်ရေးစနစ်သည် အမေရိကန်နှင့် တရုတ်တို့အကြား ကုန်သွယ်ရေးအငြင်းပွားမှုများ၊ အမေရိကန်သမ္မတ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခြင်းနှင့် ဗြိတိန်နိုင်ငံ၏ ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်းများ အပါအဝင် မကြုံစဖူး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

ကပ်ရောဂါဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးသည် ဒစ်ဂျစ်တယ်စီးပွားရေးအသွင် အလျင်အမြန်ပြောင်းလဲလာပြီး e-commerce နှင့် remote working စနစ်ပုံစံများ တွင်ကျယ်လာသည်။ နည်းပညာ၏ အကျိုးကျေးဇူးကို အသုံးချ၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် အရေးပါသည့် လူပုဂ္ဂိုလ်များ၏ ခရီးသွားလာမှုကန့်သတ်ချက်များကို ဘေးကင်းစေသည့် နည်းလမ်းများရှာဖွေကာ စတင်ဖြေလျှော့ဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

ဂျပန်နိုင်ငံသည် လက်ရှိ၌ ကမ္ဘာ့နိုင်ငံ ၁၂၉ နိုင်ငံမှ ခရီးသွားများ ဝင်ထွက်သွားလာခွင့်ကို ပိတ်ပင်ထားသော်လည်း ဩစတြေးလျနှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေးအသိုက်အဝန်းများနှင့် ပြန်လည် လမ်းဖွင့်ဆက်သွယ်ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိသည်။

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ တိုကျိုမြို့။**

# မတ်ပဲတင်သွင်းခွင့်ကာလ လျှော့ချသည့်ဆုံးဖြတ်ချက်အပေါ် မူလအတိုင်း ပြင်ဆင်ပေးရန် အိန္ဒိယကုန်သည်များတောင်းဆို

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၂-၅-၂၀၂၀ ရက်တွင် ကျင်းပသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ အထောက်အကူပြု ကော်မတီအစည်းအဝေး၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန်လေးသိန်းအား မူလက ၃၁-၃-၂၀၂၁ ရက်နောက်ဆုံးထား၍ အိန္ဒိယဆိပ်ကမ်းသို့ အရောက်တင်သွင်းရန် ခွင့်ပြုထားခြင်းကို ပယ်ဖျက်ပြီး ၃၁-၈-၂၀၂၀ ရက်နောက်ဆုံးထား တင်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ၂၂-၅-၂၀၂၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် S.O.1605(E) ကို ထုတ်ပြန်လျက် မတ်ပဲများ နောက်ဆုံးထားတင်သွင်းရမည့် အဆိုပါနေ့ရက်ကို အတည်ပြု ပြင်ဆင်သတ်မှတ်ခဲ့သည်။

သို့ဖြစ်ရာ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်ကာလ တိုတောင်းခြင်းကြောင့် ပြည်တွင်းဈေးကွက်သို့ တင်သွင်းရန် ဝယ်လိုအားမြင့်တက်မှုကိုဖြစ်ပေါ်ခဲ့ပြီး အကျိုးဆက်အားဖြင့် မတ်ပဲများအဓိကတင်ပို့သည့် မြန်မာနိုင်ငံဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ၁၂-၅-၂၀၂၀ ရက်မှ ၂၈-၆-၂၀၂၀ ရက်အတွင်း မြန်မာနိုင်ငံ၌ မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀ မှ ၁၀၀ အကြား ပိုမိုမြင့်တက်လာခဲ့ကြောင်း၊ အိန္ဒိယပဲကုန်သည်အများစုသည် မတ်ပဲများတင်သွင်းရန် သွင်းကုန်လိုင်စင်များ မရရှိသေးသဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မည့် ကာလမှာ နှစ်လမျှသာ ကျန်ရှိကြောင်းဖြင့် အိန္ဒိယ ပဲခွဲစက်လုပ်ငန်းများအသင်း (All India Dal Millers' Association) ၏ ဥက္ကဋ္ဌ Mr. Suresh Agarwal က Economic Times သတင်းဌာနသို့ ပြောကြားသည်။

သို့ရာတွင် အိန္ဒိယ ကောက်ပဲ သီးနှံကုန်သည်များအသင်း (Indian Pulses and Grains Association) မှ ဒုတိယဥက္ကဋ္ဌ Mr. Bimal Kothari က မတ်ပဲတင်သွင်း ကာလအားခြောက်လခန့်လျှော့ချရန် ဆုံးဖြတ်ချက်ချမှတ်မှုကို ကြိုဆိုပြီး ပြည်တွင်း၌ မတ်ပဲမိုးသီးနှံ စိုက်ပျိုးထွက်ရှိချိန်တွင် သွင်းကုန်ကြောင့် ပြည်တွင်းထုတ်ကုန်ဈေးနှုန်းများ ကျဆင်းမှု မဖြစ်စေရေး လုပ်ဆောင်နိုင်ခြင်းဖြစ်ကြောင်း ပြောဆိုသည်။ သို့သော် ပဲနီလေးများ ပြည်ပမှတင်သွင်း မှုအပေါ် ကောက်ခံလျက်ရှိသည့် သွင်းကုန်ခွန်အား ၃၃ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းသို့ လျှော့ချပေးမှုနှင့်စပ်လျဉ်း၍ ကနေဒါနှင့် ဩစတြေးလျနိုင်ငံများရှိကုန်သည်များနှင့် လယ်သမားများက ဈေးနှုန်းများမြှင့်တင်ခဲ့ရာ ကုန်လက်ကျန်များစွာရှိနေသည့် နိုင်ငံတကာကုန်သည်များကသာ အကျိုးအမြတ်ပိုမိုဖြစ်ထွန်းပြီး ပြည်တွင်း လက်လီဈေးကွက်၌ ဈေးနှုန်းများမြင့်တက်နေခြင်းအား သက်သာမှု ဖြစ်ပေါ်စေခြင်း မရှိကြောင်း ၎င်းက ဝေဖန်ပြောဆိုပါသည်။

Economic Times သတင်းဌာန၏ ဖော်ပြချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန်လေးသိန်းအား ၃၁-၈-၂၀၂၀ ရက် နောက်ဆုံးထားတင်သွင်းရန် ပြင်ဆင်သတ်မှတ်ခဲ့မှုအပေါ် မူလက အမိန့်ထုတ်ပြန်ထားခဲ့သော နေ့ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်သို့ ပြန်လည်ပြင်ဆင်ပေးရန် အိန္ဒိယပဲခွဲစက်လုပ်ငန်းများ အသင်းက ဝန်ကြီးချုပ်နာရင်ဒရာမိုဒီထံ စာရေးသားပေးပို့ တောင်းဆိုထားကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ထိုင်းနိုင်ငံတွင် စက်ရုံအလုပ်ရုံပေါင်း ၄၀၄ ရုံ ပိတ်သိမ်းခဲ့ရ

၂၀၂၀ ပြည့်နှစ် ပထမ ခြောက်လပတ်အတွင်း ထိုင်းနိုင်ငံတွင်စက်ရုံ အလုပ်သမား ၁၆၆၈၀ ခန့်အထိ အလုပ်ပြုတ်ခဲ့ပြီး စက်ရုံ အလုပ်ရုံ ၄၀၄ ရုံ ပိတ်သိမ်းခဲ့ရကြောင်း ထိုင်းစက်မှုလုပ်ငန်းဦးစီးဌာန Department of Industrial works (DIW) က ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့် ပိတ်ဆို့မှုများကြောင့် ယခုပိတ်လိုက်သော စီးပွားရေးလုပ်ငန်းအများစုမှာ SMEsလုပ်ငန်းငယ်များဖြစ်ကြောင်း။ သို့သော်လည်း ယင်းကစီးပွားရေးအပေါ် ဖိစီးမှုများ ဖြစ်ပေါ်စေနိုင်လိမ့်မည် မဟုတ်ကြောင်း DIW ၏ ညွှန်ကြားရေးမှူးချုပ် Prakob Vivitjinda က ပြောကြားခဲ့သည်။ ၂၀၁၉ခုနှစ်အလားတူကာလအတွင်း၌လည်း ထိုင်းနိုင်ငံ တွင်စက်ရုံပေါင်း ၆၆၆ ရုံ အပြီးပိတ်သိမ်းခဲ့ကြောင်း၊ သို့ဖြစ်၍ DIW အနေဖြင့် စက်ရုံများပိတ်သိမ်းမှုအပေါ် အမှန်တကယ်မစိုးရိမ်ကြောင်း၊ ၎င်းမှာ ပုံမှန်လိုဖြစ်နေခြင်းကြောင့်ဟု ပြောကြားခဲ့သည်။

ယခုနှစ် ပထမခြောက်လအတွင်း ထိုင်းနိုင်ငံ၌ စက်ရုံပေါင်း ၁၇၀၂ ရုံမှာ မှတ်ပုံတင်ခြင်း ပြုလုပ်ခဲ့ကြကြောင်းနှင့် ၎င်းမှာနှစ်အလိုက်တွင် ၁၀ ဒသမ ၂ ရာခိုင်နှုန်း တိုးလာခြင်း ဖြစ်ကြောင်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဘတ်ငွေ ၁၇၄ ဒသမ ၈ ဘီလီယံ ရှိကာ နှစ်အလိုက်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်၏အပြည့်အဝ သက်ရောက်မှုကြောင့် ယခုနှစ် ပထမနှစ်ဝက်အတွင်း စက်ရုံများအပေါ် မည်ကဲ့သို့ သက်ရောက်သည်ကို တိုင်းတာ ခန့်မှန်းရန်ခက်ခဲကြောင်း Mr.Prakob က ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် ၎င်းတို့ထုတ်လုပ်မှုအခြေစိုက်စခန်းများကို အာဆီယံနှင့် ထိုင်းနိုင်ငံများသို့ ရွှေ့ပြောင်းလိုသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် စိတ်အားထက်သန်လျက်ရှိကာ ကပ်ရောဂါကို ထိရောက်စွာ ကိုင်တွယ်နိုင်သော ဒေသတွင်း စွမ်းဆောင်ရည်က အဆိုပါစီးပွားရေးလုပ်ငန်းများကို လာရောက်ချဲ့ထွင် လုပ်ကိုင်ရန်အဓိက ဆွဲဆောင်မှုအချက်ဟု ယုံကြည်ထားသည်။

DIW အနေဖြင့် ပြည်တွင်းစက်ရုံများကို အထောက်အပံ့ပေးရန် တန်ဖိုးငွေဘတ် ၁၄၈ ဘီလီယံရှိသော စီမံကိန်း ငါးခုပါဝင်သည့် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံချက်အား စက်မှုဝန်ကြီးဌာနသို့ အဆိုပြုတင်ပြထားကြောင်း Mr. Prakob က ပြောကြားခဲ့သည်။ ဌာနအနေဖြင့် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စက်ယန္တရားများ ငှားရမ်းရေးအစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြည်တွင်းဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးလျက်ရှိသည်။ အစိုးရအနေဖြင့် အတိုးနှုန်းနည်းပါးသောချေးငွေ soft loans များဖြင့် စက်ရုံများကို အထောက်အပံ့များပေးလိုသည်။ စက်ရုံလုပ်ငန်းရှင်များအနေဖြင့် ကယ်ဆယ်ရေးအစီအမံအတွက် ၎င်းတို့၏ အယူအဆများကို DIW သို့ အဆိုပြုတင်နိုင်သည်။ အစိုးရအနေဖြင့် ဘဏ္ဍာရေးအဖွဲ့အစည်းများသို့ တင်ပြရန် အတွက်စက်ယန္တရားများကို မှတ်ပုံတင်ပြီး အကဲဖြတ်လိမ့်မည်ဖြစ်သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဗန်ကောက်မြို့။**

Vol: 20, No.21 Monday July 13 2020

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ကိုရီးယားသံရုံးမှ သံရုံးဒုတိယအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သည့် တာဝန်ရှိသူများသည် ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲဖြစ်သူ Mr. Hahm Jeong-han ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူနှင့် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကိုရီးယားနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. HahmJeong-han၊ Ms. Oh Yauna (First Secretary)၊ Ms. MyatHter Pan(Secretary to Minister counselor)၊ KOICA Mr. Kim Jihoon (Senior Deputy Representative) နှင့် Ms. KhinPhyu Phyu San (Program Officer) တို့တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ ကိုရီးယားသမ္မတနိုင်ငံ ODA အစီအစဉ်ဖြင့် KOICA ၏ အထောက်အပံ့၊ KOTRA ၏ နည်းပညာအကူအညီနှင့် ဆောင်ရွက်ခဲ့သော MYANTRADE ဖွဲ့စည်းတည်ထောင်မှု Master Plan မှ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေ၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ-ကိုရီးယား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကိုဆောင်ရွက်မည့်ကိစ္စရပ်များ၊ ၂၀၁၉ ခုနှစ်အတွင်း ကိုရီးယားနိုင်ငံသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် "MOU on the Establishment of the Korea Desk"အရ Korea Desk ဖွင့်လှစ်နိုင်ရေးနှင့်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်လုပ်ကိုင်သည့် ကိုရီးယား ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများ ဖြေရှင်းပေးရန်၊ လုပ်ငန်းများလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန်၊ မြန်မာပို့ကုန်လုပ်ငန်းရှင်များ ကိုရီးယားဈေးကွက်ကို ဝင်ရောက်နိုင်ရေးကူညီပေးရန် Korea Desk ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဖြိုးဖြိုးသိမ့်(Myantrade)**

## အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် တရုတ်နိုင်ငံ ရည်ရွယ်ထား


အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN)သည် တရုတ်နိုင်ငံ၏ အရေးကြီးသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသဖြင့် တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာ ဗိုင်းရပ်စ် စတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစတင်၍ အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် ဥရောပသမဂ္ဂနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့နှင့် ကုန်သွယ်မှုကျဆင်းခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ပထမငါးလတာကာလအတွင်း အကောက်ခွန်ဌာနမှ ထုတ်ပြန်ခဲ့သည့်အချက်အလက်များအရ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ ၁ ဒသမ ၇ ထရီလီယံယွမ် အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံရရှိခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်၊ ကာလတူထက် ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့သည်။ ထိုကဲ့သို့ အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှု တိုးတက်လာခဲ့ခြင်းသည် အပြန်အလှန်ကုန်သွယ်မှုဖွံ့ဖြိုး နိုင်မည့် အလားအလာများအား ထင်ဟပ်ပြသနေခြင်း ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူပူးပေါင်း၍ စက်မှုနှင့်တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် တည်ငြိမ်မှုရှိစေရန် သက်ဆိုင်ရာဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ စီမံဆောင်ရွက်မှုများအား အပြည့်အဝ အသုံးချခြင်းဖြင့် ယခုအနေအထားအား ဆက်လက်တည်ရှိစေလိုသည်။ အလားတူပင် လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်နိုင်ရန် ထောက်ပံ့ပေးမှုများ ဆက်လက် လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ တရုတ်နှင့် အာဆီယံနိုင်ငံများသည် စီးပွားရေးအရ အပြန်အလှန် မှီခိုလျက်ရှိသည်။

နှစ်ဖက်စလုံးအနေဖြင့် အကျိုးကျေးဇူးများရရှိခဲ့ကြပြီး ကဏ္ဍစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။ အလားတူပင် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသအရ ဈေးကွက်ဖွင့်လှစ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ပေးခြင်း၊ ကမ္ဘာ့စက်မှုနှင့် တန်ဖိုး ချိတ်ဆက်ကူးပြောင်းမှုများ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Gao Feng က ပြောကြားခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စီးပွားရေးအကျပ်အတည်းသို့ ဦးတည်နေချိန်တွင် တရုတ်နိုင်ငံသည် အာဆီယံ၏ အဓိကစီးပွားဖက်နိုင်ငံဖြစ်လာခဲ့ပြီး အာဆီယံနိုင်ငံများအတွက် ကြီးမားသည့် ဈေးကွက်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် စီးပွားရေးကျဆင်းခဲ့ရာမှ ပြန်လည်နာလန်ထူလာပြီဖြစ်သဖြင့် အာဆီယံနိုင်ငံများမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ integrated circuits များ၊ ရော်ဘာ၊ သံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် ကြေးနီတို့ကို ပိုမိုဝယ်ယူနိုင်ဖွယ်ရှိကြောင်း စီးပွားရေး လေ့လာသုံးသပ်သူများမှ ပြောကြားခဲ့သည်ဟု သိရှိရသည်။

**ရွှေစင်ဦး(စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**



# KYU KYU WIN
## & Associates Services Co., Ltd.

**Accounting, Auditing & Financial Consultancy Service**




Room. 603, Bldg A-3-2, Myanma Gonyi Housing,
Upper Pansodan St., (In front of Aung San Stadium),
Mingalar Taung Nyunt T/S, Yangon, Myanmar.

Tel: 01-8393452, 01-8393130, 09-443036966, 09-5385199
E-mail: kyukyuwinandassociates@gmail.com
kyu2win@gmail.com, www.kkwasco.com

# Masda Chemical Int'l Co., Ltd.

- **Flavors (အနံ့အရသာများ)** *(09-798604022)*
  - ကိတ်နှင့်မုန့်၊ အချိုရည်၊ ဖျော်ရည်၊ ဘီစကစ်၊ ကွတ်ကီး၊ ရေခဲမုန့်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အသားလုံး၊ ငါးလုံး၊ အချဉ်ရည်၊ ယို၊ ဂျယ်လီ၊ သကြားလုံး၊ အရက်နှင့် ယမကာ အနံ့အရသာများ
- **Food Color (စားသောက်ကုန်သုံး အရောင်များ – FDA approved)** *(09-798604022)*
  - အချိုရည်၊ သစ်သီးယိုစုံ၊ အချဉ်ရည်၊ ဆေးဝါး၊ အသားလုံး ငါးလုံး၊ လက်ဖက်ခြောက်သုံး ဒံပေါက်၊ ထိုးမုန့်သုံး အရောင်များ (Sunset Yellow, Tartrazine, Ponceau 4R, Apple Green, etc......)
- **Starches and additives (စားသောက်ကုန်ဖြည့်စွက်ပစ္စည်းများ)** *(09-798604021)*
  - Modified Tapioca Starch (ပြုန်လည်ပြုပြင် မွမ်းမံထားသော ပီလောပီနံကဆီ)
  - Corn Starch (ပြောင်းဖူးကဆီ)
  - Potato Starch (အာလူးကဆီ)
  - Soy Protein Isolate (SPI) (ပဲပုပ်ပရိုတင်း)
  - Tomato Paste (ခရမ်းချဉ်သီးအနှစ်)
  - Chili Paste (ငရုတ်သီးအနှစ်)
  - Soy Protein Isolate (ပဲပုပ်ပရိုတင်း)
- **Food Preservative: (စားသောက်ကုန်တာရှည်ခံပစ္စည်းများ)** *(09-798604021)*
  - Calcium Propionate တာရှည်ခံဆေး/ မှိုကာကွယ်ဆေး (မုန့်လုပ်ငန်း)
  - Sodium Propionate တာရှည်ခံဆေး/ မှိုကာကွယ်ဆေး (မုန့်လုပ်ငန်း)
  - Sodium Benzoate တာရှည်ခံဆေး/ မှိုကာကွယ်ဆေး (အဖျော်ယမကာ၊ သစ်သီးယို)
  - Benzoic Acid တာရှည်ခံပစ္စည်း (သစ်သီးဖျော်ရည်၊ အဖျော်ယမကာ)
  - Sodium Metabisulphite တာရှည်ခံဆေး (သား၊ ငါး၊ ပုစွန် တာရှည်ခံနှင့် အမဲရောင်အစက်များ ဖယ်ရှားခြင်း၊ သစ်သီးအရောင်ချွတ်ခြင်း)
  - Calcium Sulphate (ဘီယာ၊ တိုဟူး၊ ပဲပြား ပေါင်မုန့် စသည်)
  - Sodium Bicarbonate (Food) မုန့်ပွဆေး (ကိတ်မုန့်၊ ပေါင်မုန့်)

eurofragance
EFF
ROQUETTE
AMSCO
NARMADA COLOURS




- **Cosmetic , toiletary, household used** *(09-798604022)*
  - Fragrance (ရေမွှေးဆီများ) – အလှကုန်၊ ခေါင်းလိမ်းဆီ၊ ပေါင်ဒါ၊ Air Freshener ၊ ခေါင်းလျှော်ရည် ၊ ဆပ်ပြာ၊ ဆပ်ပြာဆီ ပုဂံဆေးဆပ်ပြာ နှင့် ချေးချွတ်ဆီ၊ ဖယောင်းတိုင်၊ သနပ်ခါး၊ အမွှေးတိုင်သုံးသည့် အနံ့/ အမွှေးဆီများ
  - Surfactants *(09-798604026)*
  - Betaine, SLES, LABS, CDE, etc..
    ခေါင်းလျှော်ရည်၊ ဆပ်ပြာအမျိုးမျိုး ပုဂံဆေးဆပ်ပြာ၊ ချေးချွတ်ဆီသုံးကုန်ကြမ်းများ

No. 724, Merchant Rd, Corner of 26th St., Pabedan t/s, Yangon, Myanmar.
Tel: 01-8243922, 01-8389601, 09-253709272, 09-73036922. Email: mrygnmas@gmail.com, masdachem.mm@outlook.com
www.masda.com.mm

# COMMERCE INTERNATIONAL

# ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန် ထိုင်းနိုင်ငံက စီးပွားရေးတွန်းအားပေး အစီအစဉ်ထုတ်ပြန်



နိုင်ငံ၏ခရီးသွားလုပ်ငန်းပြန်လည်ရှင်သန်စေရန် ရည်ရွယ်လျက် ထိုင်းအစိုးရကဘတ် ၂၂ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၁၈ သန်း) အကုန်အကျခံမည့် စီးပွားရေးတွန်းအားပေး အစီအစဉ်နှစ်ခုကို ၂၀၂၀ ပြည့်နှစ် ဇွန်လနှောင်းပိုင်းတွင် အတည်ပြုခဲ့ကြောင်း Aseanbriefing ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

တွန်းအားပေးအစီအစဉ်များကို We Travel Togetherနှင့် Moral Support'ဟု အမည်ပေးထားပြီး ပြည်တွင်းခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။ လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် လေယာဉ်ခရီးစဉ်များ၊ ကားငှားရမ်းခများနှင့် ဘတ်စ်ကားခများအတွက် ထောက်ပံ့ကြေးပေးခြင်း စသည့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုလုပ်ငန်း အများအပြားကို ဆောင်ရွက်ထားသည်။

ထောက်ပံ့ကြေးများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်မှ အောက်တိုဘာလအတွင်း ရရှိခံစားနိုင်မည်ဖြစ်ပြီး ဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် ကူညီခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ခရိုင်ခွဲဆေးရုံများမှ ကျန်းမာရေးလုပ်သားနှင့် စေတနာ့ဝန်ထမ်း တစ်သန်းကျော်အတွက် ပြည်တွင်းခရီးစဉ်များကိုထောက်ပံ့ပေးမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းနှင့် ပို့ကုန်လုပ်ငန်းများအပေါ် မှီခိုနေရသည့်အတွက် ထိုင်းနိုင်ငံစီးပွားရေးသည် အရှေ့တောင်အာရှဒေသတွင် စွမ်းဆောင်ရည်အညံ့ဆုံးဖြစ်မည်ဟု ခန့်မှန်းထားသည်။ ခရီးသွားလုပ်ငန်းသည်နိုင်ငံ ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းပါဝင်ပြီး ကုလသမဂ္ဂက တင်သွင်းသည့် 'COVID-19 and Tourism' အစီရင်ခံစာအရ ဤကဏ္ဍတွင် ဆုံးရှုံးမှုကြောင့် ထိုင်းနိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံ ဆုံးရှုံးနိုင်သည်။

ထိုင်းနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ဂျီဒီပီအလားအလာကို ထိုင်းဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ် မတ်လက ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားရာမှ ၂၀၂၀ ပြည့်နှစ်ဇွန်တွင် ၈ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းမည်ဟု ပြင်ဆင်ခန့်မှန်းခဲ့သည်။





## ဟွာဝေးကို ဖယ်ရှားနိုင်ရန် ဗိုဒါဖုန်းနှင့် ဘီတီတို့ အနည်းဆုံးငါးနှစ် အချိန်ယူရမည်

ဟွာဝေးကထုတ်လုပ်သော ကိရိယာများကို ဗြိတိသျှကွန်ရက်များမှ ဖယ်ရှားနိုင်ရန်အတွက် အနည်းဆုံး ငါးနှစ်ကြာမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန် ဗိုဒါဖုန်းအတွက် ပေါင် ကိုးဘီလီယံအောက် ကုန်ကျလိမ့်မည်ဟု ဗိုဒါဖုန်းနှင့် ဘီတီတို့ကပြောကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဟွာဝေးကိုကန့်သတ်နိုင်ရန် ဆောင်ရွက်မည်ဆိုပါက အချိန်နှစ်ပေါင်းများစွာ ကြာမည်ဖြစ်ကြောင်းနှင့် အသွင်ကူးပြောင်းရေး စီမံကိန်းကာလသည် အနည်းဆုံး ငါးနှစ်အထိ ကြာမြင့်နိုင်ကြောင်း ဥပဒေပြုသူများဖြင့် ဖွဲ့စည်းထားသော ကော်မတီရှေ့တွင် ဗိုဒါဖုန်းယူကေကွန်ရက်အကြီးအကဲ အန်ဒရီယာဒိုနာက ပြောသည်။ ကွန်ရက်ထဲမှ ဟွာဝေးကိုဖယ်ထုတ်မည်ဆိုပါက အနည်းဆုံးငါးနှစ် သို့မဟုတ် ခုနစ်နှစ်ကြာမည်ဖြစ်ကြောင်း အဆိုပါ ကော်မတီကို ဘီတီကုမ္ပဏီ က ပြောသည်။

အချို့ကွန်ရက်လုပ်ငန်းခွင်များတွင် ဟွာဝေးထံမှမယူတော့ဘဲ အခြားသူများထံမှ ပြောင်းလဲဝယ်ယူရန် ဘီတီကဆောင်ရွက်နေပြီဖြစ်ကြောင်း နည်းပညာအရာရှိချုပ် ဟောင်းဝပ်ဝပ်ဆင်က ပြောသည်။

5Gလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ရန် ဗြိတိန်နိုင်ငံက ဟွာဝေးကို ဇန်နဝါရီလအတွင်းက အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့သည်။ သို့သော်လည်း အမေရိကန်၏ ပိတ်ဆို့အရေးယူမှုက ကွန်ရက်သုံး ကိရိယာများ ပေးသွင်းရေးကို ထူးထူးခြားခြား ထိခိုက်နိုင်ကြောင်း ဝန်ကြီးများက ထိုအချိန်ကတည်းကပင် သတိပေးခဲ့သည်။

Don't be drastic, Say "no" to plastic
ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။

## အွန်လိုင်းချေးငွေ အက်ပလီကေးရှင်းများ သုံးစွဲခြင်းကို ဗီယက်နမ်ဝန်ကြီးဌာန သတိပေး

လူမှုလုံခြုံရေးကို ခြိမ်းခြောက်နိုင်သော အွန်လိုင်းချေးငွေ အက်ပလီကေးရှင်းများဖြင့် ဆောင်ရွက်ပေးနေသော မှောင်ခိုငွေချေးလုပ်ငန်းများ၏ အန္တရာယ်ကို ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက သတိပေးထားကြောင်း ဗီယက်နမ် နယူးအေဂျင်စီသတင်းတွင် ဖော်ပြသည်။

အွန်လိုင်းငွေချေး အက်ပလီကေးရှင်းများမှာ ယုံကြည်မှုကိုအခြေခံသော ချေးငွေလုပ်ငန်းဖြစ်ပြီး ချေးယူသူများက အာမခံပေးစရာမလိုသော ချေးငွေလုပ်ငန်းဖြစ်သည်။ ငွေပေးငွေယူလုပ်ငန်းများကို ဝက်ဘ်ဆိုက်၊ အွန်လိုင်းအိတ်ချိန်းနှင့် စမတ်ဖုန်းများတွင် ထည့်ထားသော အက်ပလီကေးရှင်းများမှတစ်ဆင့် အွန်လိုင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

အက်ပလီကေးရှင်းမှတစ်ဆင့် ငွေထုတ်ချေးသော လုပ်ငန်းစဉ်မှာ အလွန်လွယ်ကူသည်။ ငွေချေးယူလိုသူသည်ရိုးရှင်းသော မှတ်ပုံတင်အစီအစဉ်များကို ဆောင်ရွက်ရန်သာဖြစ်သည်။ အက်ပလီကေးရှင်းကို ဒေါင်းလုပ်လုပ်ခြင်း၊ ငွေလက်ခံမည့်ငွေစာရင်းနံပါတ် စသည့် ပုဂ္ဂိုလ်ရေးအချက်အလက်များ တင်ပြခြင်း၊ မှတ်ပုံတင်ဓာတ်ပုံကို တင်ပေးခြင်းနှင့် အက်ပလီကေးရှင်းဖြင့် သူတို့ပုဂ္ဂလိကအချိတ်အဆက်များကို ချိတ်ဆက်ခွင့်ပြုခြင်း စသည်တို့ကို ဆောင်ရွက်ရန်သာဖြစ်သည်။

သို့သော်လည်း အချို့သော ငွေထုတ်ချေးသည့် အပလီကေးရှင်းများမှာ အတိုးကို အဆမတန်ယူသော မှောင်ခိုချေးငွေလုပ်ငန်းပုံစံများဖြစ်ကြောင်း၊ မမျှော်လင့်သော အကျိုးဆက်များကိုဖြစ်ပေါ်စေပြီး လူမှုဖူလုံရေးကို ထိခိုက်နိုင်ကြောင်း ဝန်ကြီးဌာနက သတိပေးထားသည်။

စွန့်စားရမည့်အန္တရာယ်များကို ရှောင်ရှားနိုင်ရန်အတွက် အွန်လိုင်းချေးငွေလုပ်ငန်း ဆောင်ရွက်သူများအကြောင်းနှင့် ချေးငွေစည်းကမ်းများကိုဂရုတစိုက်လေ့လာကြရန် ငွေချေးယူသူများကို ဝန်ကြီးဌာနက သတိပေးထားသည်။

## မောင်းသူမဲ့ယာဉ်များ ထုတ်လုပ်ရန် အလွန်နီးကပ်လာပြီဖြစ်ကြောင်း အီလွန်မတ်ပြော

လုံးဝအလိုအလျောက် မောင်းနှင်နိုင်သော ယာဉ်များကို ထုတ်လုပ်နိုင်ရန် အီလွန်မတ်၏ တက်စလာကုမ္ပဏီက အလွန် နီးကပ်နေပြီဖြစ်ကြောင်းနှင့် ယခုနှစ်အတွင်းမှာပင် ဤနည်းပညာ၏ အခြေခံများကို ဖော်ထုတ်နိုင်တော့မည်ဖြစ်ကြောင်း ဘလွန်းဘတ် သတင်းတွင် ဖော်ပြသည်။

ကြိုတင် အသံသွင်းယူထားသော ဗီဒီယိုကို ရှန်ဟဲ၌ကျင်းပသော ကမ္ဘာ့အေအိုင်ကွန်ဖရင့်တွင်ဖွင့်ပြပြီး အီလွန်မတ်က ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

တက်စလာသည် အလိုအလျောက် မောင်းနှင်မှုအဆင့် (၅) သို့မဟုတ် လူကမော်တော်ကား စတီယာရင်ကိုကိုင်ပြီး မောင်းစရာ မလိုသော အလိုအလျောက် မောင်းနိုင်သည့် အဆင့်တွင် ကြုံရသော အခြေခံစိန်ခေါ်မှုအများစုကို ဖြေရှင်းပြီးကြောင်း မစ္စတာမတ်ကပြောသည်။ တက်စလာနှင့် Space X အကြီးအကဲဖြစ်သူ မတ်က ၂၀၁၉ ခုနှစ်က ချမှတ်ထားသော ရည်မှန်းချက်များကို ထပ်မံအတည်ပြုပြောကြားသည်။

'အလိုအလျောက် မောင်းနှင်ဖို့အတွက် လိုအပ်မယ့် အခြေခံအဆင့် L5ကို ရအောင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အခြေခံစိန်ခေါ်မှုတွေ မရှိတော့ပါဘူး' ဟု မတ်က ပြောသည်။

အယ်လဖာဘက် ကုမ္ပဏီနှင့်ဂျင်နရယ်မော်တာတို့ကဲ့သို့ပင် တက်စလာကလည်း မောင်းသူမဲ့မော်တော်ကား ၁၀၀ ကို ပထမဆုံးထုတ်လုပ်နိုင်ရန် အပြင်းအထန် ကြိုးပမ်းလျက်ရှိသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါက တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေရမည်ကို အကြောင်းပြု၍စက်ရုပ်ယာဉ်မောင်းပေါ် ထွန်းရေးကို အားပေးသော်လည်း နည်းပညာဖွံ့ဖြိုးရေးအတွက် လိုအပ်သော ဓာတ်ခွဲခန်းနှင့် စက်ရုံများကို ပိတ်ထားရသော အဖြစ်မျိုးကို ဖန်တီးပေးလျက်ရှိသည်။

စံမီအောင် စုစည်းသည်